www.burmeseclassic.com

# မောင်လှမျိုး

၊ချင်းချောင်းခြံ၊

## ဒေင်ဇော်ဥယျာဉ်တော်ဘွဲ့



www.burmeseclassic.com

www.burmeseclassic.com

တင်တင်အုန်း
စီစဉ်သည်

စိန်သရဖူ
စာပေ

အမှတ်(၆၆)၊ ပထမထပ်၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၂၁၇၅၂

# မောင်လှမျိုး (ချင်းချောင်းခြံ)

## ဓေင်၏ဥယျာဉ်တော်ဘွဲ့

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၄၀၅၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၈၂၀၅၀၁
မျက်နှာဖုံးပန်းချီ - မင်းမြင့်နိုင်

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၅-ခုနှစ်၊ ဒီဇင်ဘာလ
စာအုပ်ရေ-၅၀၀ အုပ်၊ တန်ဖိုး- ၅၀ ကျပ်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)၊
ကလျာပုံနှိပ်တိုက်
အမှတ်-၁၅၂၊ ကျွန်းချောင်မြိုင်လမ်း
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်တင်တင်အုန်း (၀၃၇၄၈)၊ စိန်သရဖူစာပေ
အမှတ် (၇၀, ၇၂)၊ ၂၃-လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)

# ဒေဝီ၏ ဥယျာဉ်တော်ဘွဲ့

www.burmeseclassic.com

www.burmeseclassic.com

ထာဝရအရှင် ဘုရားသခင်သည် မြွေကိုခေါ်၍ သင်သည် ဤအမှုကို ပြုသောကြောင့်၊ သားယဉ်၊ သားရဲအပေါင်းတို့ထက် ကျိန်ခြင်းကို ခံရ၏။ သင်သည် ဝမ်းပြင်သွား၍ မြေမှုန့်ကို တစ်သက်လုံး စားရမည်။– သင်နှင့် မိန်းမကိုငင်း၊ သင်၏ အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုငင်း၊ ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။

မိန်းမကိုလည်း၊ သင်၌ ကိုယ်ဝန်ဆောင်ခြင်းဝေဒနာကို ငါ အလွန်များပြားစေမည်။ ပင်ပန်းစွာ ဝေဒနာကိုခံ၍ သားသွားရမည်။ ကိုယ်ခင်ပွန်း၏ အလိုသို့လိုက်၍၊ သူ၏ အုပ်စိုးခြင်းကိုလည်း ခံရမည်ဟု မိန့်တော်မူ၏။– ယောကျ်ားကိုလည်း၊ ထိုအပင်၏အသီးကို မစားရဟု ငါ ပညတ်သော်လည်း၊ သင်သည် မယား၏စကားကို နားထောင်၍ စားမိသောကြောင့် မြေသည် သင်၏အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။ မြေ၏အသီးကို တစ်သက်ပတ်လုံး ပင်ပန်းစွာ စားရမည်။– ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင်အဘို့ မြေပေါက်စေမည်။ လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။– သင်ထွက်ရာ မြေသို့ မပြန်မှီတိုင်အောင်၊ သင်၏မျက်နှာမှ ချွေးထွက်လျက် အစာကို စားရမည်။ အကြောင်းမူကား၊ သင်သည် မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်ဟု မိန့်တော်မူ၏။

(ကမ္ဘာဦးကျမ်း–၃း၁၄၊၁၅၊၁၆၊၁၇၊၁၈၊၁၉)

www.burmeseclassic.com

အချစ်ကို ခံစားနိုင်ဖို့
ပုဒ်မ.တစ်ခုခုတပ်ပြီး စီရင်ချက်ချမယ်ဆိုရင်၊
ချစ်ခြင်းရဲ့ အပြစ်ဒဏ်ကို
တစ်သက်တစ်ကျွန်း ခံယူလိုက်မယ်။

လူသားကို
ဘုရားသခင် မကြည့်ဖြူခဲ့လျှင်၊
"အချစ်" ကိုပါ
ဖယ်ဖျောက်သွားတော်မူပါ...။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## (၁)

အမည်မသိ။

နေရပ်လိပ်စာမသိ။ သို့သော်...,

ကျွန်တော် သူ့ကို သိသည်။

ကျွန်တော်တို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်၏ မျက်နှာစာရှိ ပလက်ဖောင်းပေါ်မှ နံနက်ကိုးနာရီထိုးတိုင်း၊ သူ...ဖြတ်လျှောက်သွားသည်။

လှုပ,ကြော့ရှင်းစွာ၊ ကျွမ်းမြေကြီးစွာ၊ တည်ကြည်စွာသော၊ ကိုယ်နေဟန်ထားခြေလှမ်းများဖြင့်၊ သူ...ဖြတ်သန်းသွား,လာနေကျ ဖြစ်၏။ ည,ခုနစ်နာရီပတ်ဝန်းကျင်သည်၊ သူ...ပြန်လာနေကျ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

ကျွန်တော်ထိုင်နေရာ လက်ဖက်ရည်ဆိုင်စားပွဲ၏ ခပ်လှမ်းလှမ်းတွင်၊ သူသူငယ်ချင်းတစ်ယောက်နှင့် နှုတ်ဆက်ရယ်မောကာ၊ မတ်တတ်ရပ်၍ စကားပြောနေသည်ကို၊ ကျွန်တော် နီးနီးကပ်ကပ် တစ်ခါမြင်ဖူးသည်။ ထိုစဉ်က... သူရယ်မောသည့်အခါ၊ သူ့အပေါ်ယံ သွားတန်းလေး၏ ညာဘက်ထောင့်အစွန်းတွင်၊ ချွန်ထက်ထက် သွားတက်လေးတစ်ချောင်းကိုပါ၊ မှတ်သားစွဲမက်စွာ၊ ကျွန်တော် မြင်တွေ့ခွင့်ရခဲ့သည်။

သူ့ကို ကျွန်တော် သိသည်မှာ၊ ဆယ်ရက်ခန့်သာရှိသေး၏။ အလုပ်သွားသည်၊ အလုပ်ပြန်သည်ဟုသာ၊ ကျွန်တော် ယူဆ,ဖြစ်သည်။ ဘယ်မှာနေ၍ ဘယ်မှာ လုပ်ကိုင်သည်ကို၊ ကျွန်တော် မသိသေး။ သူ့အလုပ်သွားချိန်၊ အလုပ်ပြန်ချိန်နှင့်၊ သူ့သွားတက်ကလေးကို သိသည်မှအပ၊ ကျွန်တော် ဘာမျှ မသိသေး။

အမည်မသိ။

နေရပ်လိပ်စာမသိ။ သို့သော်...,

ကျွန်တော် သူ့ကို သိသည်။

●





"မင်း သွားတက်ကလေးအကြောင်း။ မင်း...ဘာတွေ သိပြီလဲ"

ယုယ၏ အမေးစကားသံက ရိသဲ့သဲ့လေသံ။ ထို့ကြောင့် ကျွန်တော်က၊ မထီမဲ့မြင် မျက်နှာထားဖြင့်,

"သိတာတွေ အများကြီးပဲ"

"မင်းပြောတော့၊ နာမည်တောင် မသိသေးဘူးဆို"...ဟု၊ ကြည်နူးက, တအံ့တသြ မေးသည်။ ယုယက...,

"ကဲ...။ အများကြီးပဲ သိထားတယ်ဆိုရင် ငါတို့ကို ပြောပြစမ်းပါ။ ဘာတွေ သိထားတာလဲ"

ကျွန်တော်က၊ မဆိုင်းမတွ,

"လှတယ်။ ချောတယ်။ ယဉ်တယ်။ ကုန္ဒြေရှိတယ်။ ချစ်စရာကောင်းတယ်။ ကျက်သရေရှိတယ်။

အသားဖြူတယ်၊ ဝင်းပတယ်။ သွားတက်ကလေး တစ်ချောင်းရှိတယ်"

"အဲဒါ...။ မင်းသိတာ အကုန်ပဲလား"

"မကုန်သေးဘူး။ တစ်ခုကျန်သေးတယ်"

"ဘာလဲ"

"ငါ...။ သူ့ကို အရမ်းချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အရှူး"...ဟု၊ ယုယက၊ မယုမယ် ပြောလေသည်။

"ဟုတ်တယ်။ ရူးမတတ်ချစ်တယ်ကွာ"

"မင်းထင်။ မင်း ပေါ့ပျက်ပျက်ပြောမနေနဲ့။ ငါ...အတည်ပြောနေတာ။

မင်း ချစ်တယ် ကြိုက်တယ်ဆိုရင်၊ အမြန်လှုပ်ရှား။ သူ့မှာ၊ ချစ်သူရည်းစားတွေ ဘာတွေညာတွေ ရှိနေပြီသားဆိုရင်၊ မင်း..., ဟက်တက်ကြီးအသည်းကွဲသွားလိမ့်မယ်"

"မရှိလောက်ပါဘူး"...ဟု၊ ကျွန်တော် ရင်တစ်ထိတ်မှုပြောဖြစ်သည်။

"မရှိဘူး ရှိတယ်၊ မင်း ဘာလို့ ပြောနိုင်မလဲ"

"ချစ်သူရည်းစားရှိမှတော့၊ သူ့အလုပ်သွားအလုပ်ပြန်၊ သူ့ချစ်သူက၊ သူ့နံဘေးမှာ၊ ဖယ်ရီလုပ်ပေးနေမှာပေါ့ကွ"

"အဲဒီ့ထင်မြင်သုံးသပ်ချက်၊ မရေရာဘူး"

ကြည်နူးက၊ ခေါင်းခါလျက် ဝင်ပြောသည်။ ကျွန်တော် သက်ပြင်းတစ်ချက်ချလိုက်သည်။ ပြီးမှ...

"သူ့ချစ်သူ ရှိတယ်ကွ။ ဒါပေမဲ့ သူ့





ချစ်သူက၊ မအားဘူး။ အလုပ်ရှုပ်နေတယ်"

"ဘယ်သူလဲ"

ကြည်နူးက၊ အလောတကြီး မေး၏။ ကျွန်တော်က...,

"ငါပဲလေ"

နေ့စဉ်ထုတ်သတင်းစာတစ်စောင်ကို ဖတ်ရင်း၊ အလိုမကျသော သတင်းတစ်ပုဒ်ကို ဖတ်ပြီး၊ နှာခေါင်းရှုံ့သွားသူများကဲ့သို့ ကျွန်တော့်ကို ကြည့်ပြီး၊ ယုယနှင့် ကြည်နူးတို့နှစ်ယောက်၊ မျက်နှာတွေ ရှုံ့မဲ့သွားကြ၏။

"တကယ်ပြောတာ။ အဲဒီ့ သွားတက်လေးနဲ့ ငါနဲ့၊ အကြည့်ချင်းဆုံဖူးတယ်ကွ။

အဲဒီ့ ဆုံဖူးတဲ့ အကြည့်ထဲမှာ၊ အချစ်တွေကို ငါ တွေ့တယ်"

ကြည်နူးက...,

"မင်းပြောတော့၊ ဂုဏ်ရှိတယ်ဆို။ ဂုဏ်ရှိတဲ့ မိန်းကလေးက၊ လက်ဖက်ရည်ဆိုင်ထိုင်နေတဲ့ မင်းမျက်ခွက်ကြီးကို၊ တကူးတက ကြည့်ပါ့မလား"

"ခပ်ဝေးဝေးက၊ ဝေ့ခနဲကြည့်တာပေါ့ကွ။ သူ ငါ့ကို၊ သိနေလိမ့်မယ်ထင်တယ်"

ကြည်နူးက...,



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်တယ်ပဲ ထားပါတော့ကွာ။ ဘာကြောင့် ကြည့်တယ်လို့ မင်း ထင်သလဲ"

"ချစ်ခြင်းအစ၊ မျက်လုံးက...တဲ့။ ချစ်သူတွေ ဖြစ်ဖို့ အလားအလာရှိလို့ နေမှာပေါ့"

ယုယက..

"ငါ့အထင်ပြောရမလား"

"ပြော"

"သူ့မှာပါတဲ့ ပစ္စည်းပစ္စယလေးတွေ၊ အလစ်သုတ်ခံရမှာစိုးလို့ ဘတ်(စ)ကားဂိတ်မရောက်ခင်၊ မင်းကို သတိထားပြီး ကြည့်တာ နေမှာပေါ့"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ မင်းရုပ်က, ခါးပိုက်နှိုက်ရုပ်လေ။ အလစ်သုတ်မယ့်ရုပ်"

ပက်ပက်စက်စက် အပြောခံရပါလျက်၊ ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ပြီးနောက်...,

"ခါးပိုက်နှိုက်ချင်းနှိုက်။ သူ့အသည်းနှလုံးကို၊ ခါးပိုက်နှိုက်ပစ်လိုက်မယ်။

အချစ်ကိုသာ၊ ခါးပိုက်နှိုက်လို့ရရင်၊ ငါ... သူ့ကို၊ ပန်းချင်းဝင်တိုက်ပြီး၊ အသည်းနှလုံးကို၊ ခါးပိုက်နှိုက်ပစ်လိုက်ချင်တယ်ကွာ"

"စကားအပြောအဆို၊ ဆင်ဆင်ခြင်ခြင်ပြော မင်းထင်။ မင်း, စကားအသုံးအနှုန်းတွေက၊ ရဲစခန်းရောက်မယ့် အသုံးအနှုန်းတွေ ဖြစ်နေတယ်"

"ရောက်လည်း။ မတတ်နိုင်ဘူးကွာ၊ အချစ်ကို ခါးပိုက်နှိုက်လို့ ပုဒ်မ,တစ်ခုခုတပ်ပြီး၊ စီရင်ချက်ချမယ်ဆိုရင်၊ ချစ်ခြင်းရဲ့ အပြစ်ဒဏ်ကို၊ တစ်သက်တစ်ကျွန်း ခံပစ်လိုက်မယ်။

သေဒဏ်တော့ မခံချင်ဘူးကွာ၊ သူနဲ့... သေခွဲ,ခွဲရမှာ၊ ကြောက်တယ်"

ယုယက...,

"မင်းထင်။ မင်း အဲဒီလို ကြောင်တောင်တောင်တွေ၊ ပြောပြနေဖို့ ငါ မေးနေတာ မဟုတ်ဘူး။

အဲဒီ ကောင်မ,လေးကို၊ မင်း..., ရည်းစားစကားလိုက်ပြောဖို့ ငါ..,တိုက်တွန်းနေတာကွ"

"ငါလည်း ပြောချင်တာပေါ့ကွာ။ ဒါပေမဲ့, ချစ်စကား ကြိုက်စကား၊ မြတ်နိုးတွယ်တာတဲ့ စကားကို၊ လမ်းပေါ်မှာ ပြောလိုက်မိတဲ့အခါ၊ သူ...,





www.burmeseclassic.com

www.burmeseclassic.com



သူ့တတ်ရင်၊ ငါ့ရဲ့ တစ်သက်တာ စကားလုံးတွေ၊
မ်းမ,ပေါ်ကို၊ ပြုတ်ကျကုန်မှာစိုးတယ်''

ကြည်နူးက...,

''ဘာလဲ။ မင်းက... အိမ်တိုင်ရာရောက်
သွားပြောချင်လို့လား''

''ဖြစ်နိုင်ရင်၊ သွားပြောချင်တာပေါ့''

''သူ...ဘယ်မှာနေတာလဲ''

''မသိဘူး''

''မင်း။ လဲသေလိုက်တော့ မင်းထင်''

''ငါ...မသေချင်သေးဘူး ကြည်နူး။ ငါ့
ချစ်သူ သွားတက်ကလေးရဲ့ ချစ်စကားကို မကြားရ
မချင်း။ ငါ့ နောက်ဆုံးထွက်သက်ကို၊ အောင့်ထား
လိုက်ဦးမယ်။

ချစ်တယ်...လို့ ပြောပြောချင်း၊ အသက်
ထွက်သွားမယ်ဆိုရင်လည်း၊ နောက်တစ်ဘဝစား
သူ့ကို ဆက်ချစ်ဖို့၊ ဒီခန္ဓာကိုယ်မှာပဲ၊ ချက်ချင်း
ပြန်ဝင်စားလိုက်ချင်သေးတယ်''

''ဟာ။ ပြင်းပြင်းထန်ထန်ကြီးပါလား''

''ခံစားရတာ တကယ်ပြင်းထန်တယ်ကွ။





ပြောပြနေရတာ၊ စကားလုံးမလောက်ဘူး။

ဒီကောင်...ယုယ ပြောသလို၊ ငါ...လုပ်ချင်
တာပေါ့ကွာ။ ဒါပေမဲ့ ဘဝကအခြေအနေမပေးဘူး။

ငါ့အလုပ်ချိန်က ဆယ်နာရီ။ သူ သွားတဲ့
အချိန်က ကိုးနာရီ။ ငါ ဘယ်လိုလုပ်၊ သူ့နောက်
လိုက်မလဲ''

ယုယက...,

''မင်း...အလုပ်ပြီးတာက၊ ငါးနာရီကျော်
ခြောက်နာရီပဲ။ သူ ပြန်လာချိန်က၊ ခုနစ်နာရီ။
လိုက်လို့ ရတာပဲကွ''

''စဉ်းစားတယ်။ အဲဒီ့ကိစ္စကို။ နောက်က,
တကောက်ကောက်လိုက်ပြီး၊ ဘယ်မှာနေသလဲ
ဆိုတာ၊ စုံစမ်းချင်တာပေါ့။ ဒါပေမဲ့..., မလုပ်ဖြစ်ဘူး။
နှောင့်ယှက်တယ်...လို့ ထင်မှာစိုးတယ်''

ကြည်နူးက...,

''ဘာဆိုင်လို့လဲ။ စကားလိုက်ပြောတာ
မဟုတ်သေးဘူးလေ''

''စကားလိုက်မပြောဘဲ၊ နောက်က,
တကောက်ကောက်လိုက်နေမိတာကိုက၊ မြှုလှမ်း

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားနိုင်တယ်။

မလှမ်းမကမ်းက တကောက်ကောက်လိုက်နေမိတာကို၊ အနှောင့်အယှက်ပေးတယ်ထင်ပြီး။ ချစ်သူ ငြိုငြင်မှာကို စိုးတယ်''

''မင်း...စိုးရိမ်တာတွေ များလှချည်လား''...ဟု၊ ယုယ ပြောသည်။

ကျွန်တော်က...,

''စိုးရိမ်တာ ချစ်လွန်းလို့ကွ။ ချစ်ရင် သတ္တိရှိရတယ်လို့၊ တချို့က ပြောတယ်။ ငါလည်း...,ချစ်ဖို့တော့၊ သတ္တိအပြည့်ပါကွာ။

ဒါပေမဲ့...,ချစ်သူရဲ့၊ မလိုလားမှု...ငြိုငြင်မှု...ပြစ်တင်မှု...မုန်းတီးမှုတွေကို၊ သတ္တိရှိရှိ ရင်ဆိုင်ဖို့၊ ငါ့မှာ ခံနိုင်ရည်မရှိဘူး။

ကြောက်တယ်၊ စိုးရိမ်တယ်၊ အထူးသဖြင့်၊ ချစ်လို့ ပြုမှုတဲ့အပြုအမူကို နားလည်မှုလွဲပြီး၊ ပစ်ပစ်ခါခါ မုန်းတီးမှာကို၊ အစိုးရိမ်ဆုံးပဲ''

''အဲဒါဆို၊ မင်း...,ဘာဆက်လုပ်မလဲ''

''မသိဘူး။ ဒီအတိုင်းပဲ ငေးငေးကြည့်နေချင်တယ်''





ကြည်နူးကာ...

''အဲဒါ...။ ချစ်ရာမရောက်ဘူးကွ။ ငေးရာရောက်တယ်။ အငေးမတာတ်ရင်၊ ငမ်းကြောင်ထတယ်...လို့၊ အထင်ခံရတတ်တယ်နော်''

''တစ်ခုခုပြောလို့၊ ပြောလိုက်မိ...လို့ ခါးခါးသီးသီး အငြင်းခံရတာထက်စာရင်၊ ဘာမှမပြောဘဲ၊ ဘာမှ အငြင်းမခံရတာ၊ ပိုပြီး အန္တရာယ်ကင်းမယ်ထင်တယ်''

ယုယက...,

''ဒါဆို၊ မင်း...သူ့ကို ချစ်နေပါတယ်ဆိုတာ၊ သူသိအောင်၊ မင်း ဘယ်လိုပြောမလဲ''

''ပြောမှ သိတာ၊ အချစ်မဟုတ်ဘူး။ ငါ့ရင်ထဲက၊ ချစ်စကားကို၊ သူ့ရင်ထဲက အလိုလိုကြားနိုင်လိမ့်မယ်ထင်တယ်''

''မင်း...ရူးနေပြီလား မင်းထင်''

''ယဉ်ယဉ်လေး၊ ရူးနေတယ်ပဲ ဆိုပါတော့ကွာ''ဟု၊ ရိုက်လှဲခံစားခြင်းကြီးစွာ၊ ကျွန်တော် ပြောမိသည်။

အဲမည်မသိ။ နေရပ်လိပ်စာမသိ။ သို့သော်... ကျွန်တော်၊ သူ့ကို သိသည်။ သူလည်း သိလျှင်၊ ကောင်းလိမ့်မည်။

@@@



www.burmeseclassic.com

www.burmeseclassic.com

## (၂)

. သူ ဖြတ်သွားပြီ။ နာရီဝက်ခန့်အကြာတွင်၊ ကျွန်တော်တို့ ဘာတ်(စ)ကားဂိတ်သို့ သွားကြရသည်။ အလုပ်ရှာနေသို့၊ ဆယ်နာရီ လောက်တွင် ရောက်သည်။ ညနေ ငါးနာရီခွဲလောက်တွင်၊ အလုပ် သိမ်းသည်။ ခြောက်နာရီလောက်တွင် မနက်က စီးနင်းလိုက်ပါခဲ့သည့် ဘာတ်(စ)ကားဂိတ်၏ တစ်ဖက်ကမ်းရှိ အပြန်ကားဂိတ်သို့ ရောက် သည်။

ကားလမ်းကူးသည်။ လက်ဖက်ရည်ဆိုင်တွင်၊ ထိုင်ကြပြန် သည်။ အိမ်မပြန်ဖြစ်သေး။

သူ့ပြန်အလာကို မျှော်ငေးရသည်။ မျှော်ရင်းငေးရင်းဖြင့်,



www.burmeseclassic.com

www.burmeseclassic.com



သူ ကားလမ်းကူးလာသည်ကို မြင်သည့်အခါတိုင်း၊ ကျွန်တော့် ရင်ခုန်သံတွေ ပုံမှန်မကျ။ တစ်မျှော်တည်းမျှော်၊ တစ်ငေးတည်း ငေးနေမိပါလျက်၊ တကယ်တမ်း တိတိကျကျ ရှုစိုက်ငေးမောရမည့် အခါတွင်မူ အကြည့်တို့ သတ္တိမဲ့သည်။ အငေးအမော်တို့ သေးကြောင်သည်။ ရင်ခုန်ရာမှ ရင်ထိတ်လာခဲ့ရချေ၏။

နောက်မှ တဖြောက်ဖြောက်လိုက်ဖြစ်ဖို့ မဆိုထားနှင့်၊ သူ အနားသို့ မရောက်ခင်၊ ကိုယ့်နေရာတွင် ကိုယ်၊ မတ်တတ်ရပ်ဖို့ပင် မစွမ်းသာပေ။ ဒူးခေါင်းတွင် တုန်သလိုလို တုံသလိုလို၊ မျက်နှာ တစ်ပြင်လုံးသည်လည်း ပူသလိုလို ကျဉ်သလိုလို။

ညင်သာဖြည်းဆေးစွာ ခပ်လှမ်းလှမ်းမှ သူ...ဖြတ်လျှောက် သွားခြင်းဖြစ်ပါလျက်၊ မဝံ့မရဲ ကြည့်ငေးကျန်ရစ်ခဲ့သည်။ ကျွန်တော့် ရင်ထဲတွင် အလျားလိုက်လည်းကောင်း၊ ဒေါင်လိုက်လည်းကောင်း၊ ကန့်လန့်ဖြတ်၍လည်းကောင်း၊ လှုပ်ခါပြုံးယိုင်သွားစေသည့် လျှပ်စီးလှိုင်းများ၏ ရိုက်ခတ်ခြင်းကို ခံလိုက်ရသည်။ ကမ္ဘာမျက်နှာပြင်ပမာ ယိမ်းထိုးစွာ တွန့်ကွေးစွာ ကျန်ရစ်ခဲ့ရသည်။

ချစ်ခြင်းသည်၊ သေးငယ်သော နှလုံးသား၏ ခြိမ့်မှုန်မှုကို အခြေတည်လျက်၊ ရင်ခွင်တစ်ခုလုံးအား၊ ပြင်းထန်သော လှိုင်းလုံး တို့ကို ပေါ်ထွန်းတုန်ခါစေသလား...မသိ။

ချစ်သောသူအား ရွေးနားတော်သွင်းရန်အတွက် စကား





တစ်ခွန်း၊ ချစ်သောသူအပါး ခ,စားလိုက်ပါရန်အတွက် ခြေလှမ်း တစ်လှမ်း၊ ချစ်သူသောအနား၊ သူ့ တုံ့ပြန်စကားကို၊ ကြားနာခံယူ နိုင်စွမ်းမည့် သတ္တိတစ်စုံခန့်၊ ကျွန်တော့်မှာ လိုအပ်နေလေသည်။

သတ္တိမွေးခြင်းကို၊ မိုက်ကန်းခြင်းဟု ထင်မှာစိုး။

နီးကပ်လိုခြင်းကို၊ နှောင့်ယှက်သည်ဟု မြင်မှာစိုး။

ရင်ဖွင့်ခြင်းကို၊ နှုတ်သရမ်းခြင်းဟု၊ ယိုးစွပ်ရက်စက်မှာ စိုး။

ထိုသို့သော စိုးရိမ်ခြင်းများစွာကို၊ သူငယ်ချင်းတွေ မြင်သာ စာနာတတ်အောင်လည်း၊ ကျွန်တော် ပြောမပြတတ်။

စကားအရာ မည်မျှပင် ကျွမ်းကျင်ပါစေ။

ချစ်ခြင်း၏ လွှင့်ပြင်ပေါ်တွင်၊ နှုတ်ဆွံ့အ,သွားရသူတွေ များပြောင်စွာ ရှိနေပေလိမ့်မည်။ တကယ်ချစ်သောအခါ၊ ဝေဒနာ၏ ပြင်းထန်အင်အားက၊ စကားဝေါဟာရတို့ကို သိမ်နုတ်သေးငယ်သွား စေ၏။

ထိုသို့ဖြင့်၊ နံနက်,ညနေ အချိန်နာရီတွေကို ကုန်လွန်စေ လျက်, ကျွန်တော့် ဝေဒနာ, ဒီရေမြင့်တက်နေခဲ့သည်။

●

"သူ...။ အဆောင်မှာ နေတာနဲ့ တူတယ်" ဟု အလာလမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ငေးကြည့်ရင်း၊ ကျွန်တော် ထင်မြင်ချက်ပြုသည်။

"အဲဒီဘက်ထဲမှာ အဆောင်တွေက အများကြီးပဲ။ မင်းသာ၊ နောက်က, တကောက်ကောက် လိုက်ကြည့်ထားရင်၊ အခုလောက်ဆို သူ့အဆောင်ရှေ့မှာ ရပ်စောင့်နေရုံပဲ။

အခုလို ခွေးအ,ကြီး စွဲကြိုးချထားသလို လည်ပင်း မရှည်တော့ဘူး"

ယုယ၏ အပြစ်တင်သည့်စကား။

"ဒီနေ့...ည။ နောက်က, လိုက်ကြည့်ပါလားကွာ။ ဘယ်မှာ နေတယ်ဆိုတာ သိရအောင်"...ဟု၊ ကြည့်နူးက အားမရှုရာသော လေသံဖြင့် ပြော၏။ ကျွန်တော် ပြီးစလွယ် ခေါင်းညိတ်လိုက်သည်။ (ပြီးစလွယ်ဆိုတာက, ပြီး...ပြီး...ရော...ဟု၊ ဆိုလိုခြင်းမဟုတ်။ လိုက်ရမည် မလိုက်ရမည်ကို မတွေးတော မဆုံးဖြတ်ရသေးဘဲ၊ လိုက်ရချင်သည့်စိတ်ဖြင့်၊ ခေါင်းညိတ်လိုက်ခြင်းကို၊ ဆိုလိုပါသည်)။

●

သူ့လက်ထဲမှ ထမင်းဘူးသည်၊ ပလက်ဖောင်းစွန်းဖြင့် ရိုက်မိပြီး၊ ပွင့်အံသွား၏။ ဟင်း...ထမင်းတွေ၊ ထမင်းဘူးထဲတွင် မရှိတော့





ချေ။ ပလက်ဖောင်းရှေးသည်တစ်ဦးနှင့် ဝင်တိုက်မိခြင်းဖြစ်သည်။ ဝင်တိုက်မိခြင်းဆိုသည်ထက်၊ သူ့ကို ထိုပလက်ဖောင်းရှေးသည်က ဝင်တိုက်သွားခြင်းဖြစ်သည်။

ပလက်ဖောင်းရှေးသည်အနေဖြင့်လည်း၊ ဘာကို ဘယ်လိုတွေ့ပြီး ပြေးပြေးလွှားလွှားဖြစ်သည်မသိ။ (ရှေးသည် လေးငါးဦး ထိုသို့ ပြေးပြေးလွှားလွှားဖြစ်သွားကြခြင်းဖြစ်သည်။)

ထိုပလက်ဖောင်းရှေးသည်က၊ သူ့ကို ဝင်အတိုက်၊ သူ့လက်ထဲမှ ထမင်းဘူး လွှင့်အကျ။ ပလက်ဖောင်းစွန်းဖြင့် ထမင်းဘူး ရိုက်မိ။ အဖုံးပွင့်။ ဟင်းတွေ ထမင်းတွေ၊ ပြန့်ကျဲ (မြင်ကွင်းထဲရှိ အဖြစ်အပျက်အားလုံးသည်၊ မိနစ်ပိုင်းမျှသာကြာ၏)။

ထိုအဖြစ်အပျက်များအားလုံးနှင့်ကပ်လျက်၊ ကျွန်တော်သည် အလိုအလျောက်၊ သူ့အနီးသို့ ရောက်သွားသည်။ သူ့ထမင်းဘူးလေးကို ကောက်ယူလိုက်သည်။ သူ့ထမင်းဘူးလေးက၊ ပလပ်စတစ်ဘူး ပြာပြာလေး။

ယင်းပလပ်စတစ်ဘူးလေးကို၊ သူ့အား ပြန်မပေးဘဲ၊ ကျွန်တော့်လက်ထဲမှ ထမင်းချိုင့်ကိုသာ၊ ကျွန်တော် ကမ်းပေးလိုက်သည်။ ထမင်းချိုင့်ကမ်းပေးရင်း၊ ကျွန်တော် အပြောအလွှား သိလိုက်တာ တစ်ခုရှိ၏။ သူ..., တော်တော်လှသည်။ မျက်နှာပေါ်တွင် ဝေ့ဝေ့ဝဲဝဲ ခြယ်သ,မထား။ သို့သော်..., တကယ့်အလှတရားလေး

www.burmeseclassic.com



ဖြစ်၏။

"ထမင်းဟင်း မရှိတော့တဲ့ဘူးကို ယူမသွား စေချင်လို့ပါ။ ဒါ...ကျွန်တော့် ထမင်းဘူးပါ။ ဟင်းတော့ မကောင်းဘူး။ ဘဲဥချဉ်ဟင်း"

ကျွန်တော့်စကားမဆုံးခင်၊ သူ မြူး၏။

သွားတက်ကလေးက၊ ကျွန်တော့်ကို ချောင်းကြည့်နေသည်။

"ကျွန်မဘူးပဲ ကျွန်မ ပြန်ယူသွားပါ့မယ်"

ရင်သို့... ကြည်လင်ပုံတင်စေသော၊ သံယောဇဉ်ကြိုးမျှင်ငယ် ၏ ဂီတသံ။

"ဘာမှ မပါတဲ့ ဘူးကို ပြန်မယူသွားစေ ချင်ဘူးဗျာ။ အရှက်ပြေပေါ့ဗျာ။ ကျွန်တော်နဲ့ ခင်ဗျား နဲ့က၊ သိသလိုလို ဘာလိုလိုပေါ့။ ခင်ဗျား ထမင်းဘူး ပြုတ်ကျသွားတယ်။ ကျွန်တော်က၊ ကျွန်တော့် ထမင်းချိုင့်ကို အစားပြန်လာပေးတယ်ပေါ့။

မြန်မြန်ပါဗျာ။ လက်ခံလိုက်ပါ။ လူတွေ ဝိုင်းကြည့်နေကြတယ်"

သူလက်အလှမ်းသည်၊ ကျွန်တော့် ရင်တွင်းနှလုံးသားကို ပုတ်နှိုးလိုက်သည်၊ ကမ္ဘာဦးမိုးစက်။

"ထမင်းချိုင့် ကျွန်မ ဘယ်မှာ ပြန်ပေးရ





မှာလဲ"

လက်ဖက်ရည်ဆိုင်မှာ လာပေး...ဟု ပြောမည်ပြင်ပြီးမှ ကျွန်တော် စဉ်းစားရကျပ်သွားသည်။ ထို့ကြောင့်၊

"ပြန်မပေးနဲ့တော့လေ"

"အာ...။ ပေးမယ်။ အခုတော င် ဟင်း မကောင်းလို့ မယူဘူးထင်မှာစိုးလို့ ယူတာ"

"ဟာ...။ ယူရုံမျှပြီ။ မစားဘဲတော့ မနေပါနဲ့ဗျာ"

သူ မြူး၏။

သွားတက်လေးကို၊ ကျွန်တော် ချောင်းကြည့်လိုက်သည်။

"ကျောင်းရှေ့တင်လို့ ယူတာလည်း ပါပါ တယ်။ ကျွန်မ ထမင်းဘူးက လွင့်သွားတာ။ ဘယ်လို ပြန်ကောက်ရမှန်း မသိဘူး။ အရှက်ရှက်သွားတယ်။ ရှင် ရောက်လာလို့ အရှက်မရှက်တော့တာ။

ကဲ...ဒီထမင်းချိုင့် ဘယ်မှာလာပေးရမလဲ ပြောဦး"

လမ်းအတူ လျှောက်ဖြစ်ကြသည်။ ယုယနှင့် ကြည်နူးတို့ကို ဖျတ်ခနဲသတိရလိုက်ပါလျက်၊ ကျွန်တော် လှမ်းမကြည့်မိခဲ့။

"ခင်ဗျား။ ဒီနားက မှတ်တိုင်ရဲ့ ကားစီး



www.burmeseclassic.com

www.burmeseclassic.com



မှာ မဝဲ့ုတ်လား"

သူ...ခေါင်းညိတ်သည်။

"အပြန်ကျရင်၊ ဟိုဘက်ကားမှတ်တိုင်မှာ ဆင်းတာဆိုတော့။ အဲဒီ...ကားလမ်းကူးလာမယ့် နေရာမှာ၊ ကျွန်တော် ညနေ လာစောင့်နေမယ်လေ။ ခင်ဗျား ထမင်းဘူးလေးကိုလည်း ဆေးပေးထားမယ်"

"ကျွန်မ, အလုပ်ပြန်ချိန်ကို သိလို့လား"

ဦးခေါင်းကို ဆယ်ခါလောက် ညိတ်ပြလိုက်ချင်သော်လည်း ဆယ်ခါနှင့်ညီမျှသော အရှိန်ဖြင့် ဆတ်ခနဲ ညိတ်ပြလိုက်မိသည်။

"ကျွန်မ,လည်း။ ရှင့် ချိုင့်ကို ဆေးလာမယ်နော်"

"ဟုတ်ကဲ့"

ဘတ်(စ)ကားတစ်စီး ကားဂိတ်သို့ တိုးရပ်သည်။ ကားရပ်ရာသို့၊ သူ ခြေလှမ်းပြင်၏။

"ဟို...။ ဒီနားလေးကပဲ စောင့်နေမယ်နော်။ ညနေကျရင်"

ခေါင်းကို လျှင်မြန်စွာ ညိတ်၏။

"ခင်ဗျားနာမည် ဘယ်သူလဲ"





သူ တစ်ချက်ငဲ့ကြည့်၏။

"ထမင်းဘူးကို သေသေချာချာ ဆေးလိုက်ပါ"

ပြောပြီး...,

ကားပေါ်သို့ တက်သွား၏။

သူ့လက်ထဲတွင် ကျွန်တော့် ထမင်းချိုင့်လေး ပါသွားသည်။ ထမင်းချိုင့်အတွင်းတွင်၊ ကျွန်တော့် အသည်းနှလုံးတွေ ပါသွားစေချင်သည်။

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

## (၃)

ပြည်ပ,တွင် အလုပ်,လုပ်ကိုင်နေသူများ၏ လူကြုံပါး ပစ္စည်းများကို၊ သက်ဆိုင်ရာ မိသားစုများထံသို့ ပေးပို့ရသည့်၊ လုပ်ငန်းတစ်ခုတွင်၊ ကျွန်တော်တို့ အလုပ်,လုပ်ကြသည်။

ထမင်းစားချိန်တွင်၊ ယုယနှင့် ကြည်နူးတို့ ထမင်းစားနေကြစဉ်၊ ကျွန်တော်က, သွားတက်ကလေး၏ ထမင်းဘူးကို၊ တယုတယ ဆေးကြောနေဖြစ်သည်။ ဆေးကြောသန့်စင်ပြီးသည့်အခါ၊ ယုယနှင့် ကြည်နူး၏ အနားသို့၊ ကိုယ်ကို ဆန့်လျက်၊ ရင်ကို ကော့လျက်၊ ပြုံးရွှင်စွာဖြင့်၊ ကျွန်တော် ပြောလိုက်၏။

"နာမည်က...ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဘူးလေး၏ ဘေးဘက်တွင်၊ စတစ်ကာဖြင့် ရေးထိုးထားသော အင်္ဂလိပ်စာလုံးတွေကို ပြလိုက်၏။ ထိုစာလုံးများမှာ YAMIN။

ကြည်နူးက... ထမင်းလုတ်ကို မျိုချပြီး အသံထွက်ဖတ်သည်။

"ဝိုင်.အေ.အမ်(မ).အိုင်.အန်(င)။ ယမင်း"

ယုယက၊ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး...

"နာမည်ကလည်း။ တစ်မျိုးကြီးပဲ။ အဲဒါ ကြောင့်၊ အစွယ်ပါတာဖြစ်မယ်"

"အစွယ်မဟုတ်ပါဘူးကွာ။ သွားတက်...ပါ"ဟု၊ ကျွန်တော် ပြန်ပြောသည်။

"ဘာပဲဖြစ်ဖြစ်၊ ယမင်းဆိုတဲ့ နာမည်ကတော့၊ မကောင်းဘူး"

ကြည်နူးက၊ ထမင်းဘူးကို ကြည့်ငေးခေါင်းခါပြီး၊ ပြော၏။

"ဟော့ကောင်။ ကြည်နူး။ သေသေချာ ဖတ်။ ယမမင်းမဟုတ်ဘူး။ ယမင်းကွ။ ယမင်း" နောက်ပြောင်ရယ်မောကြသည်။ ယုယက၊

"နေစမ်းပါဦး။ ထမင်းဘူးမှာ ဒီစာတန်း ပါရုံနဲ့၊ ဒါ သူ့နာမည်ပါ...လို့၊ မင်း၊ ဘာကြောင့် ပြောနိုင်တာလဲ"





ကြည်နူးက...

"အေးလေ။ လူ့နာမည်မဟုတ်တဲ့၊ ထမင်းဘူးရောင်းတဲ့ စတိုးဆိုင်နာမည်လည်း ဖြစ်နေဦးမယ်"

"စတိုးဆိုင်နာမည်မဟုတ်ဘူးကွ။ ငါ... သူ့နာမည်ကို လှမ်းမေးတော့။ ထမင်းဘူးကို သေသေချာချာ ဆေးလိုက်ပါ...လို့ သူ ပြောသွားတယ်ကွ။

အခု..., သေသေသေချာချာဆေးလို့ ဒီနာမည်ကို တွေ့တာလေ"

"မင်း၊ မှားနေပြီ...မင်းထင်။ တကယ်တော့၊ သူ့နာမည်က...ဆပ်ပြာကွ။ မှတ်ထား။

ဟိုက...ပညာသားပါပါနဲ့ ပြောသွားတာကို မင်းက...ပညာဉာဏ်နဲ့ မတွေးဘူး"

"ဘာဆိုင်လို့၊ ဆပ်ပြာဖြစ်ရမှာလဲ"...ဟု၊ ကြည်နူးကို ကျွန်တော်က..., ငြင်းခုံစွာ မေးသည်။

"ထမင်းဘူးကို သေသေချာချာ ဆေးလိုက်ပါ...လို့၊ မင်းကို ပြောသွားတယ် မဟုတ်လား"

"အေး...ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းဘူးကို မင်း ဘာနဲ့ ဆေးလဲ"

"ဆပ်ပြာနဲ့ ဆေးတာပေါ့"

"အဲဒါ...အဖြေပဲလေကွာ။ သူ့နာမည်ကို မင်းက မေးတယ်။ သူက, ဘယ်သူ ဘယ်ဝ တိတိကျကျ မပြောဘဲ၊ ထမင်းဘူးကိုပဲ၊ သေသေ ချာချာ ဆေးနိုင်းတယ်။ ထမင်းဘူးကို၊ ဆပ်ပြာနဲ့ ဆေးရတာ မင်းလည်း အသိ။ ဟုတ်တယ်... သူ့ နာမည်...ဆပ်ပြာ။ မင်း...မယုံရင်၊ ညနေကျရင် မေးကြည့်"

"ယမင်း"ဟူသော၊ စာတန်းလေးကို၊ လက်ဖြင့် ဖွဖွပွတ်ရင်း ကြည်နူးကို ကျွန်တော် စောင်းကန်းကန်း ကြည့်နေလိုက်သည်။ ထိုစဉ်...ယုယက...,

"ကြည်နူး။ မင်း ရပြောတဲ့ နာမည်လည်း မဟုတ်ဘူး။ မှားတယ်။

တကယ်တော့၊ အဲဒီ့ အစွယ်လေး နာမည် က..."

စကားမဆုံးခင်၊ ကျွန်တော်က...,

"အစွယ်မဟုတ်ပါဘူး။ သွားတက်ပါဆို"

"အေး။ အဲဒီ့ သွားတက်ကလေး နာမည်





က, အမြှုပ်ကွ။ အမြှုပ်"

ကြည်နူးက၊ နားမရှင်းဟန်ဖြင့်၊

"ဘာလဲကွ။ အမြှုပ်"

ယုယက၊ အထက်မှ ပေးသည့် တာဝန်ကို၊ နည်းနည်းလုပ်ပြီး၊ များများပြီးစီးသူ၏ အိုက်တင်ဖြင့်,

"ထမင်းဘူးကို ဘာနဲ့ ဆေးလဲ"

ကြည်နူးက...,

"ရေနဲ့ ဆေးတယ်"

"ဟေ့ကောင်။ အမျိုးမျိုး မပြောနဲ့။ မင်း အခုနပြောတာ၊ ဆပ်ပြာနဲ့၊ ဆေးတယ်ဆို"

"အေး ဆပ်ပြာနဲ့၊ ဆေးတယ်။ အဲဒါ ဘာဖြစ်လဲ"

"ဆပ်ပြာနဲ့ဆေးရင်၊ ဘာဖြစ်မလဲ"...ဟု၊ ယုယက လက်ညှိုးလေး ထောင်မတ်လျက် မေး၏။ ကြည်နူးက...,

"ဆပ်ပြာနဲ့ ဆေးရင်၊ ချေးစင်တာပေါ့ကွ။ သန့်သန့်ပြန့်ပြန့် ဖြစ်သွားတာပေါ့"

"အမြှုပ်မထွက်ဘူးလားကွ"

ကြည်နူးက...,

"ထမင်းဘူးကို ဆေးလို့ အမြှုပ်ထွက်တာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကောင်မ,လေးက အမြှုပ်ထွက်ပါ့မလားကွ"

"ဟော့ကောင် ကြည်နူး..."

နာမည်ခေါ်ပြီး ကြည်နူးကို ကျွန်တော် လှမ်းပုတ်လိုက်သည်။

"အဲ...။ ကောင်မလေးနာမည်က၊ အမြှုပ်ဖြစ်ပါ့မလား...လို့ ပြောတာပါကွ"

"ဒါဆို၊ အမြှုပ်လည်း မဖြစ်နိုင်ဘူးပေါ့"...ဟု၊ ယုယက, ကျွန်တော်တို့နှစ်ယောက်ကို မေး၏။ ကျွန်တော် မဖြေ။ ကြည်နူးက, ဆပ်ပြာ...ဟု၊ တတွတ်တွတ် ပြောနေ၏။ ကျွန်တော်က,လည်း အားကျမခံ ယမင်း...ဟု၊ တရစပ် အော်ပြော၏။

"ယမင်း..., ယမင်း..., ယမင်း..."

"ဆပ်ပြာ... ဆပ်ပြာ... ဆပ်ပြာ"

"ယမင်း..., ယမင်း..., ယမင်း..."

"ဆပ်ပြာ... ဆပ်ပြာ... ဆပ်ပြာ"

တမင်နောက်ပြောင် တမင်ငြင်းခုန်နေပြီးမှ၊ သူတို့နှစ်ယောက်၏ ထမင်းချိုင့်များကို ဆေးကြောပေးပါက သွားတက်ကလေး၏ နာမည်ကို "ယမင်း"...ဟု၊ အသိအမှတ်ပြု ခေါ်ဝေါ်မည်ဖြစ်ကြောင်း တောင်းဆိုကြလေ၏။

ကျွန်တော်...

အလွယ်တကူ လိုက်လျောလိုက်ပါသည်။





ချစ်ခြင်းအတွက်, အရာအားလုံး၏ စေခိုင်းရာကို ကျွန်တော် ထမ်းပိုးခဲ့သည်။ ချစ်ခြင်း၏ စေခိုင်းချက်ကြောင့်လည်း အရာအားလုံးကို ကျွန်တော်. ဆောင်ရွက်ထမ်းပိုးနိုင်ချင်သည်။

●●●

www.burmeseclassic.com

(၄)

ယုယနှင့် ကြည်နူးတို့က၊ လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်နေကြသည်။ ကျွန်တော်ကတော့၊ ဒီဘက်ကားလမ်း ပလက်ဖောင်းမှာ မတ်တတ်ရပ်ရင်း၊ ဟိုဘက် ကားဂိတ်ဆီသို့ မျှော်လိုက်၊ ဟိုဘက်ကားဂိတ်ကို၊ လမ်းဖြတ်ကူးသွားပြီး၊ တိုးဆိုက်သမျှ ဘတ်(စ)ကားများ၏ ရှေ့ပေါက်နောက်ပေါက်တို့ကို သွားကြည့်လိုက်ဖြင့်၊ တစ်ယောက်တည်း အလုပ်ရှုပ်နေသည်။

ကားမှတ်တိုင်မှာ စောင့်မျှော်ရှာဖွေရင်း၊ မျက်စိမှောက်ပြီး သွဲ့ချော်သွားမှာ စိုးပြန်သဖြင့်၊ ဒီဘက်ကားလမ်း ပလက်ဖောင်းပေါ်သို့ လာရပ်နေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လာချိန်မတန်ခင်ကတည်းက၊ မျှော်စောင့်မိသော အမျှော်စိတ်သည်၊ လာချိန်တန်သည့်အခါ ပို၍ မျှော်မောရလေ၏။

မှောင်ရိပ်သန်းလာပေပြီ။ လက်မှ နာရီကို ကြည့်၏။ သူ့ လာချိန်တန်လှပြီ။ ကားလမ်းကူးလာမည့်နေရာကို တစ်လှည့်၊ ကားဂိတ်သို့ တိုးရပ်ထွက်ခွာသွားသည့် ဘတ်(စ)ကားမှ၊ ဆင်းသက်သော လူတွေကို တစ်လှည့် ငေးကြည့်နေရသည့် အကြိမ်အရေအတွက်ကို မခန့်မှန်းနိုင်တော့ချေ။ လက်ဖက်ရည်ဆိုင်မှ ယုယနှင့် ကြည်နူးတို့သည်လည်း၊ ကျွန်တော့်ကဲ့သို့ ကူမျှော်ပေးနေကြပေလိမ့်မည်။

●

ဘတ်(စ)ကားတစ်စီး ထွက်ခွာသွားသည်။

ဆင်းသက်သော အလှရိပ်ကလေး တစ်ရိပ်တည်းကိုသာ၊ ကျွန်တော် လှမ်းမြင်လိုက်၏။ မြင်လျှင်မြင်ချင်း၊ ကားလမ်းကို ဖြတ်သန်းပြေးလွှားကာ၊ အကြိုထောက်ချင်သည်။

သို့သော်...,

အရှိန်ပြင်းစွာ မောင်းနှင်သွားကြသည့်၊ ကားတချို့ကြောင့်၊ ကားဖြတ်မကူးတော့ဘဲ၊ ရိုးရှုလှုပ်ခတ်နေသော စိတ်တို့ဖြင့်၊ ဒီဘက်ပလက်ဖောင်းမှသာ၊ ကိုယ်ခန္ဓာကို တင်းတောင့်ရပ်စောင့်နေဖြစ်၏။

သူ...ကားလမ်းကူးလာပေတော့မည်။ ဟိုဘက်ကားလမ်းမှ၊





ဒီဘက် ပလက်ဖောင်းသို့၊ သူ...လှမ်းအကြည့်တွင်မှ၊ ကျွန်တော့်ကို မြင်တွေ့သွားသည်။

ကျွန်တော့်ကို မြင်လျှင်မြင်ချင်း၊ သူ...ပြုံးနေ၏။ လက်ထဲမှ ထမင်းဘူးလေးကို၊ ကျွန်တော် ကိုင်မြှောက်ပြလိုက်သည်။ သူ ရယ်မော၏။ မှောင်ရီရီ ဗိုးတဝါးတွင်၊ ဖွေးလက်သော သွားတက်ကလေးက၊ ရင်အမြင်တစ်ချွင်လုံး၊ အေးမြထွန်းပ,သွားစေသည်။

ယာဉ်ကြောသည် နှစ်လမ်းသွား။

ကျွန်တော် ရပ်နေရာသို့၊ သူ...ကူးလာမည်အပြု၊ ဒီဘက်ယာဉ်ကြောမှ အရှိန်ပြင်းစွာ မောင်းနှင်သွားသည့် ကားတစ်စီးကြောင့်၊ လမ်းကူးလက်စ, သူ့ခြေလှမ်းကို နောက်သို့ ပြန်အဆုတ်၊ ဟိုဘက်ယာဉ်ကြောမှ ကားတစ်စီးနှင့် သူ့ခန္ဓာကိုယ် နောက်ကျောတို့ ထိနိုက်မိလိုက်ပြီကို၊ ကျွန်တော် ထိတ်လန့်စွာ တွေ့မြင်လိုက်ရသည်။

"ဒုန်း"

ကမ္ဘာပျက်သံ။

"ကားတိုက်ပြီ။ ကားတိုက်ပြီ"

ဖက်လက်လန်ကျသွားသလား။ လွင့်စင်ခွေကျသွားသလား။ ကျွန်တော် မသိကွဲတော့။ ထမင်းချိုင့်လေး မြောက်တက်သွားသည်ကိုသာ ထင်ထင်ရှားရှား တွေ့လိုက်ရလေ၏။

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မသိသဖြင့်၊ အဆင်ပြေသလိုသာ၊ ကျွန်တော် ဖြေလိုက်ရခြင်းဖြစ်၏။

"ယမင်း"

ခေါ်သံပြုစဉ်...,

သူ...မျက်လုံးလေး ပွင့်လာ၏။ ကျွန်တော့်ကို မော်ကြည့်နေသည်။ ပြီးနောက် မျက်လုံးလေး ပြန်မှေးသွား၏။

●

ဦးခေါင်း အနောက်ဘက်တွင်၊ ငါးချက်မျှသာ ချုပ်ရသည်။ ဦးနှောက်နှင့်အာရုံကြောဌာနတွင်၊ သေးရုံတစ်ရသည်။ အရေးပေါ် ဆေးဝါးကုသ,နေစဉ် တစ်ချိန်လုံး၊ သတိမရသေး။

ကားနံပါတ်ကို မည်သူမျှ မမှတ်မိကြ။ ယာဉ်နှင့်ယာဉ်မောင်းသူကို၊ တရားစွဲဆိုမည်မဟုတ်ကြောင်း၊ ကျွန်တော် ပြောသည်။ လူနာကိုသာ အရေးတကြီး ကုသ,လိုပါကြောင်း..., တာဝန်ရှိသူများကို၊ ကျွန်တော် ပြော၏။

●





"ငါတို့ ပြဿနာတက်မယ်နော် မင်းထင်"...ဟု၊ ယုယက, တိုးတိုးပြောသည်။ ကျွန်တော်က...,

"သူ့လိပ်စာ ကျွန်တော်တို့ မသိပါဘူး...

လို့ ပြောရုံနဲ့ ဘာပိုထူးလာမှာမို့လို့လဲ။

ငါတို့နဲ့ ဘာမှ မဆိုင်ဘူး...လို့ ငါ...ပြော

မထွက်ဘူးလေ။ သူ...ပိုင်ရှင်မဲ့ လူနာဖြစ်သွားမှာပေါ့"

"သေသွားရင် ဘယ်လိုလုပ်မလဲ"

လူနာကုတင်ကို၊ ကျွန်တော် တင်းကျပ်စွာ ဖိကိုင်ရင်း...

"ယုယ။ သေစကားမပြောနဲ့ကွာ"

ယုယက...,

"သေစကား၊ ရှင်စကားက အရေးမကြီး

ဘူးကွ။ ငါတို့က, သူ့အကြောင်းကိုတောင်၊ မသိဘဲ,

မောင်နှမပါ...လို့ ပြောထားမိတာ။ လိမ်လည်မှုကွ။

တာဝန်ရှိတဲ့သူတွေကို၊ အမှန်အတိုင်းပြော

ထားရင် ပိုကောင်းမယ် ထင်တယ်။ ဥပမာ

ထမင်းဘူးချင်းလဲလှယ်ကြမယ့် ညနေစောင်းအထိ၊

အခြေအနေတွေကိုပါ၊ ပြောပြထားရင်၊ ပိုကောင်း

မယ်"

"ဘယ်သူ့ကို ပြောရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယာဉ်မှူစစ်ကိုရော။ ဆရာဝန်ကိုရောပေါ့"

"ငါ...အပြစ်တင်ခံရမှာ မကြောက်ဘူး။
သူ့ ဘေးနားမှာ နေခွင့်မရမှာဘဲ ကြောက်တယ်"

မေ့မြောနေသော မျက်နှာလေးကို ကြည့်ငေးကာ ကျွန်တော် ပြောသည်။ "ကြာကြာနေလို့တော့ ရမှာမဟုတ်ဘူး"...ဟု၊ ကြည်နူး ပြော၏။

"မင်း..., ဘာကို ဆိုလိုတာလဲ ကြည်နူး"

"ဒါ...,မိန်းမလူနာဆောင်လေ။ ယောကျ်ား
လေး စောင့်လို့ မရဘူးကွ။ အဲဒါကို ပြောတာ"

"ပုဂ္ဂလိကဆေးရုံဆိုရင် ရမှာပဲ။ ဆေးရုံပြောင်းမယ်"ဟု၊ ကျွန်တော် ပြောသည်။ ယုယက...,

"ပြောင်းချင်တိုင်း ပြောင်းလို့မရဘူးလေ။
လူနာအခြေအနေကိုလည်း ကြည့်ဦး။
ပြီးတော့...,တခြားကိစ္စတွေ ရှိသေးတယ်
လေကွာ"

ချစ်ခြင်းအပြင်၊ ချစ်ခြင်း၏ အခြားကိစ္စဟူသည်တို့ ရှိနေ တတ်ကြသည့်အတွက်၊ လောက,ကြီးကို၊ ကျွန်တော် ဘဝင်မကျ။



(၅)

ဘာမှန်းမသိဘဲ ဆောင်ရွက်လိုက်သည့် ကိစ္စငယ်သည်၊ မမျှော်လင့်စွာ ကြီးမားသွားတတ်စေ၏။ ကျွန်တော်,ကတော့..., ဘာမှန်း မသိခဲ့လျှင်တောင်၊ ယမင်းနှင့် သက်ဆိုင်သမျှ ချစ်တာ တစ်ခုတည်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်၏။

ထို့ကြောင့်, ဘာမှန်းမသိဘဲ...ဟူသော အသုံးအနှုန်းမျိုး ကိုယ့်ကိုကိုယ် မသုံးစွဲလို။ ချစ်ခြင်းအသိတစ်ခုတော့၊ အရာရာကို အခြေခံခဲ့ပေသည်။ သို့သော်..., ထိုအရာရာသည်၊ မမျှော်လင့်၊ မထင်မှတ်ထားသည့်၊ အရာရာတို့ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိသူများအား အဖြစ်မှန်တွေကို အသိပေးပြီးနောက်၊ နယ်ဒေသမှ၊ ကျွန်တော့် မိဘတွေ ရောက်လာကြသည်။ ယမင်းကို စောင့်ရှောက်ခွင့်ရဖို့ မိဘများ..., ကျွန်တော်တို့ နေထိုင်သော ရပ်ကွက်မှ၊ ရပ်ကွက်လူကြီးများနှင့် ညှိနှိုင်းဆောင်ရွက်ကြရသည်။

ဒီလောက်တောင် မလိုပါဘူး...ဟု၊ ထင်မြင်ပေမည်။ ယမင်း သတိရရင် သူ...ဘယ်မှာနေတယ်၊ သူ...ဘယ်သူ့သမီး၊ စသည်ဖြင့် မေးမြန်းပြီး၊ သူ့မိသားစုနှင့် ဆက်သွယ်ပေးရန်သာရှိ၏။

သို့သော်...၊ အရာရာသည် မမျှော်လင့်သော၊ ကြေကွဲစရာတို့ဖြင့်၊ အထပ်ထပ်အပ်လျက်၊ ယက်ယှက်ချုပ်လုပ်ထားလေသလား မပြောတတ်။

ယမင်း...ဟုခေါ်သည့်၊ ကျွန်တော် ချစ်သော သွားတက်ကလေးသည်၊ သူ့ကိုယ်...သူ၊ မည်သူ မည်ဝါဟုပင်၊ မသိတော့သော ဝေဒနာရှင်လေး ဖြစ်ခဲ့ရ၏။

(ယမင်းက..., သူ့ကိုယ်သူ ပေးအပ်မှည့်ခေါ်လိုက်သည့် နာမည် မှာ "ရှင်းရှင်း")။ သို့သော်..., ထိုအမည်လေးကဲ့သို့ သူသည် သူ့ဘဝကို ရှင်းရှင်းလင်းလင်း သိခွင့်မရတော့။





"သမီး နာမည် ဘယ်လိုခေါ်လဲ"

သူ ခေါင်းခါသည်။ အမေက၊ ဆက်မေးသည်။

"နာမည်ကို မမှတ်မိတာလား။ ကိုယ့်ကို ကိုယ် မမှတ်မိတာလား"

ဘာမျှမပြော။ ကျွန်တော်က...,

"ရှင်းရှင်းလေးပဲ ပြောပါ။ ကျန်တာတွေ နောက်မှတွေး။ နောက်မှ စဉ်းစား။ အခုလောလော ဆယ် နာမည်ပြော။ နာမည်ဘယ်လိုခေါ်လဲ"

"ရှင်းရှင်းပဲ ပြောရမှာလား"

"အင်းပေါ့"

"ရှင်းရှင်း"

"အင်း...ဟုတ်တယ်။ ရှင်းရှင်းပဲ ပြော။ နာမည် ဘယ်သူလဲ"

"ရှင်းရှင်း"

"မဟုတ်ဘူးလေ။ နာမည်ကို မေးတာ။ နာမည် နာမည်"

"ရှင်းရှင်းပါ...ဆိုမှ"

ထိုသို့ဖြင့်၊ ယမင်း...ဟု၊ ကျွန်တော်တို့ ခေါ်ဝေါ်ထပ်မှတ်ထား ကြသည့် ကောင်မလေးတစ်ယောက်ကို "ရှင်းရှင်း"ဟူသော အမည်



www.burmeseclassic.com

www.burmeseclassic.com



သစ်ခြင်း ခေါ်ဝေါ်ကူညီကြရတော့သည်။

မိဘတွေ အပြစ်မတင်။ ဆွေမျိုးတွေကို အသိမပေး။

"သုံးယောက်တည်း ရန်ကုန်လာနေချင်တဲ့ အကျိုးပေါ့"... ဟု၊ အမေ ပြောသေးသည်။

အစ,အဦးပိုင်းတွင်၊ စောင့်ရှောက်ကူညီမည့်ကိစ္စကို မိဘတွေ တားဆီးသေးသည်။ လူမှုရေးတွေ ရှုပ်ထွေးလာနိုင်ကြောင်း ပြောသည်။ ကျွန်တော့်ဆန္ဒကို မလွန်ဆန်ကြပါရန်၊ လိုက်လျောပေးကြပါရန် အနူးအညွတ်တောင်းပန်ရသည်။

ယမင်း အလုပ်လာရာဘက်ရှိ အဆောင်များရှိရာသို့ သွားရောက်စုံစမ်းပါမည့်အကြောင်း..., သက်ဆိုင်ရာမှလည်း စုံစမ်းပေးပါရန်၊ မိဘများမှ တစ်ဆင့် ခက်ခက်ခဲခဲ, ကျွန်တော်၊ တောင်းပန် ညှိနှိုင်းခဲ့ရ၏။

ရှင်းရှင်း၏ ဦးခေါင်းမှ၊ အနာကျက်သောအခါ၊ အိမ်သို့ ခေါ်ဆောင်လာခဲ့ကြလေသည်။

၀၀၀



(၆)

"ယောက်ျားလေးသုံးယောက်နဲ့၊ မိန်းကလေး တစ်ယောက်တည်း။ နေဖို့ ထိုင်ဖို့ မသင့်တော်ဘူး...သား"

"ဘာဖြစ်လို့ မသင့်တော်ရမှာလဲ အမေရယ်။ သူမှ နေမကောင်းတာ။ သူ့ကို သား ပြုစုနိုး..."

အမေ လက်ကာသည်။ ခေါင်းခါသည်။

"မင်းလည်း ကလေးမဟုတ်တော့ဘူးသား။ ဖြစ်ချင်တာ တစ်ခုတည်းကို ဇောင်းပေးပြီး ရွတ်



www.burmeseclassic.com

www.burmeseclassic.com



ပြောမနေနဲ့။

ပတ်ဝန်းကျင်ဆိုတာ ရှိတယ်။ လူ့အသိုင်း
အဝိုင်းဆိုတာ ရှိတယ်။

ရှင်းရှင်းပြောလည်း၊ ပတ်ဝန်းကျင်၊ အသိုင်း
အဝိုင်း၊ မိဘမောင်ဘွား ရှိမှာပဲ။ သူတို့...သူတို့တွေ
ဘယ်လို ပူပင်နေကြမလဲဆိုတာလည်း၊ ထည့်
စဉ်းစားရမယ်။

ဘယ်သူ ဘယ်ဝါမှန်း မသိတဲ့ သူတွေနဲ့
ဘယ်မှာမှန်းမသိတဲ့ နေရာမှာ၊ မင်း နှမလေး
တစ်ယောက်ရောက်နေရင် မင်း ဘယ်လို ခံစားရ
မလဲ။ ဘယ်လို တွေးမလဲ။ ဘယ်လို ထင်မလဲ။

သား...။ မင်းထင်။ အများကြီးပဲနော်။
အမေ စဉ်းစားရကျပ်နေတယ်"

"ကျွန်တော် မောင်လို နှမလို စောင့်ရှောက်
မှာပါ"

"အခြေအနေကြောင့်၊ မောင်စိတ် နှမစိတ်
မွေးရတော့မှာကို၊ မင်း...အသိဆုံးဖြစ်လိမ့်မယ်။

မောင်စိတ် နှမစိတ် မွေးနိုင်တယ်ပဲ ထား
မောင်ရင်း နှမရင်း၊ သွေးသားရင်းတွေ မဟုတ်ကြ





ဘူး"

"အဲဒါဆိုလည်း၊ အမေတို့ အဖေတို့ပါ၊
ဒီမှာ နေပေါ့"

"ငါတို့ ရန်ကုန်မှာ မနေတတ်ဘူး။ မျက်စိရှုပ် နားရှုပ်"...
တဲ့၊ အဖေ ဝင်ပြောသည်။ အမေကား...,

"မင်းတို့လည်း အလုပ်ပြုတ်နေကြပြီပဲ။
အိမ်ကိုပဲ လိုက်ခဲ့ကြတော့ပေါ့။ ကောင်မလေးကိုပါ
ခေါ်လာခဲ့လေ။ လူကြီးသူမ တွေရှိတော့၊ သင့်တော်
တာပေါ့"

"ရန်ကုန်မှာနေတာ၊ ရှင်းရှင်းအတွက်
အဆင်အပြေဆုံးပဲ အမေ။ သူ...ဘယ်မှာနေတယ်
ဆိုတာပါ၊ ကျွန်တော်တို့ စုံစမ်းဦးမှာ။

မိန်းကလေးနဲ့ ယောကျာ်းလေး၊ လက်ပွန်း
တတီးရှိရုံနဲ့၊ ငြိမယ် စွန်းမယ်...လို့တော့၊ အထင်
မသေးစေချင်ဘူး အမေရယ်။ ကျွန်တော်... အမေတို့
သားပါ"

"ရော်...။ ခက်ပြီကောဟ၊ မင်းကို စွပ်စွဲနေ
တာ မဟုတ်ဘူး၊ မင်းထင်ရဲ့။ တို့ပြောနေတာ၊
ကလေးမလေးအတွက် ပြောတာ။



www.burmeseclassic.com

ဒီကောင်မလေးနဲ့ ဒီကောင်လေး။ ဘာဘာ ညာညာ၊ ဘယ်သူပြောပြော။ မင်းက,တော့ အရေးလား။ ယောက်ျားလေး။

ဘာမှမဟုတ်ဘဲနဲ့ မေးအငေါ့ခံရမယ့် မိန်းကလေးဘက်ကို၊ မင်း ငဲ့ကြည့်ဦး"

"သူ…အတိတ်ကို သတိရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ သူ့မိဘတွေကို စုံစမ်းလို့ ရတာနဲ့ ကျွန်တော် သူ့ကို လက်ထပ်မှာ။

အဲဒါကြောင့်၊ ရန်ကုန်မှာပဲ နေမှုဖြစ်မယ်"

"မိဘတွေကို၊ စုံစမ်းလို့ မရဘူးဆိုရင်ကော ကွယ်"

"မိဘတွေဆီမှာ၊ ခွင့်ပန်ခွင့်မရမချင်း သူဟာ… ကျွန်တော့် နှမလေးပဲ အမေ"

အမေ သက်ပြင်းချ၏။

"ချစ်တယ်ဆိုတာ၊ ဘယ်လိုပုံစံနဲ့ချစ်ချစ် ချစ်လို့ရပါတယ် အမေ။

ချစ်တယ်ဆိုတာ၊ ချစ်တဲ့ သူ့အပေါ် ကောင်းကျိုးလိုလားတာပဲ။ သူ့ကောင်းကျိုးအတွက် သူ့အနားမှာ ကျွန်တော် စည်းနဲ့ ကမ်းနဲ့ နေမှာပါ။





အဲဒီ့ စိတ်နှလုံးအတွက်၊ ဘယ်စန်းကျင် ဘယ်အသိုင်းအဝိုင်းကိုမှ၊ ကျွန်တော် ဖြေရှင်းတင်ပြမှာ မဟုတ်ဘူး။

အမှန်တရားဆိုတာ၊ လူများများ သိဖို့ မလိုဘူး အမေ။ ကိုယ့်ကိုယ်တိုင်၊ တကယ်မှန်နေဖို့ပဲ လိုတယ်။

ကျွန်တော် မှန်ကန်ပါတယ် ခင်ဗျာဆိုပြီး၊ ကျွန်တော် ဘယ်သူ့ဆီမှာမှ၊ မှန်ကန်ကြောင်း ထောက်ခံစာ လိုက်ယူနေမှာ မဟုတ်ဘူး"

"မင်းက၊ ရန်ကုန်မှာ ဘာလို့ နေချင်တာတုန်း"…ဟု အမေ ဝင်မေးသည်။ ကျွန်တော်က…၊

"ဟိုတုန်းက၊ ရန်ကုန်မှာ နေချင်တာက၊ ပျော်လို့။ လွတ်လွတ်လပ်လပ် နေချင်လို့။

အခု နေချင်တာက ရှင်းရှင်းအတွက်၊ ရန်ကုန်မှာပဲ၊ အဆင်ပြေမယ်ထင်လို့ နေချင်တာ"

"ငတို့ ပိုက်ဆံပို့ပေးရမလား"

ကျွန်တော် ခေါင်းခါလိုက်ပြီး…

"ဒီမှာ ကြို့ရာ လုပ်ကြည့်လိုက်ဦးမယ်။ လိုမှပဲ၊ မှာမယ် အမေ"

www.burmeseclassic.com



"ယောက်ျားစကား၊ ပြီးပြီးပျောက်ပျောက်တော့ မဖြစ်စေနဲ့ကွာ။

စောင့်စည်းပါ၊ ထိန်းသိမ်းပါ...လို့ ငါ...မမှာချင်ဘူး။ ပြောတဲ့အတိုင်း လုပ်ပါ...လို့ပဲ ငါ...မှာချင်တယ် မင်းထင်"

"စိတ်ချပါ...အဖေ"

ရှင်းရှင်း အိပ်ရာမှ နိုးလာသဖြင့်၊ စကားစ, ပြတ်လိုက်ကြ၏။ အတိတ်ကာလ,ကို မမှတ်မိသည်မှအပ၊ သူ...နေကောင်းနေပါသည်။

●

အဖေနှင့်အမေကို ဘူတာရုံသို့ လိုက်ပို့သောအခါ၊ ရှင်းရှင်းလည်း၊ လိုက်လာသည်။

"သမီး နေကောင်းအောင် နေနော်"...ဟု၊ အမေ မှာသည်။

"ဟုတ်ကဲ့...အမေ"...ဟု၊ ရှင်းရှင်း ပြော၏။

မြူးရွှင်ရယ်မောစွာ ပြောသည့်အခါ၊ ထင်းခနဲ မြင်သာစေသော သူ့သွားတက်ကလေးကို၊ ကျွန်တော် ငေးငေးကြည့်နေမိသည်။

"ကိုမင်း၊ ဘာကြည့်တာလဲ"



ကျွန်တော် ခေါင်းခါပြလိုက်၏။

လှပစွာသော ချစ်စဖွယ် မျက်နှာထားဖြင့်၊ သူ...ပြုံး၍ ကြည့်သည်။ ကျွန်တော် ပြန်ပြုံးပြရသည်။

အလိုရှိသော အရာရာသည်၊ ပြုံးရုံ...ရယ်ရုံ...ရွှင်ပျရုံဖြင့်. အပြီးမသတ်။

●●●

www.burmeseclassic.com

www.burmeseclassic.com

(၇)

## ဧဒင်မတော်ဆာ

ဝေသင်ကြာ…သို့
လွင်မှောက်ကြိုးငြိ မဟုတ်ပါ။
သို့သော်…
ဝေဝဆန့်ကြိုးကာ သာမှန်းမသေ။

ရှုမြင်ငြိုးသော
ပွံသန့်ရှင်ခဲ့ပါပေ။



www.burmeseclassic.com

www.burmeseclassic.com



သင်းသီးတစ်လုံးလောက်ရဲ့
နံ့ထင်ခဲ့တာတော့၊ မြစ်ဆရေမှုန်းပြူ၊
အထုထု
အသည်းနှလုံးတွင်၊ နံ့ထင်...စွဲစွဲ
သနွှဲတည်း။

ထူးသားကို
ဘုရားသခင် မကြည်ဖြူခဲ့ဟန်
"အချစ်"ကိုပါ
ပယ်ဖျောက်သွားတော့မည်။

အို...သခင်
အချစ်ဝေသည့်မှာ...
ထိုနှင်းသစ်မောက်တက်သော
မေတ္တာတစ်မျိုး...။ ။

ခန်းဆီးလိုက်ကာ လှပ်သွားသည်...ဟု ထင်သဖြင့် ကျွန်တော် ငဲ့ကြည့်မိသည်။ အနီးသို့ သူ...ရောက်နေလေ၏။

"ကိုမင်း။ ဘာတွေ ရေးနေတာလဲ"





ပြောရင်း ဒိုင်ယာရီ စာမျက်နှာထက်သို့ ကြည့်ကာ...

"ဪ။ ကဗျာရေးနေတာလား"

"ကဗျာမဟုတ်ပါဘူး။ ဟိုရေး ဒီရေးပါ"

ပြောဆိုနေရင်းမှ တစ်ခုခုကို သတိရမိပြီး...

"ဘာဖြစ်လို့ အခန်းထဲ ဝင်လာတာလဲ ရှင်းရှင်း။ ကိုယ့်အခန်းထဲ ကိုယ်နေလေ။ ဒါမှမဟုတ် ဧည့်ခန်းမှာ နေပေါ့"

"ကိုမင်း အခန်းထဲကို ရှင်းရှင်းခင်လာတာ၊ အနှောင့်အယှက်ဖြစ်သွားလို့လား"

ထုတ်ပြန့်လိုသော အဓိပ္ပါယ်ကို မည်သို့ ခေါင်းစဉ် တစ်ရမည် မသိ။

"ယောက်ျားလေး အခန်းထဲကို မိန်းကလေး မဝင်သင့်ဘူးလေ"

မျက်ခုံးလှလှလေး တွန့်ကွေးသွားသည်။
မျက်လုံးလဲ့လဲ့လေး၊ ကြောင်တောင်တောင် ဖြစ်သွားသည်။

"မောင်နှမချင်း ချစ်ချစ်ခင်ခင် ရင်းရင်း နှီးနှီး မနေရဘူးလို့ ဆိုလိုတာလား"

"ဝမ်းကွဲမောင်နှမတွေလေ ရှင်းရှင်း"

ကျွန်တော့် ခုတင်ပေါ်သို့ သူ...ဝုန်းခနဲ ပစ်ထိုင်ချိုက်ပြီး...

www.burmeseclassic.com



"ဒီအပြောအဆိုတွေကို ခန့်မှန်းရတာ၊ ရှင်းရှင်းနဲ့ ကိုမင်းနဲ့ မောင်နှမ မဖြစ်နိုင်ဘူး။

ကိုယ့်အကြောင်းကို...ကိုယ်၊ ပြန်တွေးလို့ မရလို့သာ ငြိမ်နေရတာ။ အမေ့ကို အမေ...လို့ ခေါ်လိုက်တာတောင်၊ တစ်ခုခုလိုနေသလိုပဲ။

ပြီးတော့၊ ကိုမင်းကို ရှင်းရှင်းသိတယ်။ ဒါပေမဲ့..., အခု သိတာမဟုတ်ဘူး။ တစ်ချိန်ချိန်က၊ သိထားပြီးသလိုလိုပဲ"

ကျွန်တော် သူ့မျက်နှာလေးကို သေသေချာချာ ကြည့်သည်။ ပြီးနောက်၊ စာရေးစားပွဲ၏ အံဆွဲထဲမှ၊ YAMIN ဟူသော စာတန်း လေးပါသည့်၊ ပလပ်စတစ်ထမင်းဘူးလေးကို၊ ထုတ်ယူလိုက်သည်။

ပြီးနောက်၊ သူ့ရှေ့သို့ ကိုင်မြှောက်ပြရင်း...

"ဒီ...။ ဒီ ထမင်းဘူးလေးကိုရော သိလား။ မှတ်မိလား"

ထမင်းဘူးကို တစ်လှည့်၊ ကျွန်တော့်ကို တစ်လှည့်၊ စဉ်းစား တွေဝေစွာ ကြည့်ပြီး၊ ဦးခေါင်းကို ညင်သာစွာ ခါယမ်းရှာသည်။

"ဒါ...ရှင်းရှင်းရဲ့ ထမင်းဘူး။ ဒီမှာ ရေးထားတဲ့ နာမည်က ရှင်းရှင်းရဲ့ နာမည်"

"ရှင်းရှင်းရဲ့နာမည်က...ယမင်းဟုတ်လား"





ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

ဖြစ်ပျက်ခဲ့သမျှ၊ အလုံးစုံကို၊ သူ သိအောင် ကျွန်တော် ပြောပြသည်။ သေချာစူးစိုက်စွာ သူ နားထောင်၏။

အကြောင်းရပ်တို့၊ စုံလင်စွာ ပြောပြပြီးသည့်အခါ၊ သူ..., သက်ပြင်းချ၏။

"ဒါဆို၊ မောင်နှမတွေ မဟုတ်ကြဘူးပေါ့"

"မဟုတ်ဘူးလို့ ပြောရတာ အားနာတယ် ရှင်းရှင်း။ ရှင်းရှင်းရဲ့ ကျန်းမာရေး တိုးတက်ရာ တိုးတက်ကြောင်းအတွက်၊ ဒါတွေကို သိထားပြီး စဉ်းစားချင်ရင် ထည့်စဉ်းစားလို့ရအောင်၊ ကိုမင်း ပြောပြတာ"

"ရှင်းရှင်း ဘာမှ မမှတ်မိဘူး။ ရှင်းရှင်း ပြန်ပြောနိုင်တာ၊ ပြန်သတိရတာ တစ်ခုပဲ ရှိတယ်"

"ဘာကို သတိရတာလဲ ရှင်းရှင်း"

"အမှောင်ကြီးတစ်ခုထဲကနေ၊ လင်းခနဲ ဖြစ်တယ်။ မျက်လုံးကို ဖွင့်ကြည့်လိုက်တယ်။ ကိုမင်းကို တွေ့တယ်။ ကိုမင်းရဲ့ လက်မောင်းပေါ်မှာ၊ ရှင်းရှင်း ရောက်နေတာကို သိတယ်။

ဘာဖြစ်ပြီး၊ ဘယ်လိုရောက်နေတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ မသိဘူး။ ငါတော့ တစ်ခုခုဖြစ်နေပြီဆိုတာပဲ သိတယ်။ ကျန်တာ ဘာမှ မသိတော့ဘူး။

နောက်တစ်ခါ ပြန်ပြီး မျက်လုံးဖွင့်တော့ ကိုမင်းရဲ့ အဖေ အမေကိုရော၊ ကိုမင်းတို့ကိုရော တွေ့တယ်။ ဟိုမေး ဒီမေး အမေးခံနေရတာတွေပဲ သိတယ်။ ဘာမှ မဖြေတတ်တော့ဘူးဆိုတာ မှတ်မိတယ်။ ဒီလောက်ပဲ။

ခုနပြောတာ၊ ထပ်ပြောပြရရင်၊ ကိုမင်းကိုတော့ သိတယ်။ ဘယ်တုန်းက ဘယ်မှာ သိမှန်း မမှတ်မိဘူး"

"ကဲ..., မမှတ်မိရင်လည်း။ မစဉ်းစားနဲ့တော့။ နေမကောင်းဖြစ်လိမ့်မယ်။ ဟိုကောင်တွေရော..."

"မနိုးသေးဘူး"...ဟု၊ ရှင်းရှင်း ပြောသည်။

"ရှင်းရှင်းက၊ ဘာဖြစ်လို့ စောစောနိုးနေတာလဲ။ ညက၊ အိပ်မပျော်ဘူးလား"

"ပျော်ပါတယ်။ အိပ်ရာနိုးပြီး မျက်နှာသစ်တယ်။ အိမ်ဝင်းထဲမှာ လမ်းဆင်းလျှောက်ရင်း ပျင်းလာလို့ ကိုမင်း ဆီကို ဝင်လာတာ။





ဒီလို မနက်ခင်းတွေမှာ၊ ရှင်းရှင်း ဒီလို အားလပ်နေတာမျိုး၊ မရှိဖူးဘူး။ အဲဒါတော့ သိတယ်။ ဒါပေမဲ့..., ဘာလုပ်နေတတ်တယ်ဆိုတာ တွေတော့ တွေးကြည့်တာ၊ မရဘူး"

"မတွေးနဲ့ဦး။ နောက်တော့ တဖြည်းဖြည်း သိလာမှာပေါ့"

...ဟု၊ ကျွန်တော် ပြောသည်။

စားပွဲပေါ်ရှိ နာရီကို တစ်ချက်ကြည့်မိသည်။

နံနက် ခြောက်နာရီ သုံးဆယ်မိနစ်တိတိ။

ကျွန်တော် မအိပ်ရသေး။



www.burmeseclassic.com

www.burmeseclassic.com

(၁)

လွန်ခဲ့သော တစ်လ,ခန့်လောက်က၊ ယမင်းနှင့် ကျွန်တော် ောင်သိရှိခဲ့သည့်နေရာ၊ ယမင်း ကားထိုးိုက်သည့် လမ်းမ၊ သူ ြတ်သန်းသွားလာနေကျ ပလက်ဖောင်း စသည်တို့ကို ယမင်း(ခေါ်) ိုးရှင်းအား၊ ကျွန်တော် လိုက်လံပြသ, ရှင်းလင်းပြောပြသည်။ ူ အမှတ်မရ။

ထိုနေရာ ဝန်းကျင်တစ်လျှောက်၊ သူနှင့်ကျွန်တော် ယှဉ်တွဲ ွားလာသည်။ မည်သည့် အသိအကျွမ်းမျှ၊ သူ့ကို မနှုတ်ဆက်။ ယုယနှင့် ကြည်နူးတို့သည်လည်း။ ယင်းနေရာ အနီးတစ်ိုက် အမျိုးသမီးအဆောင်တိုင်းသို့၊ သွားရောက်စုံစမ်းမေးမြန်းလျက်

www.burmeseclassic.com



ရှိသည်။ မည်သည့်ထူးခြားမှုမျှ မကြားသိခဲ့ကြ။

သူ...မည်သူမည်ဝါ ဆိုသည်ကို၊ သူ...၊ မှတ်မိသိရှိမှု ဖြစ်မည်

ဟု၊ ကျွန်တော် သိသည်၊ မှတ်မိသိရှိသွားပြီဆိုပါကလည်း။ ကျွန်တော်

ကို မမှတ်မိ မသိရှိတော့မှာကိုလည်း။ ကျိတ်၍ စိုးရိမ်နေမိပြန်၏

●

ရှင်းရှင်း ရေချိုးခန်းဝင်နေစဉ်၊ ကြည်နူးက...၊

"ငါ...တစ်ခု အကြံရတယ်"

"ဘာလဲ"

"ရှင်းရှင်း ရေချိုးခန်းထဲက ထွက်လာရင်

ငါ...၊ သူ့နောက်စေ့ကို တစ်ခုခုနဲ့ ချောင်းရိုက်လို

မယ်ကွာ။ မကောင်းဘူးလား"

ကျွန်တော် စိုးရိမ်တကြီးဖြင့်၊

"ဟာ။ ဘာဖြစ်လို့ ရိုက်ရမှာလဲ၊ မင်း

လည်း"

"ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာ၊ အတိ

မေ့တဲ့သူကို၊ အဲဒီလိုပဲ လုပ်နေကြတာပဲလေ

ခေါင်းကို ထိခိုက်မိရင်ပဲဖြစ်ဖြစ်။ ရိုက်





နှက်မိရင်ပဲဖြစ်ဖြစ်၊ အတိတ်ကို ပြန်ပြီး သတိရသွား

တယ်ဆိုတဲ့ ဇာတ်ကားတွေ တစ်ခါဖင်မကာဝေဘူး"

"အဲဒါတွေက၊ ရုံဖန်ရုံခါဖြစ်တောင့်ဖြစ်ခဲကိစ္စတွေကွ။

အမြဲတမ်းမဟုတ်ဘူး။ အတိတ်မေ့တဲ့သူတိုင်းကို ချောင်းရိုက်လို့

ပြန်ကောင်းသွားစတမ်းဆိုရင်၊ ဆရာဝန်တွေ ဝါးရင်းတုတ်တွေပဲ

ကိုင်ထားကြမှာပေါ့ကွ"ဟု၊ ကျွန်တော် ပြောပြဖြစ်သည်။

ယုယက...၊

"ကြည်နူး။ မင်းအစီအစဉ်က၊ သွက်ချက်

ခါတဲ့အထိတော့၊ ဖြစ်နိုင်တယ်။ မကျေးချင် မမွေး

ချင်ရင်၊ ဆော်ထည့်လိုက်ကွာ"

ပြောပြီး။ ယုယနှင့် ကြည်နူးတို့၊ ဟက်ဟက်ပက်ပက်

ရယ်မောကြသည်။ အရယ်ရပ်ပြီးနောက်၊

"မပြောမရှိနဲ့နော် မင်းထင်။ အတိတ်မေ့

တဲ့သူက၊ သူ့ရဲ့ အတိတ်ကို ပြန်သတိရသွားရင်၊

မင်း တစ်ယောက်တည်း တကယ့်အတိတ်မှာ

ကျန်ရစ်ခဲ့လိမ့်မယ်နော်"

ရေချိုးခန်းဘက်သို့၊ ကျွန်တော် လှမ်းငဲ့ကြည့်ပြီး...

"ငါ့ကံပေါ့ကွာ။ သူ့ကို ငါ၊ တကယ်

နေကောင်းစေချင်တယ်။ ပြီးတော့ နေလို့ရတဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကာလအထိ၊ သူ့အနားမှာ ငါ...နေချင်တယ်''

"ရှင်းရှင်းနဲ့ သွားလာနေရင်း... မင်း စိတ်ထဲ မှာ ဘာမှ မဖြစ်ဘူးလား။ ဥပမာ ချစ်ခင်နှစ်သက် စကား။ တစ်ခွန်းလောက် ပြောမိချင်တာမျိုး။

ဒါမှမဟုတ်..., မြတ်နိုးစိတ်နဲ့ ငေးကြည့် ငိုင်ကြည့်မိတာမျိုး''

ယုယက၊ တီးတိုးသဲ့သဲ့ မေးမြန်းသည်။ ကျွန်တော်က...

"ထိန်းသိမ်း။ စောင့်ရှောက်ဆိုတဲ့ စကား ပေါ်ဟာရ။ အရမ်းကျယ်ပြန့်တယ် ယုယ။ စောင့် ရှောက်ရတာ အပန်းမကြီးပေမယ့် ထိန်းသိမ်းရတာ တော်တော်ခက်တယ်။

သူ့ကိုလည်း ထိန်းသိမ်းရတယ်။ သူ့အပေါ် ထားမိတဲ့ စိတ်အယိမ်းအယိုင်တွေကိုလည်း။ ကိုယ့် ဘာသာ ထိန်းသိမ်းရတယ်။

ထိန်းထားရတဲ့ ကိုယ်အမူအရာ နှုတ် အမူအရာ။ သိမ်းထားရတဲ့ ရင်ထဲက..., စကားသံ တွေ အများကြီး။ ငါ မွန်းကျပ်နေတာတော့ အမှန်ပဲ''

"စိတ်အညစ်မခံနဲ့လေ။ သူလည်း နည်းနည်းပါးပါး သိထား





တာပဲဟာ။ တစ်ခွန်းစ, နှစ်ခွန်းစ ဖွင့်ပြော ဆွေးနွေးကြည့်ပေါ့''ဟု ကြည်နူးစွာ၊ အကြံပြုသည်။ ကျွန်တော်က...

"ဘယ်ဖြစ်မလဲ။ အခုပြောရုံနဲ့ တစ်သက် တည်တံ့ဖို့ မသေချာဘူးလေ။ တစ်သက်တာဆိုတဲ့ ကာလရှည်မှာ၊ သူက... အချိန်မရွေး ဘဝနှစ်ခု၊ အသိနှစ်ခု ဖြစ်သွားနိုင်တယ်။ အတိတ်...။ ပစ္စုပ္ပန်။ အဲဒီကာလနှစ်ခုမှာ ငါဟာ... အခုလောလောဆယ် သူ့ရဲ့ ပစ္စုပ္ပန်မှာ ရှိနေပေမဲ့၊ တစ်ချိန်ချိန်မှာ သူ မသိတော့တဲ့ အတိတ်ကာလ,ထဲကိုလည်း ရောက် သွားနိုင်တယ်လေ။

အဲဒါကြောင့်..., သွားသွားလာလာ၊ စားစား သောက်သောက်။ သူ့ကို အရုပ်ကလေးတစ်ရုပ်လို သဘောထားပြီး။ ငါကိုယ်ငါ၊ အရုပ်ကြီးတစ်ရုပ်လို သဘောထားလိုက်ပါတယ်။

ထိန်းရသိမ်းရတာတော့ ခက်တာပေါ့''

ပြောနေမိသမျှ ရင်မောလွန်းသည်။

ချစ်ခြင်းသည်၊ အခြေအနေ အမှောင်တိုက်အတွင်း၌ လင်းပ ခွင့်မရသည့်၊ မီးတိုင်သေတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



## ဧဒင်ဥ (၁)

အစဆုံး၌
အစိုးငွေပြင်၊ နေရှင်းဧဗျော်၊
အလှမ်းဖော်ဆွေ
ချစ်၊ ကျွမ်း...နွေး။

နူးစက်...၊ စိတ်ပန်း
တစ်ထိုက်နေခဲ့တော၊ လွမ်းရာတောင်၊
ရင်တွင် သိုသိမ်း
ချစ်၊ နွမ်း...စိမ်း။

နွေကို သိမ်းလို့
မိုးခါးမိုးခို၊
ချစ်သူ ပျို့ချစ်
နေရော့ရစ်လျှင်...၊





အလှမ်းသစ်ဝင်
နေ့လှိုင်ထိန်နှိုး၊
ခြောက်သွေ့ငိုဗော
ရှုတ်ခြောက်စောမှာ...
ဥယျာဉ်မှု နေထက်ညို။ ။



www.burmeseclassic.com

www.burmeseclassic.com

# (၉)

မည်သည့် မိန်းကလေးနှင့်မျှ သကြင်္ကန်ရေပက်ခံ မထွက်ဘူးခဲ့။ ရန်ကုန်ရှိ ကျောင်းနေဘက် သူငယ်ချင်း မိန်းကလေး ယောက်ျားလေးတွေ၊ သည်တစ်နှစ်တွင် စုမိကြသည်။ ရေပက်ခံထွက်ကြဖို့ ခေါ်သွားကြ၏။

အိမ်အလည်လာကြသည့် သုံးလေးခေါက်အတွင်း၊ အခေါက်တိုင်း၌ ရှင်းရှင်းကို တွေ့မြင်ကြသည်။ "ငါ့ ညီမ"...ဟု၊ ပြောဆိုမိတ်ဆက်ပေးဖြစ်၏။ မိန်းကလေးသူငယ်ချင်းတွေက...၊

"ယောက်မတော်မယ်"ဟု၊ နောက်ပြောင်ကြသည်။ "နင်တို့ကို ငါ မကြိုက်ဘူးနော်"ဟု၊ ပြန်နောက်သည်။ "ဟွန်း..ငါတို့ကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတွေနဲ့ သဘောတူတယ်လို့ ဆိုလိုတာဟဲ့။ နင့်အတွက် ဘာမှ မရည်ရွယ်ဘူး''...ဟု၊ ပြောကြသည်။

"နင်တို့က ယောက်မတော်ရင်။ ငါတို့

လည်း၊ ဒီကောင့်ကို တော်လို့ရတာရှိတယ်နော်''

ယောက်ျားလေးသူငယ်ချင်းတစ်ဦး၏ အပြောင်အနောက် စကား။ ရင်မချိစွာ ပြုံးရယ်နေရသည်။ မနောက်ပြောင်ဖို့ ဟန့်တား လိုစိတ်ဖြစ်၏။

ကိန်းဝပ်သိုသိမ်းထားရသည့် အချစ်စိတ်က၊ မနာလို ဝန်တို ခြင်းတွေ၊ ပို၍ တိုးပွားစေလေ၏။ မျိုသိပ်ထားရသော နှလုံးသားသည် နောက်ပြောင်ကျီစယ်စကား တစ်ခွန်းတစ်ပါဒမျှကိုပင်၊ ခံယူနိုင်အား မရှိ။

ကျီစားမှန်းသိပါလျက်၊ ရန်ဘက်ပမာ တင်းမာစွာ တစ်ချက် ကြည့်လိုက်မိသည်။ ဒေါ်သကို အရောင်ပြောင်းကာ၊ မှဲ့တစ်ဝက် ပြုံးနေမိသော ခဏ၌ပင်၊ ရင်ထဲတွင်, တောရိုင်းတစ်ခုအတွင်း၊ သားရဲတစ်ကောင် ကဆုန်ဆိုင်းလျက် ဝင်လာပြီး၊ တောတိုး ဟိန်းဟောက်သံကဲ့သို့၊ မြည်ဟည်းတုန်ခါနေရ၏။

တိတ်တဆိတ် ချစ်မြတ်နိုးနေရသော အသည်းနှလုံး၏ ရင်ပြင်ပေါ်သို့၊ ထိနိုက်စရာ၊ စကားအပ်နဖားငယ်မျှ ပဲ့ကျလာမည် ကိုပင်၊ ရင်ခွင်က ခံနိုင်အားမရှိ။





အပ်နဖားပဲ့ကျရုံဖြင့် မည်သည့်မျက်နှာပြင်ပေါ်တွင် မဆို၊ မည်သို့မျှ ပြောင်းလဲလျော့ပါးသွားမည်မဟုတ်သော်လည်း။ အသည်း နှလုံး၏ ရင်ပြင်ပေါ်တွင်၊ မနာလို ဝန်တိုစရာ အနောက်အပြောင် စကား အပ်နဖားငယ်မျှ ပြုတ်ကျလိုက်ရုံဖြင့်၊ ရင်ခွင်သည် ဆတ်ဆတ် ခါအောင်၊ တုန်ဟည်းခဲ့ရ၏။

"ဒါ...၊ ငါ့ချစ်သူ''ဟု၊ အော်ပြောခွင့်ကို၊ မည်သူ ပိတ်ပင် လေသနည်း။ အခြေအနေက ပိတ်ပင်တားဆီးထားသည့်မှန်း သိသည်။ အကယ်၍ အခြေအနေ ပိတ်ပင်တံခါး ဖွင့်လှစ်ထားပြီဆိုငြားအံ့။ ကာယကံရှင်၏ ရင်ထဲမှာရော၊ ကိုယ့်ကဲ့သို့ ရှိပါ့မလား။ စဉ်းစားရင်း စိုးထိတ်လာသည်။

အရာရာဝရှည့် ကျွန်တော့်အတွက်, ကောင်းသည့်ဘက်သို့ တစ်ချက်မျှ မငဲ့။

●

ရေကာစားမဏ္ဍပ်များသို့ ရောက်စဉ်တိုင်း ချစ်သောသူ၏ ဆံဖျားမှ ခြေအဆုံး တစ်နေရာရာသို့၊ ပြင်းထန်သော ရေရှင် ရေပိုက်တို့ ထိနိုက်မိသည့်အခါ၊ ကာကွယ်ပေးနေသော ကိုယ့်ကိုယ် ဒေါ်သ,ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသုတ်ပဝါကြီးဖြင့်၊ မြိုပေးထားရှိ၏ မလုံမြိုသည် ဆိုစေဦး။ ရင်ခွင်ဖြင့် မြိုလွှမ်းထားသမျှ မည်သည့် မြူတစ်မှုန်စာမျှ မထိခတ်မိအောင်၊ လုံမြုံမှုပေးနိုင်စွမ်းတွေ၊ ပြည့်ဝစွာ ရှိရှင်လာသည်။

ရင်မောစွာ ရင်ခုန်ရသည့် ကာလငယ်တိုင်း၊ ရင်ထဲမှာ နင့်နင့်လာ၏။ အခြေအနေကိုလည်းကောင်း၊ ဝေဒနာကိုလည်းကောင်း၊ ယုယနှင့် ကြည်နူးတို့ နီးကပ်ထင်ရှားစွာ မြင်သာပေလိမ့်မည်။

သူကတော့ ပျော်နေပြုံးနေ၏။ အားလုံးလည်း၊ ပျော်နေပြုံးနေ၏။ သူနှင့်အတူ၊ အားလုံးနှင့်တကွ၊ ကျွန်တော်လည်း အားရပါးရ ပျော်ရွှင်လိုက်ချင်သည်။

သကြိန်ရေသည်၊ နွေရင်ပြင်တစ်ခွင်လုံးသို့၊ စိုရွှဲအေးမြစေပေသည်။ သို့သော်...

ကျွန်တော့်ရင်ထဲ နွေအသည်းမှာ၊ မည်မျှပင် ရွှဲရွှဲစိုနေစေ၊ ခြောက်ကပ်ကော့ပျံနေဆဲဖြစ်၏။

အကယ်၍၊ စိုရွှဲနေသည်ဆိုလျှင်လည်း၊ မျက်ဝန်းမှ ယိုစီးခွင့်မရသည့် မျက်ရည်တို့ဖြင့်သာ၊ စိုရွှဲနေခြင်း ဖြစ်ပေမည်။

တိတ်တဆိတ်ငိုသံဟူသည်၊ ကျိတ်မှိတ်ခံစားရသော နှလုံးသား၏ နံရံများသို့ ပွန်းရှပဲ့ကြေနိုင်စွမ်း၏။ ကြီးမားစွာ မပွန်းရှ၊ သိသာစွာ မပဲ့ကြေ။

မသိမသာ၊ မကြီးမမားဘဲ၊ စည်းသားထားသော မျက်ရည်





ကြိုးဖြင့် ရစ်ခွေးတိုက်စားလွှန်းလေ၏။ စာနာပေါက်မှ ချောင်းကြည့် မျှင် ထင်ရှားသိသာစွာ၊ မြင်တွေ့နိုင်လောက်သည်။

ပိုင်ရှင်မသိသော ပန်းကို၊ ပိုင်ပိုင်ပန်ခွင့်ရှိပါလျက်၊ ပိုင်ဆိုင်နိုင်အား၊ နည်းပါးရ၏။

မြင့်မြတ်သည့် စိတ်ထားမျိုး မွေးမြူနေခြင်း မဟုတ်ချေ။ အပြုအမူ အဆိုအပြော၊ အလေ့တကြီး တို့၏ အယှဉ်အမှားကြောင့်၊ ချစ်သောသူ၏ ကိုယ်ခန္ဓာ စိတ်နှလုံးတွင်၊ စဉ်းငယ်မျှ ထိခိုက်သွားဘာမျိုးကို မလိုလားသော စိတ်ကသာ၊ စည်းခြားတည်ကြည်စေခြင်း ဖြစ်ပေသည်။ ဒါကို...သူသိအောင်၊ မည်သည့်နည်းနှင့်မျှ ကျွန်တော် ချမ်းဆောင်း။

၏

အိမ်အပြင်သို့ ထွက်ခါ ပြတင်းပေါက်မှ ချောင်းကြည့်ကြရသည်။ အိပ်ရာထဲတွင် လဲနေသည်ကို တွေ့၏။ အမည်နာမကို ကျယ်လောင်စွာခေါ်ပြီး ပြတင်းတံခါးကို ဝုန်းဝုန်းဒိုင်းဒိုင်း ထုနက်၍ နေသည်။ မရ။ ခဏကြာသော် လှုးလွန့်သည်ကို မြင်ရ၏။ ထို့ထက် ပို၍ မလှုပ်ရှား။

"တစ်ခုခုဖြစ်နေပြီ ထင်တယ်"ဟု၊ ကျွန်တော် ပြောသည်။



www.burmeseclassic.com

ယုယက,

"တံခါးဖျက်ပြီး ဝင်လိုက်တော့ကွာ"

ကျွန်တော် တဟုန်ထိုးပြေးကာ၊ အိမ်အတွင်းသို့ ပြန်ဝင်၏။ ပြီးနောက်..., ရှင်းရှင်း၏ အိပ်ခန်းတံခါးကို ရိုက်နှက်ဖျက်ချိုးသည်။ မိနစ်ပိုင်းအတွင်း၊ တံခါးပွင့်၏။ အခန်းထဲသို့ ရောက်လျှင်ရောက်ချင်း ရှင်းရှင်း နိုးနေသည်ကို မြင်သည်။

"ထ,လို့ မရလို့"

အားနည်းပျော့ပြင်းစွာ ပြောသည်။ နဖူးကို ကျွန်တော် စမ်းလိုက်၏။ လက်ဝါးတွင် ချွေးတွေ စိုရွှဲသွားသည်။ ပခုံးစွန်း လည်တိုင်တွေကို စမ်းသည်။ ထိုနည်းတူပင်၊ ချွေးတွေ စိုရွှဲနေ၏။ ယုယနှင့် ကြည်နူးတို့ အကူအညီဖြင့်၊ ထိုင်နိုင်အောင် ဖေးမလိုက်သည်။ ကျောပြင်သည်လည်း၊ ချွေးတွေ နစ်နေအောင် ရွှဲနေသည်။ "တစ်ကိုယ်လုံး ကိုက်ခဲနေတယ်။ မလှုပ်နိုင်ဘူး"ဟု၊ ရှင်းရှင်း ပြောသည်။ ခန္ဓာတစ်ခုလုံးသည်လည်း၊ ခြစ်ခြစ်တောက်ပူနေ၏။

"ရှင်းရှင်း၊ ခဏပြန်လှဲနေလိုက်နော်"...ဟု ပြောပြီး၊ ယုယနှင့် ကြည်နူးတို့ကို အခန်းအပြင်သို့ ခေါ်လိုက်၏။ ကျွန်တော်က...,

"အကျီ လဲပေးရမယ်"

ယုယက...,

"လဲရမှာပေါ့။ ဒီလောက် ရွှဲရွှဲစိုနေတာ

"ငါ..., လဲမပေးတတ်ဘူး။ ပြီးတော့ လဲ မပေးရဲဘူး"

"တွေတွေထူးထူးတွေ၊ တွေးမနေနဲ့လေ ကွာ။ နှမသားချင်းလို သဘောထားပြီး ပြုစုရတော့မှာပဲဟာ"

"အဲဒါကို ငါ သိပါတယ်။ ဒါပေမဲ့..., အဝတ်အစားလဲဖယ်ပေးရလောက်တဲ့အထိ၊ ငါ... မစဉ်းစားမိဘူး"

"မင်းထင်၊ သူက လူနာနော်။ လိုအပ်ရင် အိမ်သာတွေ ဘာတွေအထိ မင်း..., ကူညီရမှာ။ လိုအပ်ရင် ရေချိုးပေးတာမျိုးအထိ၊ မင်း, လုပ်ရမှာ။ ပြုစုတယ်ဆိုတာ၊ ဆေးတိုက်ရုံ အစာ ကျွေးရုံ မဟုတ်ဘူး။ အများကြီးပဲ"

"ရေခဲလည်း၊ ဝယ်ချင်တယ်"...ဟု၊ ကျွန်တော် ပြောသည်။ ကြည်နူးက...

"ငါ သွားဝယ်လိုက်မယ်"

ပြောပြီး၊ စွပ်ကျယ်ချိုင်းပြတ်ပေါ်တွင် ရှပ်အကျီထပ်ဝတ်သည်။ ကျွန်တော်က...

"ကြည်နူး၊ ခဏနေဦး"

www.burmeseclassic.com



“ဘာ မှာမလို့လဲ”

“ခေါင်းရင်း အိမ်ဘက်မှာ၊ မိန်းကလေး သံတွေ ကြားတယ်ကွ။ အဲ့ဒီ အိမ်ကို၊ အကူအညီ တောင်းရင်၊ မကောင်းဘူးလား”

“ကိုယ့်အိမ်ထဲကအလုပ်၊ ကိုယ့်ဘာသာ လုပ်တာ ကောင်းပါတယ်ကွာ။

အကူအညီတောင်းတာက၊ တစ်ခုတည်း။ မေးမယ့်မြန်းမယ့်၊ စပ်စုမယ့် စကားတွေ၊ ပြီးရင်၊ အရပ်ထဲမှာ ဖွာလန်ကျဲမယ့် အတင်းအဖျင်း သတင်း ကြေညာချက်တွေက၊ အများကြီးဖြစ်သွားနိုင်တယ် နော်”

ကျွန်တော်၊ ဘာမျှ ပြန်မပြောဖြစ်တော့ချေ။

ကြည်နူးက...၊

“မင်း...ရေချိုးသွားဝယ်လိုက်လေ။ ငါနဲ့ ယုယ နဲ့၊ ရှင်းရှင်းကို၊ အကျီလဲပေးထားမယ်”

နောက်ပြောင်ကျီစယ် စကားမဟုတ်။

တမင်သက်သက်၊ ခနဲ့စကား။

“မင်း...၊ လဲပေးလိုက်ပါ မင်းထင်၊ အနား မှာ၊ ယုယလည်း ရှိတာပဲ။





အေး။ လိုအပ်ရင်၊ လဲပေးဖယ်ပေးတဲ့ အချိန်၊ ယုယ့ကိုတောင်၊ အခန်းအပြင်ဘက်မှာပဲ ရှိနေစေချင်တယ်။

ရှင်းရှင်းက၊ မိန်းကလေးနော်။ မလိုအပ် ဘဲ၊ ဘယ်သူ့အကူအညီမှ၊ သူ ယူမှာမဟုတ်ဘူး။ မင်းတို့ ငါတို့ တွေးသလောက်တော့၊ 'သူလည်း တွေးမိ ရှက်မိမှာပဲ။

ကြားတယ်ကွာ။ ငါ ရေချိုးသွားဝယ်မယ်။ ယုယ။ မင်း...၊ အခန်းအပြင်မှာပဲ နေနော်။ သူ့ကိုသူ သူလုပ်ပေ့စေ။

မင်းထင်။ လုပ်ရမယ့်အလုပ်ကို ဘာမှ မတွေးဘဲ၊ လုပ်လိုက်တာဟာ၊ အ,ကုသိုလ် ပိုကင်း တယ်။

မလုပ်ခင်၊ ဟိုတွေး ဒီတွေး တွေးနေတာ ကိုက၊ အ,ကုသိုလ်စိတ်ကို ပို...ပိုပြီး ကြီးထွားစေ တယ်ကွ။

“ငါသာဆိုရင်...၊ လုပ်ရမယ့် အလုပ်ကို ချက်ချင်းလုပ်လိုက်တယ်။ ဆွေးနွေးနေရင် ကြာ တယ်။ အမြော်မှန်နဲ့ ဝေးတတ်တယ်။ အချိန်ကုန်

www.burmeseclassic.com



တယ်။ ကံဆိုးရင် ကာယကံရှင်၊ နစ်နာတယ်။
ဒါပဲ''

ကြည်နူးက, ပြောဆိုပြီး အိမ်ပေါ်မှ ဆင်းသွားသည်။ ယုယက...,

''မင်းစိတ်ဓာတ် မခိုင်မာတာလား။ ဒါမှ မဟုတ်, တွေဝေတာလား''

''မသိဘူးကွ။ သင့်မသင့် တော်မတော်၊ ဒီတစ်ခုတည်းကိုပဲ၊ ငါ တွေးတာပါ''

''မင်းရဲ့ ကိုယ်ကျင့်သိက္ခာအတွက် တွေးတာလား''...ဟု ယုယ မေးသည်။ ကျွန်တော် မဖြေတတ်။

''ဘုတော်စင်နဲ့ မိန်းမသားဆိုတာ၊ မအပ် စပ်ဘူးကွ။

ဒါပေမဲ့ မိန်းမသားတစ်ယောက်, အရုပ်ကြိုးပြတ် လဲပြိုကျသွားတာကို ကြည့်ပြီး၊ အဲဒီ ဘုတော်စင်က, သတိပဋ္ဌာန်တရားတော့၊ ပွားများ မနေသင့်ဘူး။

ကူညီထူမ,ပေးတဲ့ အလုပ်ကို၊ လုပ်ပေးခွင့်ရှိတယ်လို့၊ ငါ ထင်တယ်။ အဲဒီလို လုပ်ပေးတဲ့ အတွက်၊ ဘုတော်ကောင်းတရား၊ ပျက်မသွားနိုင်ဘူး။





ကူညီရမယ့်သူကို ကူညီတာ၊ အကောင်းဆုံး တရားပဲ။

ပြီးတော့..., မင်းက ရဟန်းသံဃာလည်း မဟုတ်ဘူး။ လူ။ ပုထုဇဉ်။ လူက လူကို လူလို ကူညီတာလည်း။ အကောင်းဆုံးတရားပဲ။

လူလို မတွေးဘဲ၊ ပိုပိုသာသာတွေ တွေးလိုက်ရင်၊ ကြည်နူးပြောသလိုပဲ။ အ,ကုသိုလ်တွေ ပိုလာရုံပဲရှိမယ်''

ကျွန်တော် ထိုင်ရာမှ ထ,လိုက်၏။

ကူညီပေးမ, လိုသည့် မေတ္တာစိတ်သည်၊ အခြားတစ်ပါးသော စိတ်အညစ်အကြေး တို့ကို၊ အလိုလျောက်၊ ထိရောက်စွာ ကာဆီးနိုင်ပေ၏။

●●●

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

"ပန်းများ ဖူးတာပါ"…ဟု၊ ဆရာဝန် ပြောသည်။

"အားလည်း နည်းနေတယ်။ တခြား ဘာရောဂါရှိသေးလဲ"

ကျွန်တော် ခေါင်းလှုပ်ရုံသာ၊ ခါယမ်းပြလိုက်မိသည်။

ဆေးထိုး ဆေးပေး ပြီးနောက်, ယုယနှင့် ကြည်နူးတို့က၊ ရှင်းရှင်းကို ဆေးခန်း၏ ပြင်ပသို့ ခေါ်ဆောင်သွားကြသည်။ ထိုအခါမှ၊ ရှင်းရှင်း၏ ကျန်းမာရေးအခြေအနေကို၊ ဆရာဝန်အား ကျွန်တော် အသေးစိတ် ပြောပြလိုက်၏။

"သူ…တစ်ယောက်တည်း နေနေရစေနဲ့။

www.burmeseclassic.com



ဟိုတွေးဒီတွေး တွေးရင်း ဝိုင်ပန်းလိမ့်မယ်။ ဥပဒေ
သူ, ဘယ်သူဘယ်ဝါဆိုတာ၊ သိချင်လွန်းပြီး
ဖျစ်ညှစ်တွေးတာမျိုး မဖြစ်စေနဲ့''

''ဟုတ်ကဲ့ ဒေါက်တာ။ ကျွန်တော်
သူ့ကို တစ်ယောက်တည်း သိပ်မနေနိုင်ဘူး
ပေးလားဟားလား။ ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင်
သူငယ်ချင်းတွေနဲ့ နေပေးတယ်။ မလိုအပ်
သူ...တွေးချိန်မရအောင်ပေါ့''

''တိုက်ဆိုင်မှုတစ်ခုခုဖြစ်အောင်၊ တမင်မလုပ်မိစေနဲ့
လောလောဆယ် ခန္ဓာကိုယ်ကျန်းမာဖို့ အဓိက,ပဲ။ စိတ်အာရုံဆိုတာ
က,တော့ တဖြည်းဖြည်း ပြောင်းယူရတာပေါ့။ အပန်းမကြီးဘူးဆိုရင်
ကျန်းမာတဲ့အခါ၊ စိတ်ရှင်းမယ့် နေရာဒေသ,မျိုးကို သွားစေချင်တယ်
ပင်လယ်ကမ်းခြေတို့၊ ကျေးလက်တောရွာတို့ ပို့ပေးလိုက်ပေါ့''ဟု
ဆရာဝန် မှာကြားသည်။

●

''ရှင်းရှင်းကြောင့်၊ ကိုမင်းတို့ သုံးယောက်
အလုပ်ပြုတ်သွားကြတာဆို''





''ဘယ်သူပြောလဲ''

''ကိုကြည်နူး ပြောပြတယ်''

''ရှင်းရှင်းကြောင့် မဟုတ်ပါဘူး။ ဆေးရုံ
တက်နေရတုန်းက၊ အလုပ်တစ်ဖက်၊ ဆေးရုံ
တစ်ဖက်နဲ့မို့ အလုပ်,မလုပ်တော့ဘူးလို့ ဆုံးဖြတ်
လိုက်တာ။

အလုပ်ပြုတ်တာ မဟုတ်ဘူး။ အလုပ်
ထွက်လိုက်ကြတာ...''

''ကိုမင်းတို့က၊ တက္ကသိုလ်ကျောင်းသား
တွေလား''

''ကျောင်းပြီးသွားပြီ။ ဟိုမရောက် ဒီ
မရောက် ဘွဲ့တစ်ခုစီ ရပြီးထားကြပြီ။

ဘာလုပ်ရမှန်း မသိသေးလို့ ရရာအလုပ်
ကို လုပ်ပြီး ရန်ကုန်မှာ လာနေနေကြတာ။ မိဘ
အထောက်အပံ့ မကင်းသေးဘူးဆိုပါတော့''

''ရှင်းရှင်းအတွက်၊ တာဝန်ကြီးနေကြ
သလားဟင်''

ကျွန်တော် ခေါင်းခါပြသည်။

''ကိုကြည်နူးက၊ ပြောပြလေးတယ်''

www.burmeseclassic.com



"ဘာကိုလဲ"

"ရှင်းရှင်း၊ အလုပ်သွား အလုပ်ပြန်၊ ကိုမင်းက ထိုင်ထိုင်ကြည့်နေတာ...တဲ့။

ရင်းနှီးခါစ ညနေပိုင်းကျမှ၊ ရှင်းရှင်း ကားတိုက်ခံရတာတဲ့၊ ရှင်းရှင်းရဲ့ နာမည်က ရှင်းရှင်း မဟုတ်ဘူး...တဲ့၊ ယမင်း...တဲ့၊ အဲဒါတွေ ဟုတ်လား ဟင်"

"ဟုတ်တယ်ပဲ ဆိုပါတော့ ရှင်းရှင်းရယ်။ ဒါပေမဲ့..., သတိမရရင်၊ အရမ်းမစဉ်းစားနဲ့၊ တစ်ချိန်ချိန်မှာ သတိရလာမှာပါ"

သူ မျက်ရည်ဝဲသည်။

"ဘာဖြစ်လို့၊ ဘာဖြစ်လို့ မျက်ရည်ဝဲရတာလဲ"

စိတ်မကောင်းဖြစ်မိသော်လည်း၊ ပြုံးလျက် ကျွန်တော် မေးရသည်။

"ကိုယ့်ကိုကိုယ် သိချင်တယ်"

"အတွေးအတူး သိဖို့မှ မလိုတာ၊ ရှင်းရှင်းဟာ၊ လူတစ်ယောက်ပဲ။

လူလို့၊ ကိုယ့်ကိုကိုယ် သိတာနဲ့တင်၊





ပြည့်စုံသွားပြီလေ။

လူဆိုတာ လုပ်စရာတွေ အများကြီး ရှိတယ်။ အခု လောလောဆယ်၊ ရှင်းရှင်း လုပ်ရမယ့် အလုပ်၊ တစ်ခုတည်းပဲရှိတယ်။ အဲဒါ...ဘာလဲဆိုတော့၊ ကျန်းမာရေးဂရုစိုက်ရမယ်။ နေကောင်းအောင် နေရမယ်။ ကျန်းမာပြီဆိုမှ၊ တခြားလုပ်စရာတွေ၊ တစ်ခုပြီးတစ်ခု ဆက်လုပ်ရမှာပေါ့။ နော်"

အဝေးသို့ တွေတွေငေးကာ၊ ခေါင်းညိတ်ရှာသည်။

"ရှင်းရှင်း၊ အလုပ်တစ်ခုခု လုပ်ချင်တယ်"

"နေကောင်းတော့ လုပ်ရမှာပေါ့။ အားနည်းတာ၊ ဖျားတာနာတာပျောက်ပြီးရင်၊ နေကောင်းပြီပဲ၊ မဟုတ်ဘူးလား"

"အရင်က ဘာအလုပ်လုပ်တယ်ဆိုတာ၊ အရမ်းသိချင်တာပဲ"

"မစဉ်းစားပါနဲ့၊ အရင် ဘာအလုပ်လုပ်လုပ်၊ မသိချင်နဲ့တော့။ ရှေ့လျှောက်နေကောင်းပြီးရင်၊ ဘာအလုပ်လုပ်မလဲပဲ စဉ်းစားပေးမယ်။

ဒီနေ့ မနက်ဖြန်ကိစ္စတွေကိုပဲ တွေးပါ၊ အတိတ်ဆိုတာ၊ ကျန်ရစ်ခဲ့ပြီ၊ မစဉ်းစားနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်း။ ဘွဲ့တစ်ခုလောက်တော့ ရပြီး

လောက်ရောပေါ့နော်"

"နှစ်ခု...သုံးခုလောက်တောင် ရပြီးနေ

ရပြီးနေမှာပါ"

"တိတိကျကျ သိချင်တယ်။ အလုပ်လုပ်

မယ်ဆိုရင်၊ ပညာရေးက ပါလာပြီလေ"

"မလိုပါဘူး။ ရုပ်ရှင်မင်းသမီးလုပ်။ အဆို

တော်လုပ်။ မော်ဒယ်ဂဲ(လ)လုပ်။ ဘာတွဲ့လက်မှတ်

ပြစရာ မလိုဘူး"

စိတ်နှလုံးကို ပေါ့ပါးစေလိုသဖြင့် ခွတ်တွတ်တွတ် ကျွန်တော်

ပြောသည်။ သူ...ပြုံး၏။

"လေ နည်းနည်းတိုက်လာပြီ၊ အိမ်ထဲကို ဝင်ရအောင်"...ဟု

ကျွန်တော် ပြောသည်။ လက်ထဲရှိ ရှူဆေးဘူးလေးကို၊ တစ်ချက်

ရှူပြီး၊ သူ ထိုင်ရာမှ ထ,သည်။ ကျွန်တော် အလိုက်သင့် ဖေးတွဲ

ထိုစဉ် မြို့စွမ်ပြုတ်သွားဝယ်သော၊ ယုယနှင့် ကြည်နူး

ရောက်လာကြ၏။ "ဆာနေပြီလား"...ဟု၊ ကြည်နူးက ရှင်းရှင်း

မေးသည်။ "မဆာသေးပါဘူး"...ဟု၊ ဖြေသည်။ အိမ်တံခါးဝ

အတူတကွ လျှောက်လာကြရင်း။ ယုယက၊

"မင်းအမေက၊ ရှင်းရှင်း အရျားပြော





တာနဲ့ အမြန်လာတဲ့။ ကိုယ့်ကိုကိုယ်တောင်၊ မပြုစု

တတ်ဘဲနဲ့၊ သူတစ်ပါးကို ပြုစုမယ်ဆိုတာ၊ အလွယ်

ပြောတာတဲ့။ အိမ်မှာသာ အမြန်လာခဲ့နေကြတဲ့။

နှစ်ယောက်စလုံးကို ခေါ်နေပြီ။ ဘယ်နေ့ သွားမှာ

လဲ"

"ဆေးခန်းတစ်ခါပြပြီးရင် သွားမှာပေါ့"...ဟု၊ ကျွန်တော်

ပြောသည်။ ကြည်နူးက...

"မင်းတို့နှစ်ယောက်တည်း သွားပါလား။

ငါတို့နှစ်ယောက် ဒီမှာ အလုပ်တစ်ခုခု [illegible]

နေရစ်ခဲ့ချင်တယ်"

"လိုက်တော့၊ လိုက်ခဲ့ကြပါဦးကွာ။ လေး

ငါးရက်ကြာမှ၊ ဒီ...ပြန်လာပေါ့။

ဖုန်းထဲကနေ အမေ့ကို ဘယ်လို ပြော

လိုက်သလဲ။ အကုန်ပြန်လာမယ်လို့ မပြောလိုက်

ဘူးလား"

"အသေးစိတ် မပြောလိုက်ဘူး။ ဆရာဝန်က ကျေးလက်မှာ

ဆန်းဖြေဖို့ ညွှန်ကြားလို့၊ အဲဒီကို လာကြမယ်ဆိုတာလောက်ပဲ

ပြောလိုက်တယ်"...ဟု၊ ယုယ ဝင်ပြောသည်။ ရှင်းရှင်းက...

"ကိုမင်းတို့ မြို့က၊ ဝေးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဝေးကြီးလည်း မဟုတ်ပါဘူး။ နေ့ဝက်ခရီးပေါ့"

"ဒီမှာနေရတာထက်စာရင်၊ အဲဒီလို တစ်နေရာရာမှာ သွားနေချင်တယ်။ စိတ်အပြောင်း အလဲလည်း ဖြစ်မယ်ထင်တယ်။ နော်"

"ဒါပေါ့"...ဟု၊ ကျွန်တော် ထောက်ခံလိုက်သည်။ "စိတ်" အပြောင်းအလဲဟူသည့် စကားအသုံးအနှုန်းကြောင့်၊ ရင်ထဲတွင် ကြည်နူး၊ အေးမြ၊ ထိတ်လန့်၊ ဝမ်းနည်းသွားရပြန်၏။

●●●

(၁၁)

"ရပ်ကွက်လူကြီးတွေကို သေသေချာချာ ပြောခဲ့ရဲ့လား။ ဒီကို ခေါ်လာမယ်ဆိုတာ။ ပြီးတော့...ဒီလိပ်စာ သေသေချာချာပေးခဲ့ရဲ့လား"...ဟု၊ ခရီးရောက်မဆိုက်၊ အမေ မေးသည်။ "အကုန်စီစဉ်ခဲ့တယ်။ မှာခဲ့တယ်။ အကြောင်းကြားခဲ့ပါတယ်"...ဟု၊ ကျွန်တော် အကျဉ်းရုံး၍ ဖြေသည်။

အစ်မက...၊

"မောင်လေး ရည်းစားက၊ ချောချော လေးပဲ။ ရန်ကုန်သူနဲ့ တူတယ်။ ဟုတ်လား"

ရှင်းရှင်းကို တရင်းတနှီး ပြုံးပြုံးကြည့်ပေးရင်း ပြောသည်။

www.burmeseclassic.com



ရှင်းရှင်းသည် မျက်လုံးပိုင်းလျက်သာနေ၏။ ရှက်သွေးဖြာစွာ ပြုံးသည်။ အားလုံးကို အားနာနေဟန်ရှိ၏။ အမေက...

"ဟဲ့။ အကြီးမ။ ပေါက်တတ်ကရတွေ ပြောမနေနဲ့။ ကလေးမလေး နားပလေ့စေဦး။ သွား...။ နင့်အခန်းသေးက၊ အခန်းမှာ နေဖို့ထိုင်ဖို့ စီစဉ်ပေးလိုက်"

ပြောရင်း။ ရှင်းရှင်းဘက်သို့ လှည့်ကာ...

"သမီး။ ရေမချိုးနဲ့ဦးနော်။ တော်တော် ကြာမှ ခြေလက်ဆေးချင်ဆေး။ အဖျားရှိသေးသလား"

ခေါင်းခါပြ၏။

"အေးအေး။ သွားနားချေဦး။ အားနာပါးနာ မနေနဲ့နော်။ ဒါ...အမေတို့အိမ်။ သမီးရဲ့ မိဘအိမ်လို့ပဲ၊ သဘောထား။ လွတ်လွတ်လပ်လပ် နေ"

အထုပ်အပိုးတွေကို၊ အစ်မက ဦးဆောင်ကူမသည်။ အစ်မ နှင့် ရှင်းရှင်းတို့၊ အပေါ်ထပ်ရောက်လောက်သည့်အခါတွင်၊ အမေ က...,

"မင်း..., ဘာဆက်လုပ်မယ် စိတ်ကူးထား





လဲ"

"မပြောတတ်ဘူး အမေရယ်။ တစ်သက် လုံး ဒီလို နေထိုင်ဖို့ မဖြစ်ဘူးဆိုတာတော့ သိတယ်။ တစ်ခုခုစီစဉ်ရင်၊ ကောင်းမယ်။ အမေတို့ သူ့ကို မွေးစားလိုက်တာမျိုးပေါ့"

"ဟဲ့ မွေးစားတာ လွယ်လွယ်လေး။ သူ့မိ သူ့ဖ ကိစ္စက ရှိသေးတယ်လေ။

ကျုန်းမာရေးက ဒီအတိုင်းလေးဆိုရင်၊ ပြုစု စောင့်ရှောက်ရတာ၊ ခန့်မလေးပါဘူး။ တစ်ခုခု ပြောင်းလဲသွားရင်၊ ဓေတနာက, ဝေဒနာဖြစ်ရာ တွေ့ ကြုံမလာဘူးလို့ မဆိုနိုင်ဘူး။

ပြီးတော့..., ကလေးမလေးကို၊ ဒို့အရင် က၊ မင်းက နှစ်သက်ရည်ရွှနေတာဆို။ တို့ မွေးစား လိုက်ပြီထား။ မွေးစားရာ ရောက်ပါ့မလား"

"စိတ်နှလုံး အပြောင်းခက်ပေမဲ့ အနေ အထိုင် ပြောင်းရမှာပေါ့ အမေရယ်။ နှမသားချင်း လို သဘောထားရတော့မှာပေါ့"

စကားနည်းပါးသည့် အဖေက၊ တစ်ခွန်းဝင်ထောက်သည်။

"မင်းဟာက,လည်း။တောင်းဆိတ်ကို တံးဖို့



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းမရလို့ ဥပုသ်မြဲနေရသေးတဲ့ သစ်ကျုတ်လို ဖြစ်နေတယ်။

မင်းနေရာမှာ ငါသာဆို ခေါင်းမှာ ဆံပင်တောင် ရှိတော့မယ် မထင်ဘူး။ တော်တော် ခေါင်းအရှုပ်ခံတဲ့ကောင်"

သက်ပြင်းသာ ချမိတော့သည်။ အမေက...,

"ဒါနဲ့ သူ...ဘယ်သူဘယ်ဝါစုံစမ်းတဲ့ကိစ္စတွေရော...။ ဘာမှ မထူးဘူးလား"

"အဆောင်တွေလည်း အနှံ့ ယမင်းဆိုတဲ့ နာမည်နဲ့ ဟိုမေးဒီမေး မေးတာ၊ ဘယ်အဆောင်မှာမှ လူမပျောက်ဘူး။ နာမည်တူတောင်မရှိဘူး အမေ"

"ကံပေါ့လေ။ မင်းသာ၊ ဘာလုပ်သင့်သလဲ အထပ်ထပ်စဉ်းစား။

မိန်းမချင်းကူညီတာ ဘာမှ ပြဿနာ မရှိဘူး။

ကလေးမလေးကို၊ ပ,ထုတ်ဖို့ ငါ့မှာ အစီအစဉ်မရှိဘူးနော်။

မင်း မကြိုက်ဘဲ၊ ငါ...ကြိုက်လည်း ဒါမျိုးက





ကူညီရမှာပဲ။

ဒါပေမဲ့... စောစောက၊ မင်းပြောသလို၊ စိတ်နှလုံးထဲရှိတာ၊ ဘေးဖယ်။ အပြုအမူ အဆက်အဆံကို တကယ့် မောင်လို နှမလို ပြုမူဆက်ဆံမှ၊ တန်ကာကျမယ်။ ကြားလား"

"စိတ်ချပါ အမေရယ်"...ဟု၊ စိတ်ညစ်ညူးစွာ ဆိုမိသည်။ "ဟိုနှစ်ကောင်ရော။ သူတို့အိမ်မှာ နေခဲ့ကြတာလား"...ဟု၊ ယုယနှင့် ကြည်နူးတို့ကို ရည်ရွယ်မေးမြန်းသည်။ "ညကျမှ လာလိမ့်မယ်"...ဟု၊ ကျွန်တော် ပြေလိုက်၏။

နယ်ဒေသ၏ လေပြည်သင်းရနံ့သည်၊ မွန်းကျပ်နေသူ၏ နှလုံးသည်းမိုင်းအတွင်းသို့ အညစ်အကြေးကင်းစွာ၊ ဝင်ရောက်လာ၏။ စိတ်မသက်သာသော်လည်း။ ကိုယ်...သက်သာသလိုလို ရှိသည်။

"ကမ္ဘာဦးကျမ်းစာထဲကလို ပြောရမယ်ဆိုရင်၊ ငါတို့က မြွေ။ မင်းက...အာဒံ။ ရှင်းရှင်းကပေါ။ မစားကောင်းတဲ့ အသီးဆိုတာ အချစ်။ နောက်ဖြစ်နောက်ရှင်းပေါ့ကွာ။ ...လာလော



www.burmeseclassic.com

www.burmeseclassic.com



ဆယ်။ မစားကောင်းတဲ့ အသီးကိုပဲ စားလိုက်ပါတော့
လား"

ယုယ၏ စကားအဆုံးတွင်၊ ကြည်နူးက...,

"ကမ္ဘာဦးကျမ်းစာအရ ဆိုရင်၊ တကယ်
တော့ မြွေဆိုတာ မြှားနတ်မောင်ပဲကွ။
မြွေညွှန်ပြလို့ သစ်သီးကို၊ အာဒံနဲ့ ဧ
တို့ စားမြစ်ကြတာပဲ။ စားမြစ်ကြလို့ သူတို့ ချစ်လွ
ကြတာပဲ"

ကျွန်တော်က...,

"အဲ့ဒီ့ အချစ်နဲ့ ညီမျှတဲ့ အပြစ်ဒဏ်တွေ
ကိုလည်း၊ မင်းတို့ ထည့်ပြောဦးလေ။
မြွေကို ဝမ်းဖြင့် သွားစေ။ ဧဝကို ကိုယ်ဝ
ဆောင် ဒုက္ခ၊ ခင်ပွန်းရဲ့ အုပ်စိုးခြင်းတွေကို ခံစေ
အာဒံကိုကျတော့၊ တစ်သက်လုံး ပင်ပန်းစေ
ဆိုတာမျိုး။
ပြီးတော့..., သင်သည် မြေမှုန့်ဖြစ်၍
မြေမှုန့်သို့ ပြန်ရမည်ဆိုတာမျိုးတွေ၊ ထည့်ပြောပေ
အဲဒါတွေက အချစ်ရဲ့ နောက်ဆက်တွဲ ကျိန်စာတွေ
ပဲ"





"ကျိန်စာမဟုတ်ပါဘူးကွာ။ အပြစ်ဒဏ်ခတ်တာပါ"...ဟု၊
ယုယ ပြော၏။ "ဘုရားသခင်က၊ အရာအားလုံးကို ခွင့်လွှတ်ခဲ့ရင်
ဦးရော"...ဟု၊ ကျွန်တော် ပြောသည်။ ယုယက...,

"မင်းထင်။ စကားမလွှဲနဲ့။ ငါ့စကားကို၊
ငါ မျက်ခြေမပြတ်ဘူး။
ပြော...။ မင်း ရှင်းရှင်းကို၊ ချစ်စကား
ကြိုက်စကား ပြောမှာလား။ မပြောဘူးလား"
"ပြောရမယ့် အခြေအနေမှ မဟုတ်တာ
ကွ"

ကြည်နူးက...,

"ဘာလဲ။ သူ့ အတိတ်ကို ပြန်သတိရ
သွားရင်၊ အခုကာလတွေကို၊ မမှတ်မိမှာစိုးလို့
မဟုတ်လား"
"အဲဒီလိုချည်းတော့၊ မဟုတ်ပါဘူး။ သူ့
ပုံမှန်ဘဝ၊ ပုံမှန် အသိဉာဏ်ဖြစ်လာမယ့် ကာလ,
မျိုးမှာပဲ၊ ငါ ပြောချင်တယ်"
"တစ်သက်လုံး။ အခြေအနေက၊ ဒီ
အတိုင်းပဲ ဆိုရင်ကော"
"ငါ ပြောပြီးပြီပဲ။ သူ့အနားမှာ ငါရှိနေရင်



www.burmeseclassic.com

www.burmeseclassic.com



တော်ပါပြီ...လို့"

"မင်းကလည်း၊ အိမ်ထဲဝင်ခွင့်မသာလို့ မြဲစည်းရိုးမှိုပြီး စောင့်နေတဲ့ သူလိုပဲ"

"ကြည့်စမ်း။ ငါ အဲဒီလို မဟုတ်ဘူး။ မင်း ပြောပုံက အကွက်ကောင်းစောင့်နေတဲ့ သူခိုး တစ်ယောက်ကို ပြောသလိုမျိုး။

ငါ ဖြစ်နေတာက, မင်းတို့ ထင်မြင်ချက် တွေ အားလုံးထက်၊ ပိုကြီးမားတယ်။

အပြစ်လွတ်ရာလွတ်ကြောင်း။ အခွင့်သာရာ သာကြောင်း ငါ...စောင့်နေတာ မဟုတ်ဘူး။ သူ့ ရင်ထဲက၊ မူလ,စိတ်ထဲကိုပဲ ငါ့ရင်ထဲက၊ မူရင်းစိတ် အမှန်ကို၊ ထည့်ပေးချင်တယ်။

နေဝင်ရီတရော။ မှောင်ရီပျိုးချိန်မျိုးမှာ၊ ငါ့ ရင်ထဲက နှလုံးသားရတနာကို၊ ငါ...ထုတ်ပြမှာ မဟုတ်ဘူး။ အလင်းရောင် မသဲကွဲရင်၊ ရတနာ ပစ္စည်းကို၊ ပုလင်းကွဲလို့ ထင်သွားနိုင်တယ်"

"ဒါဆို ကျိတ်ခံနေဦးမယ်ပေါ့"

"မသိဘူး။ ဘာကို ကျိတ်ခံနေတယ်ဆိုတာတောင်၊ ငါ... မသိတော့ဘူး"...ဟု၊ ကျွန်တော် ပြောလိုက်သည်။





"ဘာကိုပဲ ကျိတ်ခံကျိတ်ခံ။ ဆန်ကာစစ် လိုက်ရင်၊ အချစ်ကြောင့်ဆိုတာ ထင်းနေတာပါပဲ"

အချစ်ဟူသည်၊ လောကသက်ရှိအားလုံး၏ နှလုံးသည်းစိုင် အတွင်းသို့၊ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့်၊ ချဉ်းနင်းဝင်ရောက်လျက်၊ အခံအပေါင်းများစွာဖြင့်၊ ထိုးနှက်တိုက်စားတတ်လေပြီ။

●●●



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

"မင်း။ မိန်းမ, နိုးလာတာဆို"

လောက,လူ့ရွာ၏ အလေ့အထ။

ပတ်ဝန်းကျင်၏ ဝရိုက်သဘာဝ။

ဘကြီးတော်စပ်သူ၏ အမေးစကားကို၊ ကျွန်တော် မဖြေ။ အနားတွင်၊ စာအုပ်တစ်အုပ်ဖတ်နေသူ ရှင်းရှင်း၏ မျက်နှာလေးကို သာ၊ ဝမ်းပမ်းတနည်း ငေးကြည့်လိုက်မိသည်။ မျက်နှံးတစ်ချက်တွန့် လျက်၊ ယင်း၏ အမေးစကားအပေါ် အလိုမကျကြောင်း။ စဉ်းငယ်မှု ပြသ,မိသည်။

တစ်ယောက်လာ၊ တစ်ခါမေး။ တစ်ခါမေး တော်ရှင်းပြရ



www.burmeseclassic.com

www.burmeseclassic.com



မည့်၊ ကိစ္စကို၊ ကျွန်တော် မနှစ်ခြို့။ မချေမင် ပြန်မပြောမိအောင်သာ ကျွန်တော် နေလိုက်သည်။ "စပ်စုတယ်ဆိုတဲ့ စကားကား ယောက်ျားတွေနဲ့ရော၊ သက်ဆိုင်သလား"...ဟုပင်၊ မေးမှစ်လိုက်ဖို့ စိတ်ကူးမိသေးသည်။

အမေ၊ အမေ၊ အစ်မ...တို့၊ ရှိနေသည်ကတစ်ကြောင်း။ မွေးသည့်မိခင်ထက်ပင် အသက်ကြီးသော အမေ့၏ အစ်ကိုဖြစ်နေခြင်းကတစ်ကြောင်းကြောင့်၊ မကြားသလိုသာ နေလိုက်၏။

"မဟုတ်ပါဘူး ဘကြီးရယ်။ အဖြစ်မှန်ကား ဒီလို...ဘကြီးရဲ့..."

"အစ်မ"...ဟု၊ ကျွန်တော် လှမ်းဟန့်လိုက်ရင်း...

"နှင် မပင်ပန်းဘူးလား။ ကိုယ့်အိမ်တွင်းရေးနဲ့ကိုယ်။ ရှုပ်ယှက်ခတ်နေတာ။

သူတစ်ပါးအထင်အမြင်လွဲမှာစိုးလို့ ရှင်းပြရတာတစ်မျိုး။ တကယ်ရင်ဆိုင်ကြုံတွေ့နေရလို့ ကြိုးပမ်းရတာ တစ်မျိုး။ ဘာဖြစ်လို့ ပါးစပ်အညောင်းခံပြီး ရှင်းပြနေမှာလဲ"

"ဟဲ့။ မင်းထင်"...ဟု၊ အမေ လှမ်းအော်သည်။ အဖေက ဆေးတံထဲမှ ဆေးရေးတွေကို၊ သံချွန်တစ်ခုဖြင့် ခြစ်ထုတ်နေ၏။ ရှင်းရှင်းသည်၊ တအုပ်ကို မျက်နှာအပ်ထားသော်လည်း။ အာရုံကို





ကျွန်တော့်ထံသို့ ပို့ထားပုံရ၏။

"တကယ် ရှင်းပြလို့ နားရှင်းသွားပြီ။ အမြင်ရှင်းသွားပြီတော့။

ငါတို့ ရင်ဆိုင်နေရတဲ့ ကိစ္စကို၊ ပြေလည်အောင်, ဘယ်သူဖြေရှင်းပေးနိုင်လို့လဲ။

ကိုယ့်ကိစ္စကိုယ် ရင်ဆိုင်နေရမယ့်အတူတူ၊ ကိုယ့်ဘာသာသိဖို့ပဲ လိုတယ်။ တခြားသူတွေသိဖို့ မလိုဘူး ရှင်းပြမနေနဲ့"

"မဟုတ်ဘူးလေ၊ မောင်လေးရယ်။ တစ်နယ်လုံး။ ကိုယ့်ဆွေမျိုးတွေချည်းပဲဟာ။ ဝိုင်းဝန်းဖြေရှင်းပေးလို့ ရချင်ရမှာပေါ့"

ကျွန်တော်၊ အစ်မဖြစ်သူဘက်သို့၊ တည့်တည့်လှည့်ကာ...

"အစ်မ။ လာမေးတိုင်း ရှင်းပြရလို့ တစ်ခါ ရှင်းရင်၊ ရေတစ်ခွက်နှုန်းသောက်။

ဟို...ရာဝင်အိုးထဲက သောက်ရေတွေ နှစ်ဆယ့်လေးနာရီအတွင်း။ ကုန်သွားလိမ့်မယ်"

"ဟေ့ကောင်"

ဘကြီး၏ ခေါ်ငေါက်သံ။

မျက်လုံးတွင်း၊ ဒေါသမီးလျှံ ဝင်းဝင်းထနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မဟုတ်မဟာ်တွေလုပ်လာမှာ စိုးလို့ ငါ..လာမေးတာကွ။

အရပ်ထဲမှာ နှံ့နေပြီ။ မင်း..သတင်းတွေ ဒါ..ကျေးလက်ကွ။ မင်းတို့ ပညာတွေ သွားသင်ပြီး နေချင်သလို နေလို့ဖြစ်တဲ့ မြို့ပြမဟုတ်ဘူး"

အဖေသည်၊ ဆေးတံထဲသို့ ဆေးထည့်ပြီး၊ မီးညှိနေ၏။ အမေ မျက်နှာမကောင်း။

"မင်းတို့ သွား...လာနေတဲ့ မြို့ပြမှာလို နေချင်သလိုနေ၊ ထိုင်ချင်သလိုထိုင်၊ လုပ်ချင်သလို လုပ်လို့ရတဲ့ အရပ်မဟုတ်ဘူးကွ"

"မြို့ပြမှာလည်း နေချင်သလိုနေ၊ လုပ်ချင်သလို လုပ်လို့မရပါဘူး။ စည်းနဲ့ကမ်းနဲ့ ဥပဒေနဲ့ ယဉ်ကျေးမှုနဲ့ ဘာသာတရားနဲ့ အကုန်ပြည့်စုံတယ်။ ပိုပြီးတော့တောင်၊ ခေတ်မီသေးတယ်"

"အေး။ ထားပါတော့။ ဒီမှာ ဆွေမျိုးသားချင်းတွေ ရှိတယ်။ မင်း..ဘာလုပ်သလဲဆိုတာ ဆွေမျိုးသားချင်းတွေ သိဖို့လိုတယ်"

"ဆွေမျိုးသားချင်းတွေသိ။ ပြီးရင်..အရပ်ထဲမှာ သတင်းဖြန့်၊ ဒီကောင်လေးက ဘယ်လို။ ဒီကောင်မလေးဘယ်လို ဆိုတာမျိုးပဲ။





ဝေဖန်ကြမှာပေါ့။ ဘာထူးလာမှာ မို့လို့လဲ"...ဟု၊ လေသံအေးအေးစွာဖြင့်၊ ကျွန်တော် ပြောသည်။ ဘကြီးက...၊

"အဝေဖန်မခံချင်ရင်၊ မင်း...၊ မဟုတ်တာ၊ မလုပ်နဲ့ပေါ့။

ဒီ...ကလေးမ,လေးမှာ၊ မိန့်ဘနဲ့။ အသိုင်းအဝိုင်းနဲ့ ရှိမှာပဲ။ မင်း..လုပ်ချင်သလို လုပ်လို့ မရဘူး"

ကျွန်တော်က...

"ဒုက္ခပဲ။ ဖြတ်ကိုက်ရာကနေ မြွေပေါက်ရာ ဖြစ်တော့မယ်"

ပြောပြီး၊ ထိုင်ရာမှ ထ,ကာ၊ အမေ့ကို ငုံ့ကြည့်ရင်း...

"အမေ...။ ထင်ချင်သလို ထင်ကြပေ့စေနော်။ ရှင်းမပြဖို့ ကျွန်တော်၊ တောင်းပန်ပါတယ်။

ရှင်းပြလိုက်ရင်လည်း၊ ကောင်မ,လေးက ဘာဖြစ်နေတာ၊ ညာဖြစ်နေတာဆိုတဲ့ အသံမျိုးတွေ ထပ်ထွက်လာဦးမှာပဲ။ ဘာအကျိုးမှ၊ ထူးလာမှာ မဟုတ်ဘူး"

ပြောပြီး၊ ရှင်းရှင်း၏ ပခုံးကို လက်တို့လိုက်သည်။ ဖတ်လက်စ, စာအုပ်ကို၊ ပိတ်လျက်ကိုင်ပြီး၊ ကျွန်တော့်နောက်သို့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။

တစ်ခွေလုံး။ တစ်မျိုးလုံး ဒေါ်သ,အမျက် တောင်းထောင်း ထွက်နေကြပေလိမ့်မည်။ ထိုဒေါ်သ,အမျက်တို့၏ နှုန်းထားသည် ကျွန်တော့်နှလုံးသား၏ အပူဒီဂရီကို၊ ကျော်လွန်လိမ့်မည်မဟုတ်။

၉

အခါတိုင်း။ လမ်းလျှောက်ထွက်လျှင်၊ အစ်မ ဖြစ်သူ လိုက်ပါ လာလေ့ရှိသည်။ ယခုညနေတွင်မူ၊ ဘကြီးကို ဘုတောပြီး ထွက်လာ ဖြစ်သည်မို့ အစ်မကို ခေါ်ချိန်မရ။ ကျွန်တော့်နှင့် ရှင်းရှင်း၊ နှစ်ယောက် တည်း။

"ဟဲ့။ ဒီစုံတွဲ။ ဘယ်သွားကြမလဲ"

အဒေါ်တစ်ဝမ်းကွဲလောက် တော်စပ်မည့်၊ ဒေါ်ဘုတ်ဆုံ၏ နှုတ်ဆက်မေးမြန်းစကား။

"သူ့ကို ခြံထဲက အပင်တွေ လိုက်ပြမလို့"

"ဪ...အေးအေး။ ဟဲ့...ဒါနဲ့၊ ကောင်မလေး ပိတ္တွေဆီ ဘယ်တော့သွားအပ်မှာ တုန်း။"

ဝါတွင်းဆိုတော့..., အပ်ရုံပဲ အပ်ရမှာ။





ဝါကျွတ်မှ မင်္ဂလာဆောင်ရတာနော်"

ရှင်းရှင်း၏ မျက်နှာလေး တွန့်နေသည်။ သို့သော်... ပြုံးဟန် မပျက်။ ကျွန်တော်က, ရယ်ချင်နေသည်။

"ဟဲ့။ ငါ အကောင်းမေးနေတာ။ ဘာ ပြုံးနေတာတုန်း"

"ကြီးဘုတ်ဆုံ။ ထမင်းစားပြီးပြီလား"

"ညနေစာတော့၊ ဘယ်စားရသေးမလဲဟဲ့"

"မနက်စာတော့ စားပြီးရောပေါ့"

"အဲပေါ့"

"ဘာဟင်းနဲ့ စားလဲ"

"ငါးမျက်လေးတွေ ဆီပြန်ချက်စားတယ်"

"ညနေစာရော။ ဘာဟင်းနဲ့ စားမှာလဲ"

"ဒါပဲပေါ့ဟဲ့။ ငါးပိ တို့စရာတော့ ပါတာ ပေါ့"

"မနက်ဖြန်ရော။ ဘာဟင်းချက်စားမလဲ"

"သိသေးပါဘူး။ ဘာလုပ်မလို့တုန်း"

"ဪ...။ မနက်ဖြန် ဘာဟင်းနဲ့ ထမင်း စားရမလဲဆိုတဲ့၊ ကိုယ့်ကိစ္စကိုယ်ပဲ စဉ်းစား...ဖို့ ပြောမလို့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကိစ္စကို၊ ခေါင်းထဲ ထည့်
မထားနဲ့။

ကိုယ့်ထမင်းကိုယ်၊ ဆန်ကောင်းကောင်း
ဟင်းကောင်းကောင်းနဲ့ စားနိုင်ဖို့ပဲ၊ တွေး...။

သူများကိစ္စ ဘာမှ မတွေးနဲ့၊ ကိုယ့်ထမင်း
ကိုယ်စားပြီး၊ သူများကိစ္စ ခေါင်းထဲထည့်ရင်
ထမင်းအိုးတူးမယ်။ ဟင်းအိုးကပ်မယ်။ ဧော်
ကြီးဘုတ်ဆို”

“ဟဲ့။ နင့်စကားက၊ ဘာစကားတုန်း”

“ဆွေမျိုးသားချင်းတွေကို၊ ကိုယ့်အလုပ်ကိုယ်လုပ်စေချင်တဲ့ စကားပဲ”...ဟု၊ ကျွန်တော် ပြောခဲ့သည်။ “ကိုမင်းရယ်။ အားနာစရာ” ...ဟု၊ ရှင်းရှင်းက၊ တီးတိုး ပြောသည်။

“ကိုမင်းက၊ ရှင်းရှင်းကိုပဲ အားနာနေတာ”...ဟု၊ ကျွန်တော် ပြောလိုက်၏။ “ရှင်းရှင်းလည်း၊ အားလုံးကို အားနာတယ်”...ဟု သူ... ပြန်ပြော၏။

“အားနာတာကို၊ အင်္ဂလိပ်လို ဘယ်လို ပြောသလဲ”...ဟု ပြုံး၍ ကျွန်တော် မေးသည်။ “မသိပါဘူး”...ဟု၊ ခေါင်းလေးငုံ့လျက် သူ...ဖြေ၏။

လူမှုရေးနွေတောင်တန်းတွေကို၊ ဖြတ်သန်းလာရသည့်





ဒေါသ တိမ်တိုက်တို့သည်၊ သမုဒယချွက်စိမ်းတော၏ အနီးသို့ ရောက်လာရသည့်အခါ၊ အပြုံးသမုဒ္ဒရာမှ တိုက်ခတ်လာသော သံယောဇဉ်လတ်သုန်လေကြောင့်၊ ကြည်နူးခြင်း မိုးရေစက်များ။ ငြိမ်းအေးစွာ ရွာသွန်းပြီးသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ယုယနှင့်ကြည်နူးကို၊ ကျွန်တော်နှင့် ရှင်းရှင်းတို့နှစ်ယောက်တည်း ရန်ကုန်အပြန်ကားဂိတ်သို့ လိုက်ပို့သည်။ အလုပ်တစ်ခုခုကို၊ သူတို့ လုပ်ကိုင်ထားကြမည်ဖြစ်ကြောင်း၊ ယုယနှင့် ကြည်နူးက၊ မှာကြားပြောဆိုသည်။ ကားထွက်ခွာမှ၊ ကျွန်တော်တို့ အိမ်ပြန်ခဲ့သည်။

အိမ်အပြန်လမ်းတစ်လျှောက်တွင်၊ ရင်းနှီးခင်မင်သူတွေ နှုတ်ဆက်ကြသည်။ ပါးစပ်ဖြင့် နှုတ်ဆက်ရင်း၊ မျက်လုံးဖြင့် စပ်စုကြ၏။ တချို့က, ပါးစပ်ဖြင့် စပ်စုပြီး၊ မျက်လုံးဖြင့် ကဲ့ရဲ့ကြသည်။ မှုလျက်လည်းကောင်း၊ တည်လျက်လည်းကောင်း၊ ဘရိတ်စကော့သို့ ကျွဲမြီးနှံစကား ပါးပါးလုပ်လုပ်တို့ဖြင့်လည်းကောင်း၊ ကျွန်တော် ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဟခဲ့ရသည်။

●

"သမီး ဘာစားပြီးပြီလဲ"…ဟု ရှင်းရှင်းကို အမေ မေးသည်၊ "ကားဂိတ်က စားလာတယ် အမေ။ နွားနို့နဲ့ မုန့်နဲ့"…ဟု ရှင်းရှ… ဖြေ၏။ အဖေက… "နေထိုင်ကောင်းတယ် မဟုတ်လား"…ဟု ဝင်မေးသည်။ "ဟုတ်ကဲ့။ ကောင်းပါတယ် ဦးလေး"…ဟု ရှင်းရှ… ဖြေ၏။ ပြီးနောက်၊ မီးဖိုဆောင်တွင်၊ ချက်ပြုတ်နေသော၊ အစ်မထံ… ရှင်းရှင်း သွားသည်။ အချက်အပြုတ် ကျွမ်းကျင်သူဟု၊ သတိ… ဖြစ်ကြ၏။

"သာ။ မင်း…ဘာဆက်လုပ်မလဲ"

အမေ တီးတိုး မေးသည်။ အဖေသည်၊ ပက်လက်ကု… ထိုင်တွင် ထိုင်နေ၏။ အမေ့နံဘေးတွင်၊ ထိုင်လျက်၊ ကျွန်တော်က…

"တွေတွေထူးထူး ဘာဆက်လုပ်ရ… မလဲ အမေရယ်။ ကျွန်တော်၊ သူ့ကို စောင့်ရှော… နေချင်တယ်။ ဒါပဲလေ"

"မဟုတ်သေးဘူး သာ။ ဆွေမျိုး အ… အဆိုင်း။ ဝန်းကျင်အသိုင်းအဝိုင်းမှာ၊ သို့လော သို့…





တွေ ဖြစ်နေကြတယ်။

အမေ ပြောချင်တာက၊ မင်း ရှင်းရှင်းကို နှစ်သက်တယ်မဟုတ်လား။ အဲဒါ…အရပ်လူကြီးတွေ ရှေ့မှာ၊ လက်ထပ်တာတို့ ဘာတို့ လုပ်ချင်သလား …လို့ မေးတာ"

"အဲဒီ့အခြေအနေအထိကို၊ ကျွန်တော် ထည့်မစဉ်းစားသေးဘူး အမေ။

နှစ်တွေ ကြာလာတဲ့အထိ၊ သူ့မိ၊သူ့ဘ၊ သူ့ဆွေမျိုးအသိုင်းအဝိုင်းကို၊ စုံစမ်းလို့ မရကာမှ စိစဉ်ရမယ့် ကိစ္စ။ ဒါတောင် ကာယကံရှင်က လက်ခံ ဦးမှ။

အခုလောလောဆယ်၊ သူ့အတွက်၊ အစား အသောက် အနေအထိုင်၊ ကျန်းမာရေး…။ အဲဒါတွေ ကိုပဲ၊ ဂရုစိုက်နေချင်တယ်"

အမေက…၊

"သတင်းမေးတဲ့သူ။ လာ…စပ်စုတဲ့သူတွေ ကို၊ ဘာဖြစ်လို့ မင်း အဖြစ်မှန်ကို ပြောမပြတာလဲ"

"အမေ။ ကျွန်တော် ပြောပြတယ်ပဲလေ။ ကောင်မလေးက၊ အတိတ်မေ့နေတာ…လို့။ အဲဒီ့



www.burmeseclassic.com

www.burmeseclassic.com



စကား,ကားပြီ။ ဦးနှောက်မကောင်းဘူးတို့၊ စိတ်မနှံ့ဘူးတို့အထိ၊ စကားတင်းဆိုကြတာပဲ အဖတ်တင်မယ်။ တကယ့်နည်းမှန်လမ်းမှန် ဖြေရှင်းပေးနိုင်မယ့်သူ၊ တစ်ယောက်မှ၊ ရှိမှာ မဟုတ်ဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ။ စိတ်ရှတဲ့သူရှိသလို၊ ကူညီချင်တဲ့သူလည်း ရှိနိုင်တာပဲ"

"ကိုယ့် အိမ်တွင်းရေး ကိုယ်ပဲ ရှင်းရတာပါ အစေရယ်။ အိမ်နီးချင်းဆိုတာတွေ၊ ဆွေမျိုးဆိုတာတွေက၊ မသကာ, ကရုဏာစကားလောက်ပဲ ပြောနိုင်ကြတာပါ"

"ကောင်မ,လေးရဲ့ ကူခြွေသိက္ခာ၊ ထိခိုက်နေမှာကိုလည်း၊ မင်း...ထည့်စဉ်းစားဦးလေကွာ"

"သူ့သိက္ခာ ကိုယ့်သိက္ခာကို ငဲ့ကွက်ပြီး လက်ထပ်လိုက်ရုံနဲ့ ကျွန်တော်တို့ပြဿနာ တကယ်မှန်မှန်ကန်ကန် ပြေလည်သွားမှာမှ၊ မဟုတ်တာ"

အမေက...,

"ဆွေမျိုးသားချင်းတွေ၊ ပတ်ဝန်းကျင်က လူကြီးသူမ,တွေကို၊ ပြောပြပြီး တိုင်ပင်ရင်ကော"

"ကျွန်တော် ပြောပြီးပြီပဲ။ ကဲ့ရဲ့မှု ရှိမှာ





က,လွဲပြီး တကယ့်အဖြေကို သူတို့ဆီက, မရနိုင်ပါဘူး။

အိမ်နီးချင်း,၊ ဆွေမျိုးသားချင်းတွေကို ရင်ဖွင့်၊ ရင်ဖွင့်ရင်းက...ယုံကြည်၊ ယုံကြည်ရင်းက၊ အားကိုးမိရော။

အားကိုးမိကာမှ၊ အားမဖြစ်ဘဲ၊ ခုနက, ပြောသလို စကားတင်းဆိုစရာတွေပဲ ဖြစ်လာမှာပါ။ ကျွန်တော် ပြောတာကို ယုံပါ အမေရယ်။ ဘယ်သူ့မှ အားကိုးလို့ မဖြစ်ဘူး။

မဖြစ်မယ့်အတူတူ၊ အဖြစ်မှန်ကို သူတို့ သိဖို့ မသိဖို့ ကျွန်တော် ထည့်မစဉ်းစားတော့တာ"

"လူနဲ့ လူပတ်ဝန်းကျင်ကို၊ အထင်သေးစော်ကားသလို၊ ဖြစ်မနေဘူးလား မင်းထင်"

အဖေ့ အမေးစကားအဆုံးတွင်၊

ကျွန်တော်က...,

"ပတ်ဝန်းကျင်က၊ အတင်းအဖျင်းနဲ့ စော်ကားနေကြတာက၊ ပိုများတယ် အဖေ။

လူနဲ့ လူ့ဝန်းကျင်ကို ကျွန်တော် စော်ကားနေတာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



လူ့စရိုက်၊ လူ့သဘာဝကို၊ ကျွန်တော်…
ပြောနေတာ"

"ဒါဆို။ ကောင်မလေးကို၊ မင်း…
တစ်သက်လုံး စောင့်ရှောက်မယ်ပေါ့"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ပြီးနောက်…၊

"သူ့ ဘဝအမှန်ကို၊ မသိမချင်း
ကျွန်တော် စောင့်ရှောက်မယ်။

နောက်၊ တစ်လနှစ်လလောက်နေရင်
ကျွန်တော်…၊ ရန်ကုန်သွားမယ်။ အလုပ်လုပ်မယ်
သူ့ကို ဒီမှာ ထားခဲ့မယ်။

သူ့ကိုယ်သူ၊ ဘယ်သူဘယ်ဝါသိပြီဆိုတဲ့
အချိန်ရှိခဲ့ရင်။ အဲဒီအခါကျမှ သူ့ကို ကျွန်တော်
ချစ်စကားပြောမယ်။ သူ…လက်ခံရင်၊ လက်ထပ်
မယ်"

"အတိတ်မေ့နေတဲ့ သူမို့လို့၊ အခု…မင်း
သူ့ကို လက်မထပ်ဝံ့တာလား"

"မဟုတ်ဘူး။ ဘဝအမှန်ကို သိတဲ့အချိန်
မှာ၊ အရာရာဟာ၊ ပြုပြင်ပြောင်းလဲ…လို့ မရတော့
တာမျိုး မဖြစ်စေချင်တာ"





အဖေ ပြုံးလေသည်။

"မင်းက စကားပြော ဂျစ်ကန်ကန်နဲ့။
သေသေချာချာပြောကြည့်တော့၊ မဆိုးဘူးပဲ။

ကဲ…မြို၊ မင်းထင်အလိုကျသာ၊ နေပေ့စေ
တော့။ ဘယ်သူ့ကိုမှ အဖြစ်သနစ်အမှန်ကို ဖွင့်ရှင်း
ပြမနေနဲ့တော့"

အမေက၊ ကျွန်တော်နှင့် အဖေ့ကို၊ မဲ့ပြုံးဖြင့် ကျေနပ်စွာ
ကြည့်၏။ ကျွန်တော် စိတ်အနည်းငယ် ပေါ့ပါးဖြစ်လေသည်။

●●●

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

မြို့ဦးစေတီတော်ကြီး၏ ဘုရားပွဲကို၊ သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပသည်။ ဘုရားပွဲသို့ ကျွန်တော်တို့ မောင်နှမနှင့်အတူ ရှင်းရှင်းလိုက်ပါလာသည်။ အစ်မက, ရှင်းရှင်း၏ လက်ကို တွဲသည်။ ရှင်းရှင်းက, ကျွန်တော့်လက်မောင်းကို တွဲသည်။

"ရှင်းရှင်း။ အစ်မ လက်ကိုပဲ တွဲ။ ကိုမင်း လက်ကို မတွဲနဲ့"

"ဘာဖြစ်လို့လဲ ကိုမင်း"

"ဘာမှတော့ မဖြစ်ပါဘူး"

"ဘာမှမဖြစ်ရင်၊ ဘာမှ မတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အလိုမကျသော၊ စကားလေပြင်း။

"မောင်လေးက၊ သူ့ရည်းစားမြင်သွားမှာ စိုးလို့ နေမှာပေါ့"

...ဟု၊ အစ်မက, စိတ်လက်ပေါ့ပါးစေလိုဟန်ဖြင့်၊ ဝင်ရောက်နှောက်ပြောင်သည်။ ကျွန်တော် ရယ်နေလိုက်၏။ ရှင်းရှင်း မရယ်မော။

"ကိုယ့်ကိုကိုယ်၊ ဘယ်သူမှန်းမသိပေမဲ့၊ အမေ့ကိုရော ဦးလေးကိုရော၊ အစ်မကိုရော၊ ကိုယုယတို့ ကိုကြည်နူးတို့ကိုရော၊ ရှင်းရှင်း သံယောဇဉ်ဖြစ်တယ်။

ကိုမင်း အပေါ်လည်း။ ရှင်းရှင်း ခင်တွယ်တယ်။ ဒီ...သံယောဇဉ်စိတ်၊ ခင်တွယ်စိတ်လေးနဲ့ပဲ၊ ဘာကိုမှ မတွေးဘဲ၊ ရှင်းရှင်း နေနေတာပါ။

အနေအထိုင် ဆင်ခြင်ဖို့လောက်အထိ၊ ရှင်းရှင်းကို၊ ကိုမင်း မတားပါနဲ့။ အတားအဆီးတွေ အကုန်လုံးကို၊ ရှင်းရှင်း၊ မလိုက်နာပါရစေနဲ့ ကိုမင်းရယ်"

ခြေလှမ်းလှမ်းရင်း၊ မျက်ရည်ကျသည်။ ပခုံးစွန်းကို၊ လက်ဖြင့် ဖွဖွပုတ်လျက်,

"ကဲကဲ။ မတားတော့ဘူး။ မတားတော့ဘူး။ မငိုနဲ့တော့။ တိတ်...တိတ်။ အစ်မ, ကူချေဦး"





အစ်မက...,

"ပွဲတော်လာတာ၊ ငိုပြီး မလာရဘူးလေ။ ပျော်ပျော်ရွှင်ရွှင်ပေါ့။ နော်...ညီမလေး။

ပြီးရင်... မောင်နှမသုံးယောက် ဓာတ်ပုံရိုက်ကြဦးမှာ။ ဓာတ်ပုံထဲ ငိုတဲ့ မျက်နှာကြီးနဲ့ မကောင်းဘူး"

အစ်မက သူ့ဘက်အခြမ်း ပါးပြင်ကို၊ ဖယ်သုတ်သည်။ ကျွန်တော်က ကျွန်တော့်ဘက်အခြမ်း ပါးပြင်ကို၊ ဖယ်သုတ်ပေးသည်။ ပြီးနောက်, ရှင်းရှင်းက၊ သူ့ လက်ဖနောင့်နှင့်သူ၊ မျက်လုံးကိုရော၊ မျက်ရည်စွတ်ရာ မျက်နှာပြင်တစ်ခုလုံးကိုပါ၊ ဖယ်သုတ်လေ၏။

ငိုပြီးစ, မျက်နှာသည်၊ မိုးရွာပြီးစ, ကောင်းကင်မျက်နှာကြက်ကဲ့သို့၊ ကြည်လင်ဝင်းပနေလေသည်။

"ငိုပြီးမှ၊ ပိုလှလာတယ်"...ဟု၊ ကျွန်တော် ပြုံးလျက်ပြော၏။ သူ...ပြုံးသည်။ သွားတက်ကလေးသည်၊ လ,ရောင်ကြောင့် လက်ခနဲ ဖြစ်သွားသယောင်။

"ဒီလိုမှန်းသိရင်၊ ငိုနေတုန်း ဓာတ်ပုံရိုက်ထားပါတယ်"

ပြောပြီး။ သူ့မျက်နှာကို ငုံ့ကြည့်ဟန်ပြုကာ...

"ငိုတယ်သာ ပြောတယ် အစ်မရဲ့။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွင်မကျဘူး။ နှပ်တွေပါ ထွက်နေတယ်
နှပ်သုတ်နိုင်းလိုက်ဦး။
တော်ကြာ ခေတ်ပုံနှိုက်ရင်၊ နှပ်တွဲလောင်းနဲ့
ဆို၊ ရွံစရာကြီး"

ကျွန်တော့်စကားကြောင့်၊ နှာခေါင်းဝကို သူ...လက်တို့သည်
ပြီးမှ...

"ဟုတ်လည်း။ မဟုတ်ဘဲနဲ့"

ကလေးငယ်တစ်ဦးကဲ့သို့သော၊ စကားအမူအရာ။
ရယ်ရယ်မောမော ပြန်ဖြစ်သွားသဖြင့်၊ စိတ်အေးချမ်းရသည်
လဝန်းသည် ပြည့်ဝင်းထိန်သာလျက်ရှိ၏။

ပါးမို့မို့မျက်နှာပြင်တွင်၊ လရိပ်ထင်သည်။ ရေလှိုင်းကျဆင်း
ပြီးစ၊ ပင်လယ်သောင်ခြေပမာ၊ ထိတို့ရက်စရာမရှိလောက်အောင်
နုညက်နေသော အလှမျက်နှာလေးအား၊ မသိတသိစိတ်အမောဖြင့်
အကြည့်တစ်ကြည့် ကြည့်ငေးမိသည်။

ပေးနိုင်သည်၊ ခွဲနိုင်သည်၊ လွဲနိုင်သည်ဟု တခဏမျှတွေးမိသည်
ရယ်လက်စ အရယ်အမော လျော့ပါးသွားရသည်။ ဆုံနိုင်သည်
မြဲနိုင်သည်၊ နိုင်နိုင်သည်...ဟု၊ ကိုယ့်ကိုကိုယ် အားပေးရင်း။ စိတ်
ထူမတ်ကြည့်သေးသည်။ မရ၊ ဒူညွှတ်ခွေကျမတတ်၊ အားမဲ့ရချေ
အားထားရာသော လက်ချောင်းသွယ်လေးက၊ ပခုံးစွန်းက





ထိ,တင်လိုက်သည့်အခါ၊ ယိုင်နဲ့နဲ့ စိတ်အပျော့တို့သည်၊ အေးခဲမာထန်
လျက်၊ အရာရာကို အာခံရင်ဆိုင်တော့မည့်၊ သက်ရှိ သစ္စာပါကြီး
တစ်ကောင်ပမာ၊ တောင့်တင်းစွာ ရိုင်မတ်သွားပြန်၏။

"ခဲဖိုး...ခဲဖိုး...ခဲဖိုး"

ဘုရားပွဲမှ၊ အပြန်လမ်းတွင် ဖြစ်သည်။

ကျွန်တော် ခြေလှမ်း တုံ့လိုက်၏။ အသံလာရာသို့ ကြည့်
လိုက်သည်။ အရပ်ထဲမှ ရွယ်တူလေးယောက်ကို တွေ့၏။ သံပြိုင်
နီးပါး အော်နေလေ၏။

"ခဲဖိုး...ခဲဖိုး...ခဲဖိုး"

ထိုအထဲမှ၊ မြကြိုင်ဆိုသူနှင့် ကျွန်တော် ကျောင်းနေဘက်
ဖြစ်ဖူး၏။ ကျန်သုံးယောက်ကို၊ အမည်မသိ။ မျက်မှန်းတန်းရုံမျှသာ။

"ခဲဖိုး...ခဲဖိုး"

သူတို့ ထိုင်နေရာ ခုံတန်းဆီသို့ ကျွန်တော် သွားလိုက်သည်။
"ဟဲ့"...ဟု၊ အစ်မ, လှမ်းဆွဲ၏။ မမီ။

"မြကြိုင်။ ခဲဖိုးဆိုတာ၊ ဘာလဲ"

"မင်း မသိလို့ မေးတာလား။ အရပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကာ၊ ကာလသား အလေ့အထလေကွာ"

"အေး။ အဲဒီ့ အလေ့အထကို၊ ငါ... သိတယ်။ ဘယ်သူ့ကို ဆိုလိုတာလဲ...လို့ ငါ... မေးတာ"

"ပြောရမှာ အားနာတယ် မင်းထင်ရား။ ငါတို့တွေ၊ တကယ် ခဲဖိုးလိုချင်လို့ပါ"

"ပေးမယ်"

လမ်းဘေးဝဲရာသို့၊ ဟို...ဒီ ကျွန်တော် ကြည့်သည်။ ပြီးနောက် အုတ်ခဲကျိုးတစ်ခုကို သွားကောက်လိုက်၏။ ပြီးနောက် ထိုအုတ်ခဲကျိုးကို၊ အားပါပါဆုပ်ကိုင်ပြီး၊ မြကြိုင်ရှိရာသို့ တစ်လှမ်းချင်း သွားသည်။ သူ့ရှေ့တည့်တည့်တွင်၊ ရပ်လျက်...

"မင်း ဘယ်လောက်လိုချင်သလဲ"

"မင်းထင်။ မင်းက ဘာသဘောလဲ။ ရန်ဖြစ်ချင်တဲ့ သဘောလား"

"အေး"

ပြောပြီး၊ မြကြိုင်၏ မျက်နှာကို၊ အုတ်ခဲကျိုးဖြင့်၊ ထုချလိုက်သည်။ မြကြိုင်တိမ်းရှောင်လိုက်သဖြင့်၊ နားထင်ကိုသာ ထိသည်။ ကျန်သုံးယောက်က၊ ဟိုဟာ ဒီဟာဆွဲဖို့ ပြင်သည်။ ထိုသုံးယောက် ဆီကိုပါ၊ ကျွန်တော် မြားဦးလှည့်လိုက်၏။





လမ်းပေါ်တွင်၊ သွားလာနေသူတွေ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ အစ်မ၏ အော်သံ။ ရှင်းရှင်း၏ ခေါ်သံ။ လူကြီးသူမတွေ၏ ဝိုင်းဝန်းဟန့်တားသံတွေဖြင့်၊ ဆူညံသွားလေ၏။

●

ခင်ရာမင်ကြောင်းဖြင့်၊ နောက်ပြောင်မိကြောင်း။ မြကြိုင် ပြောသည်။ ကျွန်တော်...ဘာမျှ မပြော။

လူကြီးသူမတွေက၊ နောက်နောင် ရန်မဖြစ်ရန်၊ ဆိုဆုံးမသည်။

မိဘများခြံရုံလျက်၊ အရပ်လူကြီးရုံးတွင်၊ ခံဝန်လက်မှတ်ထိုးကြရသည်။ "မင်းလည်း၊ တက္ကသိုလ်တက်ဖူးတဲ့သူပဲ။ ဘာကြောင့် မိုက်မိုက်ကန်းကန်းလုပ်ရတာလဲ"...ဟု၊ ရပ်ကွက်လူကြီးက၊ ပြောသေး၏။ "တက္ကသိုလ်ကျောင်းသားလည်း၊ လူပဲ"...ဟု၊ ကျွန်တော် ပြန်ပြောချင်သေးသည်။ သို့သော်..., မပြောဖြစ်။

မြကြိုင်တို့ ထိုင်နေရာသို့၊ ကျွန်တော် ထသွားသည်။ မြကြိုင်ထံသို့ ကျွန်တော့် ညာဘက်လက်ကို ဆန့်တန်းပေးလိုက်၏။ ကျွန်တော်ကမ်းသော လက်ကို၊ မြကြိုင် ပြန်လည်ဆုပ်ကိုင်သည်။

"ငါ...စိတ်လွတ်သွားတယ်။ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ကွာ"

မြကျိုင် ခေါင်းညိတ်၏။ "ငါ တရင်းတနှီး နောက်တာပါ" ...ဟု၊ သူ...ပြောသည်။ "ငါ သိပါတယ်"...ဟုသာ၊ ပြန်ပြောဖြစ်သည်။ ရင်ထဲတွင်, ဆို့နင့်နေ၏။ ကျန်သုံးယောက်ကိုပါ၊ ကျွန်တော် လက်ဆွဲနှုတ်ဆက်လိုက်သည်။

ရှင်းရှင်း မျက်ရည်သုတ်နေသည်ကို၊ ကျွန်တော် မြင်၏။

ချစ်သောသူ၏ မျက်ရည်သည်၊ ချစ်နေရသူ၏ နှလုံးသည်းစိုင်အတွင်းမှ စီးဆင်းယိုဖိတ်လာသော၊ သွေးစိမ်းများပမာ၊ အခါခါ နင့်နာစေလေသည်။

●●●



(၁၅)

မည်သူ့ကိုမျှ ပြောပြအသိပေးစရာ မလိုဘူး...ဟူသည့် ဆုံးအဖြတ်သည်၊ ပြောကို ပြောရမည့် သူနှင့် ကြုံရသောအခါ၊ ဖိတ်သွန်ဖာမှောက်၊ ပြောပြရလေတော့၏။

ဇာစ်အိမ်သားလုံးကို၊ ဘုန်းတော်ကြီး ဦးဝိလာသ အခေါ်လွှတ်သည်။ ကျွန်တော့်၏ သတင်းအဝဝကို ကြားသိသဖြင့်၊ အခေါ်လွှတ်ကြောင်း။ ခန့်မှန်းမိကြ၏။

ထိုဘုန်းတော်ကြီး ဦးဝိလာသသည်၊ အရပ်ဒေသ၏ အထွဋ်အမြတ်။ လူသားတိုင်းအပေါ်၌၊ ကျောသားရင်သား မခွဲခြား။ သင်းရဲခြင်း, ချမ်းသာခြင်း, ဂုဏ်အရှိန်အဝါမြင့်ခြင်း။ နိမ့်ပြင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အပေါ်၌၊ သီးခြားဆက်ဆံမှုမပြု။ ပဋိပက္ခတစ်ခုခုအပေါ်၌၊ ထို ဘုန်းတော်ကြီး ဝင်ရောက်နားချလျှင်၊ မီးကို ရေဖြင့် ငြိမ်းသည့်ပမာ အရာရာသည် ငြိမ်းအေးရစမြဲ။

"ဘုရားပွဲရက်၊ နိုက်ရန်ဖြစ်တယ်ဆိုလို့ ဘယ်သူများလဲ မှတ်တယ်။ ဦးသော်ကောင်း ဒေါ်မြရီရဲ့ သားလေးကို။

ကဲ...မောင်မင်းထင်၊ ဘယ်လိုက ဘယ်လို ကိုယ်ထိလက်ရောက်ဖြစ်ရတာတုန်း"

ကျွန်တော် အလျှောက်ခက်သည်။

"မြကြိုင် ဘာမှ မဖြစ်ဘူး ဘုန်းဘုန်း နည်းနည်းပဲ ရှပ်ထိသွားတာ။ အခု ပြေလည်သွား ပါပြီ"

ဆရာတော် ဦးစီလာသ, ပြုံးတော်မူ၏။

"အဖြစ်အပျက်ကို မေးတာကွ။ ဘာ ကြောင့် ဖြစ်ရတယ် ဆိုတာ"

ပြောရင်း၊ ရှင်းရှင်းဘက်သို့ လက်ညှိုးညွှန်ကာ...

"ဒီကလေးမ,လေးကြောင့် ဖြစ်တာလား ဟုတ်လား"

"တင်ပါ့ဘုရား"





"ဘာကြောင့်၊ ဘယ်လို ဖြစ်တာလဲ။ ပြောပြပါဦး"

"တပည့်တော်၊ ဘယ်သူ့ကိုမှ အမှန် အတိုင်း မပြောချင်ဘူး ဘုရား"

"အေး။ အမှန်တရားဆိုတာ၊ ပြောအပ်တဲ့ သူကို ပြောအပ်တယ်။ မပြောအပ်တဲ့သူကို မပြော အပ်ဘူးပဲ ဆိုပါတော့။

ငါ့ကို၊ အမှန်အတိုင်းပြောပြဖို့ မလိုအပ် ဘူးလို့၊ မင်း...ယူဆသလား"

"မယူဆ,ပါဘူး ဘုရား"

"ဒါဆို ပြော။ သိချင်ရုံ မေးတာမဟုတ် ဘူး။ ဖြေရှင်းပေးနိုင်မယ်ထင်လို့ မေးရတာ"

"တင်ပါ။ တပည့်တော် ပြောပြပါ့မယ် ဘုန်းဘုန်း"

"... ... .....။ ...............................။ ........................။ ..........။ .......................။

..........................................။ ......

...................။ ......................................"

............။ .........................................



www.burmeseclassic.com

www.burmeseclassic.com



..........................................။ ..............
..........................။ ......................"

ကျွန်တော့် လျှောက်တင်စကားများ အဆုံးတွင် ဆရာတော်
က...,

"လောကလူ့ရွာမှာ၊ တစ်ခါတစ်ရံ အမှ
အမှားက အရေးကြီးတယ်။ တစ်ခါတစ်ရံမှာ
အကောင်းအဆိုးက အရေးကြီးတယ်။

မှန်တိုင်းလည်း မကောင်းဘူးဆိုတာ မင်း
ကြားဖူးမှာပေါ့"

"ကြားဖူးပါတယ်...ဘုရား"

"မင်း...မှန်တယ်ကွာ။ သို့သော်...ခိုက်ရန်ဖြ
တာ၊ ကောင်းသလား"

"မကောင်းပါဘူး ဘုရား"

"အေး။ မှန်လျက်နဲ့ ဒေါသ,ဖက်တော
မကောင်းမှုဘက်ကို ရောက်တာပေါ့။

မှန်ပေမဲ့ မကောင်းသေးရင်၊ အဲဒီ အမှ
တရားမှာ၊ ချွင်းချက်ရှိနေလို့ပဲကွ"

"မှန်ပါတယ်...ဘုရား"

ကျောင်း၏ မျက်နှာကြက်ရှိ ပန်ကာကြီးကို





လက်ညှိုးထိုးကာ၊

"အဲဒီ ပန်ကာကြီးမှာ၊ အခု...ဘာတွေ
ပေနေသလဲ...မောင်မင်းထင်"

ကျွန်တော် သေသေချာချာ မော့ကြည့်သည်။ အရောင်
အဆင်း လှပ,နေသဖြင့်၊ မည်သည့်အရာ ပေကျံနေသည်...ဟု
တပ်အပ်ပြော၍ မရ။ အသေအချာ စဉ်းစားကာ၊ တစ်ဖန်ပြန်ကြည့်ပြီးမှ
ကျွန်တော် ဖြေနိုင်သည်။

"ဖုန်မှုန့် နည်းနည်းပေနေတယ် ဘုန်း
ဘုန်း"

ကျွန်တော့်ကို သေသေချာချာ ကြည့်ကာ...

"ပန်ကာက၊ မျက်နှာကြက်မှာနော်။ သူ့
ဘာသာ အမြင့်မှာနေတာ။

သူ့ဘာသာ သီးသီးသန့်သန့်နေပါလျက်နဲ့
ဘယ်ကလာမှန်းမသိတဲ့ ဖုန်တွေ၊ သူ့ကို အပေခံ
ရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီ ဖုန်မှုန့်တစ်မှုန်ကလေးမှ မတင်ချင်
ရင် ဘာလုပ်ရမလဲ"

"နေတိုင်း။ သန့်ရှင်းနေရပါ့မယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"နေ့တိုင်းဆိုတာထက်၊ အချိန်တိုင်းဆိုရင် ပိုပြီး မသန့်ပြန့်နိုင်ဘူးလား"

"သန့်ပြန့်နိုင်ပါတယ်...ဘုရား"

"အမြင့်မှာ ရှိနေတဲ့ အရာဝတ္ထုမှာတောင် ဖုန်မှုန့်ဆိုတဲ့ အညစ်အကြေးတွေ၊ ပေတာတ်တက်တတ်သေးရင်၊

မြေမှာရှိတဲ့၊ အနီးကပ်သရိုက်ကြားမှာရှိတဲ့၊ တခြားအရာဝတ္ထုတွေမှာဆိုရင်၊ ဖုန်တွင်မကဘူး၊ မစင်ကြယ်တဲ့ အရာမှန်သမျှ ပေကျံဖို့ ပိုပြီး မလွယ်ကူဘူးလား"

"လွယ်ကူပါတယ် ဘုရား"

"အေး၊ လူဆိုတာလည်း ဘယ်လောက် မြင့်မြင့်၊ ဘယ်လောက်မှန်မှန်၊ ဖုန်မတက်အောင် ရှင်းရတယ်။

ရှင်းဖို့လိုတယ်။ နေ့တိုင်းရှင်းရမယ်။ ဖြစ်နိုင်ရင် အချိန်တိုင်း ရှင်းရမယ်"

"မှန်ပါ"

"ဘာနဲ့ ရှင်းရမလဲ သိလား"

"မသိပါဘူး ဘုရား"





"သတိလေးနဲ့ ရှင်း။ သတိ...တဲ့။ ဘာတဲ့ တုန်း။ မောင်မင်းထင်"

"သတိ...ပါ၊ ဘုရား"

"မင်းမှန်ပေမဲ့၊ မင်းရဲ့ အမှန်ကို မသိတဲ့ သူက တစ်ခုခု ပြုမှုမိတဲ့အခါ၊ မင်း ဒေါသဖြစ်မယ်။

အဲဒီ ဒေါသကို သတိနဲ့ မထိန်းမိတော့၊ မင်း၊ ခဲကောက်မိရော။ ခဲကောက်ပြီးတဲ့အထိ သတိက ထပ်ပြီး မထိန်းနိုင်တော့၊ ခဲနဲ့ ထုမိတဲ့ အထိ ဖြစ်ကရော"

အမေနှင့်အဖေတို့ ရယ်မောကြသည်။ ရှင်းရှင်းက နားစိုက် ထောင်နေစဉ်၊ ကျွန်တော်က ပြုံးလျက် နားယူသည်။

"ဖုန်တွေတက်မယ်။ ဘယ်မှာနေနေ ဖုန်တက်မယ်။

သတိဆိုတဲ့ ပဝါလေးနဲ့၊ အမြဲတမ်း ဖုန် သုတ်ပါ မောင်မင်းထင်"

"တင်ပါ့...ဘုရား"

"ဒါ...မှန်ရဲ့သားနဲ့ကွာဆိုတဲ့ စိတ်မာန် ဘယ် တော့မှ မထားနဲ့။

မင်း...ဘယ်လောက်မှန်မှန်၊ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



သန့်သန့် ဖုန်သုတ်ကရိယာလေးကို ဆောင်ထားပါ"

"ဆောင်ပါ့မယ်...ဘုရား"

"ဖုန်သုတ်ကရိယာလေးရဲ့ နာမည်ကို ပြောပါဦးကွာ။ ဘာတဲ့...တုန်း"

"သဲတိ...ပါ၊ ဘုရား"

"မင်း၊ အမှန်တရားကို၊ ဘယ်သူမှ မပြောချင်ရင်တောင်၊ ဖုန်မတက်ဖို့တော့ လိုတယ်နော်။

လောဘ...ဒေါသ၊ မောဟဆိုတဲ့ ဖုန်မှုန့်တွေ မတက်စေနဲ့။

စိတ်အင်အားလျော့တဲ့သူက၊ ဒေါသကြီးတယ်ကွ။ မင်း...လူကြီး၊ လူကောင်းမဖြစ်ချင်ဘူးလား"

"ဖြစ်ချင်ပါတယ်...ဘုရား"

"အေး။ လူကြီးလူကောင်းဖြစ်ချင်ရင် ဒေါသ,မကြီးနဲ့။ နော်...မောင်မင်းထင်။ လက်ခံရဲ့လား"

"လက်ခံပါတယ်...ဘုရား"

ဆရာတော်အား၊ ကျွန်တော် ရှိခိုးဦးချလိုက်သည်။





"အေး...။ သာဓု...သာဓု...သာဓု"

"ကဲ...ကလေးမ,လေး အလှည့်"...ဟု၊ ဆရာတော်မိန့်သည်။ ရှင်းရှင်းက၊ လက်အုပ်ချီကာ၊ နာယူဖို့ပြင်၏။

●●●



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

"ဒကာမလေး။ အခု ဘယ်လိုစိတ်နဲ့ နေသလဲ"

"ဦးလေးရယ်။ အမေရယ်။ အစ်မ, မမြသော်ရယ်။ ကိုမင်းရယ်။ သူတို့တွေဟာ ကျွန်မရဲ့ မိသားစုတွေပဲဆိုတဲ့ စိတ်နဲ့ နေပါတယ်"

"ဒီအရင်က,ရော..."

"ငါ..ဘယ်သူလဲလို့ အမြဲတမ်း တွေးနေမိပါတယ်။ တွေးမိတိုင်းလည်း။ စိတ်မော လှုပန်းနဲ့ နေမကောင်းဖြစ်တော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



၀ ကိုမင်း၊ကရော၊ ဆရာဝန်တွေက၊ရော၊ ဘာမှ မတွေးပါနဲ့လို့ မှာလို့၊ တပည့်တော် ဘာမှ မတွေးတော့ဘဲ၊ နေကောင်းအောင်ပဲ နေပါတယ်"

"တစ်နေ့တစ်နေ့၊ ဘယ်လိုနေထိုင်သလဲ ဘုန်းဘုန်းကို ပြောပါဦး"

"မနက်အိပ်ရာနိုးတာနဲ့၊ အစ်မနဲ့ အိမ် အလုပ်တွေ ကူလုပ်ပါတယ်။ စားစရာရှိတာစား၊ လုပ်စရာရှိတာလုပ်ပြီးရင်၊ စာအုပ်တစ်အုပ်လောက် ကို၊ ဖတ်နေတတ်ပါတယ်။ ညနေစောင်းရင်၊ ကိုမင်း နဲ့ လမ်းလျှောက်ထွက်ပါတယ်"

"အခု နေကောင်းရဲ့လား...လို့ မေးရင် ဒကာမလေး ဘယ်လိုဖြေမလဲ"

"ကောင်းသလိုလိုပါပဲ...။ ကောင်းတယ်... လို့ပဲ ဖြေပါ့မယ်"

"ရှင်းရှင်းဆိုတဲ့၊ နာမည်ဟာ၊ ငါ့နာမည် မဟုတ်လောက်ဘူး...လို့၊ တွေးမိသလား။ တွေးဖူး သလား"

"ဟိုး တလောက၊ မတွေးဖူးဘူး။ နောက်ပိုင်းကျတော့၊ ပြောပြတဲ့သူတွေက၊ ကျွန်-





နာမည် ယမင်း...လို့ ပြောတာနဲ့။

ဒါဆို၊ ငါ့နာမည် ရှင်းရှင်းဆိုတာ၊ ဟုတ်မှ ဟုတ်ပါ့မလား။ တွေးဖြစ်ပါတယ်။

တွေးကြည့်ရင်းနဲ့၊ ဘာမှ မမှတ်မိတော့၊ စိတ်က, ပိုထိခိုက်ရတယ်။ အဲဒါနဲ့ပဲ၊ ဘာမှ မတွေး တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်"

ဆရာတော်က... "သူ...အင်္ဂလိပ်စာ ဖတ်နိုင်သလား"...ဟု၊ ကျွန်တော့်ဘက်သို့ လှည့်မေးသည်။ ကျွန်တော်က...

"တင်ပါ။ ဖတ်နိုင်ပါတယ် ဘုန်းဘုန်း။ တပည့်တော်ရဲ့ ကျောင်းစာအုပ်တွေကို၊ သူ... ကောင်းကောင်းဖတ်နိုင်တယ်"

ကျွန်တော့် အဖြေစကားကို၊ နားထောင်တော်မူပြီး၊ ခေတ္တ ငြိမ်သက်စဉ်းစား၏။ ပြီးနောက်၊ ဆရာတော်က ရှင်းရှင်းအား...

"ဘုရား...တရား...သံဃာ။ ရတနာသုံးပါး ကို၊ သိသလား"

"သိပါတယ်...ဘုရား"

"ဘယ်တုန်းက၊ သိတာလဲ"

"သေသေချာချာတော့၊ မပြောတတ်ဘူး ဘုန်းဘုန်း။ သိတယ်ဆိုတာပဲ ကိုယ့်ကိုကိုယ် ပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါတယ်"

"သူ့အလိုလိုသိပြီးသားပေါ့။ ဟုတ်သလား"

"ဟုတ်ပါတယ်...ဘုရား"

"ရှေ့ဆက်ပြီး။ ဘာဖြစ်ချင်သလဲ...လို့ ဘုန်းဘုန်းက မေးရင်၊ ဒကာမလေး ဘယ်လိုဖြေမလဲ"

"ကိုယ့်ကိုကိုယ်၊ သိချင်ပါတယ်...ဘုရား"

"တကယ်သိချင်ရဲ့လား"

"တကယ်သိချင်ပါတယ် ဘုရား"

"သိချင်ရင်။ သိအောင်လုပ်တဲ့နည်းကို ဘုန်းဘုန်းပေးမယ်။

အဲဒီ ပေးတဲ့နည်းကို၊ ဒကာမလေး လိုက်လုပ်ပါ့မယ်လို့၊ ကတိပေးနိုင်မလား"

"ပေးပါမယ်...။ ပေးနိုင်ပါတယ်... ဘုန်းဘုန်း"

ဆရာတော်၏၊ မိန့်ကြားစကားများကို ကျွန်တော်ပါ နားစိုက်ထောင်သည်။ တစ်မိသားစုလုံး။ နားယူနေကြ၏။

"မနေ့က၊ ဒီကောင် ရန်ဖြစ်တော့





ဒကာမလေး စိတ်ထဲ၊ ဘယ်လိုဖြစ်သလဲ"

ကျွန်တော့်ကို တစ်ချက် ငဲ့ကြည့်ပြီး...

"ဝမ်းနည်းပါတယ်"

"အဲ...။ ဝမ်းနည်းတာ ဘယ်ထဲက ဝမ်းနည်းတာတုန်း"

"စိတ်ထဲကပါ ဘုန်းဘုန်း"

"အဲဒီ ဝမ်းနည်းတဲ့စိတ်၊ အခု ရှိသေးလား"

"နည်းနည်းတော့ ရှိပါတယ်"

"စိတ်ထဲမှာ၊ ဝမ်းနည်းတဲ့ စိတ်ဖြစ်နေတာကို သိတယ်ပေါ့"

"သိပါတယ် ဘုန်းဘုန်း"

"အဲဒီ ဝမ်းနည်းတဲ့ စိတ်ကို၊ ဝမ်းနည်းနေပါလား...လို့ သိအောင်၊ မျက်လုံးလေးမှိတ်ပြီး၊ သတိထားကြည့်ရင်၊ ဝမ်းနည်းစိတ်ကို ထင်းခနဲ မြင်နိုင်သလား"

"မြင်နိုင်ပါတယ်"

"အခါမလပ်၊ ဝမ်းနည်းနေတာလား။ တွေးကြည့်လိုက်မှ ဝမ်းနည်းလာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"တွေးကြည့်လိုက်မှ၊ ဝမ်းနည်းတာပါ ဘုရား"

"ဒါဆို...။ ဒကာမ,လေးက၊ မိမိစိတ် မိမိမြင်အောင်၊ ကြည့်တတ်တယ်ပေါ့"

"အရင်က မကြည့်တတ်ပါဘူး... ဘုရား ဘုန်းဘုန်းပြောတော့မှ၊သတိထားကြည့်ရင် ကြည့် ရတယ်ဆိုတာ၊ သိတာပါ"

"ကိုယ့်စိတ်ကို ကိုယ့်ဘာသာ ကြည့်ရ လွယ်ကူသလား။ ခက်ခဲသလား"

"လွယ်ကူပါတယ် ဘုန်းဘုန်း"

"အေး။ အဲဒါဆို၊ အဲဒီ လွယ်တဲ့အလု ပဲ၊ ဘုန်းဘုန်းက၊ ဒကာမလေးကို လုပ်စိုင်း တယ်။ လုပ်မလား"

"လုပ်ပါ့မယ်"

"ကိုယ့်စိတ်ကို၊ ကိုယ့်စိတ်နဲ့ပဲ သိအောင် ကြည့်ရင်၊ စိတ်ကို မြင်လာလိမ့်မယ်။

ဝမ်းနည်းရင်လည်း ဝမ်းနည်းစိတ် မြင်မယ်။ ဝမ်းသာရင်လည်း၊ ဝမ်းသာစိတ် မြင်မယ်။





မြင်မြင်သမျှ၊ စိတ်တိုင်း စိတ်တိုင်း။ ပြောင်းလဲနေတာကိုပါ သိလာလိမ့်မယ်။ ဝမ်းနည်း စိတ်ကို သတိနဲ့ ကြည့်။ တစ်လျှောက်လုံး ဝမ်းနည်း မနေဘူးနော်။ ပြောင်းလဲနေတယ်။ စိတ်တိုင်း စိတ်တိုင်း ဖြစ်လိုက်ပျက်လိုက်၊ ပြောင်းလဲလိုက်ပဲ နော်"

"မှန်ပါဘုရား"

"အဲဒီ ပြောင်းလဲဖြစ်ပျက်နေသမျှစိတ်ကို အစဉ်မပြတ် ကြည့်နေရမှာ။ သတိနဲ့ ကြည့်နေရမှာ။ ကြည့်နိုင်ပါ့မလား ဒကာမ,လေး"

"ကြည့်နိုင်ပါတယ်...ဘုန်းဘုန်း"

"အေး။ စိတ်ကို မြင်အောင်ကြည့်ရင်း၊ စိတ်တွေရဲ့ ဖြစ်,တည်,ပျက် သဘာဝကို သိလာလိမ့် မယ်။ အဲဒါကို ဗဟုသုတပြောရရင်၊ စိတ္တာနုပဿနာ လို့ ခေါ်တယ်။

ကြည့်ဖန်, ရှုဖန်များလာရင်၊ စိတ်ရဲ့ ဖြစ်ပျက်ပြောင်းလဲတတ်တဲ့ သဘာဝ။ ခန္ဓာရဲ့ ဖြစ်ပျက်ပြောင်းလဲတဲ့ သဘာဝ။ လောက,ရဲ့ ဖြစ်ပျက် ပြောင်းလဲတဲ့ သဘာဝကို အဆင့်ဆင့်သိလာလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်။

စိတ်ကိုလည်း သိပြီ၊ ခန္ဓာကိုလည်း သိပြီ ဆိုရင်၊ ကျန်တာတွေ သိဖို့ မခဲယဉ်းတော့ဘူး နော် ဒကာမ,လေး''

''တင်ပါ့ဘုရား''

''ဘုန်းဘုန်းပြောတာတွေ၊ လက်ခံရဲ့လား''

''လက်ခံပါတယ် ဘုန်းဘုန်း''

''လက်ခံရင်၊ လိုက်နာဖို့ လိုမယ်''

''လိုက်နာပါ့မယ် ဘုရား။ တပည့်တော် ဘုန်းဘုန်းကို ကျေးဇူးတင်ပါတယ် ဘုရား''

''ငါ့ကို ကျေးဇူးမတင်နဲ့ကွဲ့။ လုပ်ကြည့် လိုက်ဦး။ လုပ်ကိုင်ဆောင်ရွက်ပြီးလို့ ကျေးဇူးတင်စ[ရာ] တွေ့ရင်၊ ဂေါတမမြတ်စွာဘုရားကိုသာ၊ ကျေးဇူး တင်။ ဟုတ်ပြီလား''

''တင်ပါ့ဘုရား''...ဟု၊ ရှင်းရှင်း ပြောပြီး၊ ရှိခိုးဦးချသည်။ ဆရာတော် ဦးဝိလာသက၊ သာဓု ခေါ်၏။

ရှင်းရှင်း၏ မျက်ဝန်းမှ၊ မျက်ရည်တွေ စီးကျနေသည်ကို ကျွန်တော် မြင်ရသည်။



(၁၇)

နံနက်အိပ်ရာနိုးပြီး၊ ကိုယ်လက်သန့်စင်ပြီးသည်နှင့်၊ ရှင်းရှင်း သည်၊ အိမ်၏ ဘုရားခန်းထဲ၌၊ အချိန်ကြာမြင့်စွာ နေလေ၏။ [ဤ]အလေ့အထကို မနက်,ညာ၊ ပုံမှန်လုပ်ဆောင်သည်ကို၊ သတိပြုမိ ကြသဖြင့်၊ အမေက၊ ရှင်းရှင်းအတွက်၊ ယောဂီဝတ်စုံလေး နှစ်စုံ ချုပ်ပေးသည်။

ရှင်းရှင်း ဘုရားခန်းထဲ ရှိနေစဉ်အခါတိုင်းတွင်၊ တစ်အိမ်သား [လုံ]း တိတ်တဆိတ်နေပေးကြ၏။ အပ်ကျသံမျှ မကြားရအောင်၊ [နေ]ပြကြသည်။ ရှင်းရှင်း ဘုရားခန်းတံမှ အထွက်တွင်၊ စားသောက် [ရ]န်အတွက်၊ ကော်ဖီခွက်တစ်ခွက်နှင့် မုန့်သုံးလေးမျိုးကို ကျွန်တော်၊



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ပြင်ပေးထားလေ့ရှိ၏။

ဘုရားခန်းသို့ ဝင်သည့်အခါတိုင်း၊ ယောဂီဝတ်စုံလေးကို ဝတ်ဆင်၏။ နေ့လယ်ခင်းတွင်၊ စာဖတ်ရင်း ခေတ္တအိပ်သည်။ ညနေစောင်းတွင်၊ ကျွန်တော်နှင့် လမ်းလျှောက်ထွက်သည်။ ညဦးပိုင်းတွင် အစားအစာနည်းနည်းစားသည်။ အစာစားပြီး နှစ်နာရီလောက်ကြာသော်၊ ဘုရားခန်းထဲသို့ ဝင်ပြန်၏။ ညနက်မှ၊ ယောဂီဝတ်စုံလေးကို လှဲဖယ်ပြီး၊ အိပ်ရာ ဝင်ဖို့ ပြင်၏။

အိပ်ရာသို့ မဝင်မီ၊ အိမ်ရှေ့ကွပ်ပျစ်တွင်၊ ကျွန်တော်နှင့် စကားပြောသေး၏။ တစ်ခါတစ်ရံ၊ မိသားစု စုံစုံညီညီ ပြောဖြစ်ကြသည်။

●

"ကိုမင်းက၊ ရန်ကုန်ကို ဘာဖြစ်လို့ သွားမှာလဲ"

လမင်းကို ငေးမောရင်းမှ၊ အမေးစကားသံလာရာဘက်သို့ ငဲ့ကြည့်ဖြစ်သည်။ ကြည့်ငေးစဉ် တွေးထင်မိပြန်၏။ လမင်းနှစ်စင်း တစ်ပြိုင်တည်း။ ထွန်းလင်းနေသော ပမာ။

"ပြောလေ။ ဘာဖြစ်လို့ ရန်ကုန်ကို သွားမှာလဲ"

"အလုပ်သွားလုပ်မှာလေ။ ဟိုကောင်တွေ မာတ်ပုံဆိုင် ဖွင့်ထားပြီ...တဲ့။ အဲဒါ ကိုမင်းလည်း သွားရမှာပေါ့"

"မသွားပါနဲ့လား။ ရှင်းရှင်းကို တစ်ယောက်တည်း မထားခဲ့နဲ့လေ"

"အဖေတို့ အမေတို့ အစ်မတို့ ရှိတာပဲ။ ကိုမင်းလည်း၊ မကြာမကြာ ပြန်လာမှာပေါ့။ တယ်လီဖုန်းလည်း ခဏခဏဆက်မယ်လေ"

ညင်သာစွာ ခေါင်းခါလေသည်။ ပြီးနောက်...,

"ကိုမင်း မရှိရင်၊ ရှင်းရှင်း မနေတတ်ဘူး။ အခုလောလောဆယ်၊ စိတ်နှလုံး အေးချမ်းနေပေမဲ့ သတိရစိတ်ကြောင့်၊ မအေးချမ်းမှာ စိုးတယ်"

ရင်ထဲတွင်၊ လှပ်ခနဲ ဖြစ်သွားရစေသည်။

လက်ချောင်းများလေးတွေကို ကိုင်ဆုပ်လိုက်မိ၏။ ဆုပ်ကိုင်ထားမိသော၊ လက်တို့ကို၊ မရုပ်သိမ်း။ ယိမ်းယိုင်လှုပ်ခတ်နေသည့် စိတ်ကိုတော့၊ ထိန်းဖြစ်အောင် ထိန်းလိုက်သည်။

ယိမ်းယိုင်လှုပ်ခတ်သည့်၊ စိတ်ကို၊ ထိန်းသိမ်းထားသဖြင့် ငြိမ်သက်သွားသောအခါ၊ နှုတ်ခမ်းများတို့မှ၊ ထွက်ကျဖွင့်အံလှလှ နှုတ်စကားများ

www.burmeseclassic.com



သည်လည်း၊ ပါးလုပ်ပ,ပျောက်သွားချေသည်။

"ကိုမင်း"

"ပြောလေ…ရှင်းရှင်း"

"တတ်နိုင်ရင်၊ ရှင်းရှင်း အနားမှာ နေပေးပါ။ ဒါမှမဟုတ်၊ ရှင်းရှင်းလည်း၊ လိုက်ခဲ့ မယ်"

လက်ချောင်းလေးတွေကို ဖြေလျော့လိုက်ပြီး…

"ကိုမင်းက၊ အစွယ်ရောက်နေပြီ ရှင်းရှင်း ရဲ့။ အလုပ်လုပ်မှ ဖြစ်မယ်။ ကိုမင်း၊ အလုပ်သွား လုပ်တာ၊ ရှင်းရှင်းအတွက်၊ သွားလုပ်တာ။ —

မိဘက မပ့ပူမပင် မကြောင့်မကြရှိပေမဲ့ ကိုယ့်အလုပ်ကို ကိုယ်လုပ်ရမယ့်အရွယ်ရောက်နေပြီ

ခြံအလုပ်၊ ကိုင်းအလုပ်တွေကိုလည်း ကိုမင်း ဝါသနာမပါဘူး။ အဲဒါကြောင့်၊ ရန်ကုန်ကို မဖြစ်မနေသွား။ ရသမျှအလုပ်ကို လုပ်ဖို့ စိုင်းပြင်း နေတာ၊ ကြာပြီ။ အခုထိ ထည့်ထည့်ဝါဝါ၊ ဘာမှ မဖြစ်သေးဘူး။

မိဘလက်ဝှက်လက်ရင်း မဟုတ်တဲ့ အသင်း မျိုးကို လုပ်ပြီး၊ ရှင်းရှင်းကို၊ ကိုမင်း တစ်သက်လုံး





လုပ်ကျွေးချင်တယ်။ အဲဒါကြောင့်…, ကိုမင်း သွားမှာ။ ရန်ကုန်ကို"

"ရှင်းရှင်းကို သနားရင်၊ မသွားနဲ့။ နော် ကိုမင်း"

ပြောပြီး၊ ကွပ်ပျစ်ပေါ်တွင် ထိုင်နေရာမှ၊ မြေပေါ်သို့ ဆင်းကာ

"ရှင်းရှင်း အိပ်တော့မယ်။ ကိုမင်း၊ ရှင်းရှင်း အနီးအနားက၊ ဘယ်မှ မသွားဘူးဆိုတဲ့ စိတ်အသိနဲ့ပဲ၊ အိပ်ရာဝင်ချင်တယ်။

သွားလိမ့်မယ်နဲ့ တူပါရဲ့ ဆိုတဲ့ အတွေး စိတ်နဲ့ အိပ်ရာမဝင်ချင်ဘူး။ အဲဒီအတွေးစိတ်နဲ့ အိပ်ရာ ဝင်ရင်၊ မနက်လင်းတဲ့အထိ၊ အိပ်ပျော်မှာ မဟုတ် ဘူး"

ကွပ်ပျစ်မှ၊ ခွာလှမ်းသည်။ ကျွန်တော်က…

"ရှင်းရှင်း"

လှည့်အကြည့်တွင်၊ ဆံနွယ်ရှည်လျားတို့ လ,ရောင်အောက် တွင်၊ လွင့်ခနဲ ယိမ်းကာ၏။ ပိတုန်းစိမ်း ကတ္တီပါပေါ်သို့၊ စိန်ရတီ စီခြယ်သ,သည့်နှယ်။

"လောလောဆယ်၊ ကိုမင်း မသွားသေး

www.burmeseclassic.com



ဘူး။ ဟိုကောင်တွေ မှာတဲ့ ဝိုက်ဆံကို၊ လူကြုံနဲ့
ပဲ ပို့လိုက်တော့မယ်။ နော်''

ခေါင်းအညိတ်၊ ခေါင်းအခါ၊ မပြု။ ဖွေးခနဲ လင်းလို့သွားသည့်အရာ၊ နှုတ်ခမ်းနှစ်လွှာကြားတွင်၊ ဖျတ်ခနဲ တွေ့မြင်လိုက်ရ၏။ သူ ပြုံးသဖြင့်၊ သွားတက်ကလေး ပေါ်လွင်သွားသည်။

လမင်းကိုယ်တိုင်၊ မြေပြင်သို့ ဆင်းသက်ကာ၊ သူ၏ သွားတက်လေးကို၊ လာရောက်ငေးကြည့်နေသလိုလို။

ယောဂီဝတ်စုံလေးကို လဲ။ ကျွန်တော်တိုက်သော ကော်ဖီကို သောက်၊ မုန့်ကိုစား။ ပြီးမှ လှေခါးအတိုင်း။ အတူဆင်းလာကြသည်။

အဖေက ပက်လက်ကုလားထိုင်တွင် ထိုင်လျက်ရှိ၏။ ရေနွေးကြမ်း သောက်နေဟန်တူသည်။ အမေက, အဖေ့အနီးတွင် ထိုင်နေ၏။

ကျွန်တော်တို့ကို မြင်လျှင်မြင်ချင်း။ အဖေက...,

"ဟော။ ယောဂီမ,လေး။ အခုမှ ဘုရားခန်းထဲက ထွက်လာတာလား"





"ဟုတ်ကဲ့ ဦးလေး"

"လာ။ ဒီမယ်...ထိုင်။ ချက်ဖို့ ပြုတ်ဖို့ မလုပ်နဲ့ဦး။ ညည်းအစ်မ, အခုလေးတွင်မှ၊ ဟင်းစားသွားဝယ်တာ"

အမေ့နံဘေးတွင်၊ ရှင်းရှင်း ဝင်ထိုင်သည်။ ကျွန်တော်က..., အဖေ ငှဲ့ထားသည့်၊ ရေနွေးကြမ်းတစ်ခွက်ကို၊ ကြုံသဖြင့် သောက်လိုက်၏။ အဖေ့အနီးတွင်၊ ဝင်ထိုင်သည်။ ပြီးနောက်...

"အဖေ။ ကျွန်တော် ရန်ကုန် မသွားဖြစ်သေးဘူး"

"ဟော။ မင်းပဲအမျိုးမျိုး"

ရှင်းရှင်းက...

"သမီး မသွားနိုင်းတာပါ။ ဦးလေး"

ကျွန်တော့်ကို၊ ဝေ့ခနဲ တစ်ချက်ကြည့်လျက်၊ ဝင်ပြော၏။

"ဘာဖြစ်လို့ မသွားနိုင်းတာတုန်း"

ပြုံးလျက်၊ အဖေ မေးသည်။

"အိမ်မှာ၊ တစ်ယောက်ယောက် လိုနေရင် သမီး မနေတတ်လို့ပါ"

"ယောဂီလေးက၊ သံဃာဇဉ်မကင်းသေးဘဲကိုး"...ဟု၊ အဖေ နောက်ပြောင်သည်။ ရှင်းရှင်းက၊ ခေါင်းငုံ့လျက်၊ ပြုံးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သွားတက်ကလေး မပေါ်တပေါ်။

"ကိုသော်ကောင်း။ ကလေးကို ရွတ်နောက်နောက် မပြောပါနဲ့"

"အလို။ ဟဲ့...ငါ့သမီး၊ ငါနောက်တာပဲ။ ဘာဖြစ်သတုန်း"

အမေက, ဖြူးချင်ဟန်ကို ထိန်းကာ၊ ရှင်းရှင်း၏ ပခုံးလေးပေါ်သို့ လက်တင်ထား၏။ အဖေက...

"သမီး..., ဘုရားခန်းထဲဝင်ဝင်နေတာ ကြာလိုက်တာ။ ဦးလေးတောင်၊ ခြံထဲလည်း ပတ်ပြီးပြီ။ ရွာရိုးကိုးပေါက်ရောက်ပြီးပြီ။

အခုမှ...ပြီးသလား။ အညောင်းတွေ ဘာတွေ မိနေဦးမယ်။ ဒီလောက်အကြာကြီး နင်...မညောင်းဘူးလား...သမီး"

"ခန္ဓာကိုယ်က,တော့၊ ညောင်းတဲ့အခါ ညောင်းတာပဲ။ စိတ်က, မညောင်းပါဘူး"

အဖေ မျက်ခုံးတွန့်၏။ အံ့ဩဟန်။

"ပုတီးမစိပ်ဘူးလား"

ရှင်းရှင်း။ ခေါင်းခါ၏။ ပြီးနောက် "သမီးက၊ ပုတီးမစိပ်ဘူး။ စိတ်ကိုပဲ စိပ်နေတာ"...ဟု၊ ပြော၏။





"စိတ်ကို စိပ်တော့၊ ကိုယ့်ကိုကိုယ် သိရောလား"

"ရ,လုပ်တုန်းကတော့၊ ကိုယ့်ကိုကိုယ် သိချင်စိတ်နဲ့ လုပ်တာပဲ။

နောက်တော့... ငါဘယ်သူလဲလို့ သိချင်တဲ့စိတ်က၊ အတ္တစိတ်တစ်ခုဖြစ်နေမှန်း သိလာလို့၊ အဲဒီစိတ်ကို ဖျောက်ပြီး။

စိတ်ထဲ ပေါ်လာသမျှကိုပဲ၊ စိတ်သတိနဲ့ မလွှတ်တမ်းကြည့်နေဖြစ်တော့တယ်။ တော်တော်တော့၊ ပင်ပန်းတယ်"

"ဟော။ ငုတ်တုတ်ထိုင်နေတာ၊ ပင်ပန်းတယ်။ ဟုတ်လား"

"ဟိုသွားလိုက်၊ ဒီရုန်းလိုက်ဖြစ်နေတဲ့ စိတ်ကို၊ သတိစိတ်နဲ့ လိုက်လိုက်ကြည့်ရတာ။ ရုန်းကန်နေတဲ့ တိရစ္ဆာန်ရိုင်းတစ်ကောင်ကို၊ ထိန်းကျောင်းနေရသလိုပဲ။ အရမ်းပင်ပန်းတယ် ဦးလေးရဲ့"

"ဟာ။ ငါက, နင်...ညောင်းညာမယ်ပဲ ထင်နေတာ။ ဒီ့ထက်မက၊ ပင်ပန်းတာလား"

ရှင်းရှင်း ခေါင်းညိတ်၏။

www.burmeseclassic.com



"ပင်ပန်းရင်၊ မလုပ်နဲ့တော့။ ကျုန်းမာရေး ထိခိုက်မယ်"

"မလုပ်ဘဲ၊ မနေနိုင်တော့ဘူး။ ကိုယ့်စိတ်ကို၊ ကိုယ့် ကြည့်နေရတာ၊ ရုပ်ရှင်တွေ ဗွီဒီယိုတွေ ကြည့်နေရတာထက်၊ ပိုကောင်းတယ်"

"ငတို့တော့၊ တစ်ခါမှ မကြည့်ဖူးဘူး။ အဲဒီလို ကြည့်တော့၊ ဘာတွေ့သတုန်း"

"အနိစ္စကို တွေ့တယ်။ ဘယ်စိတ်ဖြစ်ဖြစ် တမြဲပြိုင်တည်း မဖြစ်ဘူး၊ တစ်စိတ်ပြီးမှ တစ်စိတ်ဖြစ်တယ်ဆိုတာ၊ သိလာတယ်"

အဖေသည်၊ ဦးခေါင်းပေါ်သို့ လက်တစ်ဖက်တင်ရင်း

"သမီး။ နင် တစ်ခုခုသိတော့မယ် ထင်တယ်"

"ဘာကိုလဲ၊ ဦးလေး"

"အဲဒါတော့၊ ငါ..မပြောတတ်ဘူး။ ဒါပေမဲ့...,

ငတို့ အရွယ်တွေ၊ မသိတဲ့အရာကို နင် သိနေတယ်။ ငတို့မလုပ်ဖြစ်တဲ့ အလုပ်ကို၊ နင် လုပ်နေတယ်။ အဲဒါကြောင့်၊ ငတို့ထက် တစ်ခုခု





ပိုသိလိမ့်မယ်လို့ ပြောတာ"

"မသိမမြင်ရင်၊ အဝိဇ္ဇာ...တဲ့။ သိ,မြင်ရင် ဝိဇ္ဇာပေါ့တော့"...ဟု၊ အမေ ဝင်ပြောသည်။ အမေ့ကို ကြည့်လျက်၊ အဖေ မဲ့ပြုံး၏။

အိမ်ဝင်းတံခါးတွင်၊ လူရိပ်တွေ့သည်။ "အစ်မ, ပြန်လာပြီ" --ဟု၊ ရှင်းရှင်းပြောကာ၊ ထိုင်ရာမှ ထ,၏။ ကော်ဖီခွက်နှင့် မုန့်ပန်းကန်တို့၊ ကျွန်တော် မဆေးကြောရသေး။



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

## ဧဒင်နှောင်ကြိုး

တစ်စတစ်စ ရစ်ပတ်ယာ၊

အချစ်တော်ကြိုးတွဲသွားကွယ်။

ကွယ်ကွယ်လာလာ

ကွယ်လာခ....ကြိုး။

မြတ်နိုးသိမ်းယာ၊

ယိမ်းနွဲ့သွားမယ်။

မိုးသက်ရှာဘော

www.burmeseclassic.com

www.burmeseclassic.com



တလယ်သာဆို
နွယ်လိုက...နွယ်၊ တွယ်လိုတွယ်ခေါ့။

မတွယ်အောင်...ထိန်း၊
မယိမ်းအောင်...နေ
စိမ်းရောင်မြေထက်၊ အနေစက်လို့၊

ကြွေပျက်အသည်း
နွေရက်စွဲမှာ...

ခြွေလက်တနှုံယင်
ထုံကျွဲနေ...။ ။

တံခါးခေါက်သံကြားသဖြင့်၊ ရေးလက်စ စာကြောင်းတွေကို အဆုံးသတ်ရပ်တဲ့ပြီး၊ စာအုပ်ငယ်ကို၊ သိမ်းဆည်းနေကျနေရာတွင် တင်လိုက်၏။

တံခါးအဖွင့်တွင်၊ ရှင်းရှင်းကို မြင်သည်။





"ကိုမင်း။ ဘုန်းကြီးကျောင်း လိုက်ဦးလေ"

"ရှင်းရှင်း အဆင်သင့်ဖြစ်ပြီလား"...ဟု၊ ကျွန်တော် မေးလိုက်သည်။

"အဆင်သင့်ပဲ။ အစ်မလည်း လိုက်မှာ"

"အစ်မနဲ့ပဲ သွားလိုက်ပါလား။ ကိုမင်း..."

အကြောင်းပြစကားပင် မဆုံးသေး။

မျက်နှာတွန့်သည်။ နှုတ်ခမ်းစူသည်။

"ကဲ...လိုက်မယ်။ လိုက်မယ်"...ဟု၊ ကျွန်တော် ပြောလိုက်သည်။ "မြန်မြန်လာ"...ဟု၊ ပြောပြီး၊ အခန်းဝမှ ပြန်ထွက်သွား၏။

"........................။ ........................
..............။ တပည့်တော်ရဲ့ ခန္ဓာကိုယ် ကြွတက်နေသလို ခံစားရတယ်။ ပြီးတော့...,

ပထမရက်ပိုင်းတွေတုန်းက၊ အနီးအဝေး၊ အဝန်းအဝိုင်းလေးတွေ၊ နုနုညက်ညက် မြင်ရတယ်။ နောက်ပိုင်း၊

ဟင်းလင်းပြင်တစ်ခုထဲမှာ၊ အသိတစ်ခု

www.burmeseclassic.com



တည်းနဲ့ ရောက်နေသလိုဖြစ်တယ်။ အဲဒါ..., ဘာ ဆက်လုပ်ရမှန်း မသိတော့လို့ ဘုန်းဘုန်းကို လာ မေးတာ"

ဆရာတော်, ဦးဝိလာသအား၊ တင်လျှောက်နေသည့် ရှင်းရှင်း၏ စကားများကို၊ ကျွန်တော် သိပ်နားမလည်။

ဆရာတော်က...,

"ဒကာမ,လေး၊ ဘာစိတ်နဲ့ ရှုမှတ်သလဲ။ ဟိုဟာဖြစ်ချင်, ဒီဟာဖြစ်ချင်တဲ့ စိတ်နဲ့ ရှုမှတ်သလား...လို့၊ ဘုန်းဘုန်း မေးတာ"

ရှင်းရှင်းက၊ လက်အုပ်ချီလျက်...

"တပည့်တော် အစ,ပိုင်းရက်တွေတုန်းက တော့။ ငါ..ဘယ်သူလဲ..ဆိုတာ၊ သိချင်တဲ့ စိတ်နဲ့ ပေါ်လာတဲ့ စိတ်တွေကို ရှုမှတ်တာပါ။

နောက်ပိုင်း...လုပ်ရင်းလုပ်ရင်းနဲ့၊ ငါ ဘာမှ မသိချင်တော့ဘူး။ ငါ့ရဲ့စိတ် ဘာဖြစ်နေသလဲ သိဖို့လိုတယ်ဆိုတဲ့ စိတ်နဲ့ ဆက်ရှုဖြစ်ပါတယ် ဘုန်းဘုန်း"

"အေး။ အဲဒီစိတ် မှန်တယ်။ တို့ ဂေါတမ မြတ်စွာဘုရားတောင်၊ ဘုရားဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့





ကျင့်ကြံအားထုတ်တာ၊ ဘုရားမဖြစ်ဘူး။ ဗောဓိဉာဏ် မရဘူး။

ဖြစ်ချင်တယ်ဆိုတဲ့ စိတ်ဟာ၊ အတ္တပဲ။ အဲဒီ အတ္တစိတ်ကို၊ ဖယ်ခွာကျင့်ကြံတော့မှ၊ ဘုရား ဖြစ်တယ်။ ဗောဓိဉာဏ်ရတယ်။

ဗောဓိဉာဏ်ဆိုတာ...ဘုရားဉာဏ်ကို ခေါ်တာ။ သစ္စာလေးပါးကို၊ ဘယ်သူမှ သင်ပြမပေးဘဲ၊ ကိုယ်တိုင်ထိုးထွင်းသိမြင်တဲ့ဉာဏ်"

"တင်ပါ့ဘုရား"

"အခု၊ ဒကာမ,လေး၊ မြင်တယ်... တွေ့တယ်ဆိုတဲ့၊ ပီတိလေးတွေ... ငြိမ်းအေးမှုလေး တွေ၊ အလင်းအားတွေဟာ၊ ကျင့်ကြံအားထုတ်တဲ့ သူတိုင်း၊ မြင်တတ်, တွေ့တတ်တဲ့ အရာတွေပဲ။

အဲဒါတွေကို၊ မြင်တာ တွေ့တာဟာ၊ အမှားမဟုတ်ဘူး။ အဲ...,

အဲဒီမြင်တဲ့ တွေ့တဲ့ အရာတွေအပေါ် နှစ်မြိုက်တဲ့စိတ်ဖြစ်ရင်။ အဲဒီ နှစ်မြိုက်တဲ့စိတ်ဟာ၊ အမှားပဲ။

ဘုန်းဘုန်းဆိုလိုတာက၊ ဘာကိုပဲမြင်မြင်၊



www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်သမျှ အနှစ်ဆိုတဲ့ စိတ်နဲ့သာ ရှုမှတ်ပါလို့ ဆိုလိုချင်တာ။ ရှင်းရဲ့လား"

"မှန်ပါ။ ရှင်းပါတယ် ဘုရား"

"ဒကာမ,လေး စ,လုပ်တာက၊ ကိုယ် ဘယ်သူလဲဆိုတာ သိချင်တဲ့ ဆန္ဒနဲ့ စ,လုပ်တာ နော်"

"မှန်ပါတယ်...ဘုန်းဘုန်း"

"တကယ်လုပ်တဲ့ အခါကျတော့။ အဲဒီ စိတ်ကို ဖျောက်ပစ်ရတယ် မဟုတ်လား"

"ဖျောက်ပစ်ရပါတယ်...ဘုရား"

"အေး။ စာမေးပွဲကို ဂုဏ်ထူးတွေနဲ့ ထူးထူးချွန်ချွန် အောင်မြင်ရမယ်...ဆိုတဲ့ စိတ်,ဆန္ဒ ကျောင်းသားကျောင်းသူတိုင်းမှာ၊ ထားရမယ် မဟုတ် လား"

"ထားရပါမယ် ဘုရား"

"သို့သော်..., စာကျက်တဲ့အချိန်မှာ ဆိုရင် တော့။

ကျက်မှတ်နေတဲ့ စာ, အလွတ်ရဖို့ အဓိက ပဲနော်။ ဟုတ်ရဲ့လား"





"ဟုတ်ပါတယ် ဘုရား"

"စာကျက်တဲ့အချိန်မှာ ဂုဏ်ထူးတွေ ပါရမယ်။ ထူးထူးချွန်ချွန်အောင်ရမယ်။ အောင်ကို အောင်ရမယ်။ အောင်မှဖြစ်မယ်ဆိုတဲ့ စိတ်တွေ၊ ဝင်ရှုပ်နေရင်၊ ကျက်မှတ်နေတဲ့...စာ၊ အလွယ်တကူ ရပါ့မလား"

"မရနိုင်ပါဘူး ဘုန်းဘုန်း"

"ဘာကြောင့် မရနိုင်တာတုန်း"

"ဆန္ဒဇောတွေ ပါနေလို့ပါ ဘုရား"

"စာမေးပွဲဆိုတာ၊ ဖြေကို ဖြေရမှာနော်။ ဒါပေမဲ့... အဲဒီ စာမေးပွဲက၊ နောက်မှ ကြုံရမယ့် ကိစ္စ။

စာကျက်ရမှာက၊ ပစ္စုပ္ပန်ကိစ္စ။ နောက်မှ ကြုံရမယ့်ကိစ္စကို၊ ပစ္စုပ္ပန်ကိစ္စထဲမှာ လာလာရော နေတော့၊ အနှောင့်အယှက်မဖြစ်ဘူးလား"

"ဖြစ်ပါတယ်"

"ပစ္စုပ္ပန်ဆိုတာဆိုတာ၊ ကြား...ကြား...ကြာ လာတာနဲ့အမျှ ဘာဖြစ်သွားသတုန်း"

"ပျက်သွားပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ပျက်သွားတဲ့အတွက်၊ ပစ္စုပ္ပန်တိုင်း ပစ္စုပ္ပန်တိုင်းဟာ၊ အတိတ်ကာလ,တွေ ဖြစ်မကုန် ဘူးလား"

"ဖြစ်ကုန်ပါတယ် ဘုရား"

"အနာဂတ်ကာလဆီကို သွားမို့ ရောက်မှ ဘယ်ကာလတွေကို ဖြတ်သန်းရတာတုန်း"

"ပစ္စုပ္ပန်တွေကို ဖြတ်သန်းရပါတယ်"

"ဒါဆို၊ ဘယ်ကိစ္စမြစ်ဖြစ်၊ အရေးကြီး အချိန်ဟာ၊ ဘယ်ကာလ,လဲ ဒကာမ,လေး"

"ပစ္စုပ္ပန်ကာလပါ ဘုန်းဘုန်း"

"ပစ္စုပ္ပန်၊ အရေးကြီးတယ်နော်"

"မှန်ပါ...ဘုရား"

"အရေးကြီးတဲ့၊ ပစ္စုပ္ပန်ကိုသာ၊ တည် တည့်ရှုပါ"

ကျွန်တော် နားမလည်သော၊ နားမရှင်းသော ကိစ္စများ ဆရာတော်နှင့် ရှင်းရှင်းတို့၊ မေးဖြေ၊ သင်အံနေကြ၏။

ဆရာတော် မိန့်မှာသမျှကို၊ ရှင်းရှင်းသည်၊ အမှန်တကယ် နားလည်...ရှင်းလင်းစွာ၊ သိမှတ်နေဟန်တူ၏။

ကျွန်တော် နားမလည်။ နားမရှင်း။ အနီးအပါး၌ အ





ဖြစ်သူလည်း၊ နားလည်လိမ့်မည်မဟုတ်။

မည်သို့ပင်ဖြစ်စေ...။

ဆရာတော်အား မရှင်းလင်းသည်များကို၊ မေးမြန်းလျှောက် တင်ကာ နာယူမှတ်သားနေသည့်၊ ရှင်းရှင်း၏ မျက်နှာလေးသည်၊ တကယ့်ကို ရှင်းလင်းဝင်းပ,နေလေ၏။

ပစ္စုပ္ပန်ဆိုသော၊ ကာလအတွင်း၊ တည့်တည့်တည်တည် သာ နေတိုင်ရမည်ဆိုပါမူ၊ ကျွန်တော့်မှာ... ပစ္စုပ္ပန်အတွင်း၊ နေသား မကျနိုင်သေး။ အနာဂတ်ကို တွေးကာ၊ ရင်လေးနေဖြစ်သည်။

အနာဂတ်ဟူသည်မှာ၊ ပစ္စုပ္ပန် မပိုင်မတ်သူတို့အဖို့ ရင်လေး ထိတ်လန့်စရာ ကွင်းပြင်ကျယ်။ ချောက်ချားစရာ အမှောင်ထု။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

"..............................။ ...............

..........................။ ...................."

ယုယနှင့် ဖုန်းပြောပြီးသောအခါ၊ အိပ်ရာနိုးစ ကျွန်တော့်၏ စိတ်,မနက်ခင်းလေး၊ မီးခိုးတန်းတွေ ယှက်သန်းသွား၏။

"သား၊ ဘာဖြစ်လို့လဲ"...ဟု၊ အမေ လှမ်းမေးသည်။ အစ်မက၊ အပေါ်ထပ်ဘုရားခန်းအတွင်းရှိ ရှင်ရှင်းအတွက်၊ ကော်ဖီနှင့် မုန့်ပန်းကန်ကို သယ်ဆောင်နိုင်ရန်၊ ပြင်ပေးနေ၏။ အမေ ပြန်မရောက် သေး။

အပေါ်ထပ်လှေခါးထိပ်သို့၊ မလုံမလဲဖြင့်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်မိသည်။ ပြီးမှ ရင်မောသံမကင်းစွာဖြင့် လေသံကို သိုသိပ်လျက်...

"ရှင်းရှင်းရဲ့ နာမည်က၊ ယမင်း မဟုတ်ဘူး။ ယဉ်မင်းပိုက်...တဲ့၊ အမေ။

သူ့မိဘတွေ ယုယတို့ကို လာဆက်သွယ်ပြီတဲ့။ ဒီကို ဘယ်တော့၊ ခေါ်လာရမလဲ...တဲ့။ ယုယ မေးတာ ကျွန်တော် ဖုန်းပြန်ဆက်မယ်လို့ ပြောလိုက်တယ်"

တစ်ဆို့ဆို့လေသံ၊ ပြတ်တောက်တောက်၊ စကားသံတွေကြောင့်၊ အမေ စိတ်မကောင်းဖြစ်သွားရှာပေမည်။

"ကြော်။ အေး။ ...အင်း...။ သူ့မိဘနဲ့ သူ့သွားသင့်ပြီ။ ပိုအဆင်ပြေတာပေါ့ သားရယ်။ မဟုတ်ဘူးလား"

"ဒါပေါ့"...ဟု၊ ကျွန်တော် ပြောလိုက်သည်။

"သူ့မိဘတွေကို ဒီနေ့ပဲ ခေါ်လာတော့လေ"...ဟု၊ ပြောမှာကြားလိုက်လျှင် ဖြစ်ပါလျက်၊ ဘာကြောင့် ချက်ချင်း မမှာကြားလိုက်မိသလဲ။ ကိုယ့်ကိုကိုယ် စဉ်းစားသည်။ အဖြေမရ။ သို့သော် အကောင်အထည် ဖော်မပြသာသော ဝမ်းနည်းစိတ်တစ်ခု၊ ကိန်းအောင်းနေရပြီဟုတော့၊ ကိုယ့်ကိုကိုယ် ကိုယ်သိသည်။





"ရှင်းရှင်းကို မပြောချင်ရင်း မပြောနဲ့ဦးလေ"...ဟု၊ အစ်မက၊ ကော်ဖီဘန်းကမ်းပေးရင်း တီးတိုးပြောသည်။ "မပြောလို့ဖြစ်တဲ့ ကိစ္စမှ မဟုတ်တာ"ဟု၊ လေသံမောစွာ ပြန်ပြောရသည်။ နှလုံးသည်းအိမ်ထဲ၌ လေရူးစရာတစ်မျှင်စာမျှပင်၊ မကျန်ရှိတော့သည့်ပမာ၊ ဟာတာမောနွမ်း ပင်ပန်းသည်။

●

"ရှင်...ဘယ်သူလဲ"

ကော်ဖီနှင့် မုန့်ထည့်ထားရာ ဘန်းတစ်ခုလုံး လွတ်ကျမသွားအောင်၊ ခက်ခဲစွာ ထိန်းကိုင်ထားရသည်။

ထိတ်လန့်တကြား၊ တအံ့တသြ၊ သူစိမ်းပြင်ပြင် ကြည့်မြင်မေးမြန်းလိုက်သော၊ ရှင်းရှင်း၏ လေသံမျက်နှာထားကို၊ ကြည့်ငေးကာ၊ ကျွန်တော်...၊ ရင်ကွဲမတတ် ခံစားလိုက်ရသည်။

"ရှင်...ဘယ်သူလဲ"

ကျွန်တော့်ကို တစ်လှည့်၊ သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် ယောဂီအဝတ်အစားကို တစ်လှည့်ကြည့်ကာ...၊

"ဒါ...ဘယ်နေရာလဲ။ ကျွန်မ ဘယ်ရောက်နေတာလဲ။ ရှင်ကရော ဘယ်သူလဲ။



www.burmeseclassic.com

www.burmeseclassic.com



နေဦး။ ရှင့်ကို ကျွန်မ သိသလိုလိုပဲ။
အင်း...ဟုတ်ပြီ။ ကျွန်မ့ကို ထမင်းဘူး ပြန်ပေးဖို့
ချိန်းထားတဲ့...လူ။
ဘယ့်နှယ်ကြောင့် ဒီကို ရောက်နေတာလဲ။
ဟာ...ဒုက္ခပဲ။ ဖယ်ပေး။ ကျွန်မ့ကို လမ်းဖယ်ပေး"

"နေဦး"

ကျွန်တော် ကျယ်လောင်စွာ၊ အော်ဟစ်ဟန့်တားလိုက်သည်။ ကျွန်တော့်၏ အဟန့်အတားကြောင့် သူ ခြေလှမ်းတုံ့သည်။ ကျွန်တော့်ကို သေချာစွာ ကြည့်နေ၏။

"အမေ...။ အမေ...။ ..."

အပေါ်ထပ်သို့ အမေနှင့် အစ်မ ပြေးတက်လာကြ၏။ ကျွန်တော့်လက်ထဲမှ ကော်ဖီနှင့်မုန့်ထည့်ထားရာ ဗန်းကို၊ ကျွန်တော် ကိုင်ထားမိသဲဖြစ်၏။

"သား...။ ဘာဖြစ်တာလဲ။ ဘာဖြစ်လို့လဲ"

"သူ...။ ရှင်းရှင်း။ ကျွန်တော့်ကို မသိတော့ဘူး"

"ဘာဖြစ်လို့ မသိရမှာလဲ"...ဟု၊ အမေပြောရင်း...၊

"သမီး။ ရှင်းရှင်း"

ရှင်းရှင်း၏ လက်ချောင်းလေးတွေကို၊ ဆုပ်ကိုင်သည်။ ယခုမှ





မြင်တွေ့ဖူးသူက တရင်းတနှီး ဆွဲကိုင်လှုပ်ယမ်းနေသည်ကို၊ အံ့ဩစွာ ကြည့်သော အကြည့်များဖြင့်၊ ရှင်းရှင်း ငုံ့ကြည့်သည်။

"အန်တီက၊ ဘယ်သူလဲ။ ဒီက၊ အစ်မကြီးကရော..."

အစ်မက...၊ ဝမ်းပမ်းတသာဖြင့်၊

"ဒါ...အမေလေ။ ဒေါ်မြရီလေ။ အစ်မက မြမြသော်လေ။
ညီမလေး သိတယ် မဟုတ်လား။ မှတ်မိတယ် မဟုတ်လား။ သူက... မင်းထင်လေ။ ညီမလေးက ကိုမင်းလို့ ခေါ်တာလေ။ သူ့ကို။
ညီမလေးရဲ့ နာမည်က၊ ရှင်းရှင်းလေ။ မှတ်မိတယ် မဟုတ်လားဟင်"

"ရှင်းရှင်းဆိုတာ၊ ကျွန်မ့ နာမည်။ ဟုတ်လား"...ဟု၊ ပြန်မေးသည်။ အစ်မက၊

"ဟုတ်တယ်လေ"

အဝေးသို့ ငေးကာ၊ ဦးခေါင်းကို လေးပင်စွာ ခါယမ်းရင်း...

"မဟုတ်ဘူး။ ကျွန်မနာမည် ယဉ်မင်းပိုက်"

ကျွန်တော် စကားတွေ အများကြီး ဝင်ပြောချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာ အဖြစ်အပျက်တွေ၊ အထပ်ထပ် အခါခါရေးမှတ်ထားသော နေ့စဉ်မှတ်တမ်းစာအုပ်လေးကို၊ တစ်ရွက်ချင်း တစ်မျက်နှာချင်း၊ လှန်လှောဖတ်ပြလျက်၊ အဖြစ်အပျက်အလုံးစုံကို ခရာစေ့တွင်းကျ သူ နားလည်အောင် ရှင်းပြချင်သည်။

သို့သော် အချိန်နာရီတို့ မလောက်င။

အခြေအနေသည် မပြန့်ပြော။

တစ်စုံတစ်ခုကို ပြင်းထန်စွာ ခံစားရသည့်အခါ၊ မှင်သက်နေသည့်စိတ်ကြောင့်၊ ပါးစပ်က၊ ဘာစကားမျှ ပေါ်ထွက်မလာ။

"ဒါ...ကျွန်မအိမ် မဟုတ်ဘူး။ ကျွန်မက၊ အိမ်က ဆင်းလာတာ။ ဒီအိမ်ပေါ်ကို၊ ဘယ်လိုရောက်နေတာလဲ။

အန်တီတို့ကို၊ ကျွန်မ၊ မသိဘူး။ ဒါမေမဲ့... ရင်းနှီးနေသလိုလိုပဲ။ ဒါ...အန်တီ့သားလား"

"ဟုတ်တယ်လေ။ သမီးရဲ့ ကိုမင်းလေး မင်းထင်လေ။

ရန်ကုန်သွားခါနီး၊ သမီး မသွားနိုင်လို့ သူ...မသွားတာလေ။ အခု...သမီးကို၊ သားက ကော်ဖီနဲ့ မုန့်နဲ့ လာကျွေးတာလေ။

သမီး ဘုရားခန်းက ထွက်လာတိုင်း သားက၊ လာလာကျွေးနေကျ"

ဖျော်ပြီးသား ကော်ဖီခွက်ကို၊ သူ့လက်ထဲသို့၊ ကျွန်တော် ထည့်လိုက်သည်။ သူ...လှမ်းယူ၏။ ကျွန်တော့်ကို သေသေချာချာကြည့်ရင်း၊ ကော်ဖီသောက်သည်။ ပြီးနောက်...,

"ဒါ ရန်ကုန်မဟုတ်ဘူးလား"

"မဟုတ်ဘူးလေ၊ သမီး ဒီမှာ နေနေတာ၊ ကြာလှပြီ"

"ကျွန်မ သေသေချာချာ ပြန်စဉ်းစားမှ ဖြစ်မယ်။ ဒါ...အိပ်မက်မက်နေတာ မဟုတ်ဘူး။ တကယ်ဖြစ်နေတာ"

အမေက...,

"နောက်ပြီးမှ စဉ်းစားပါ သမီးရယ်။ ခဏလေးနားဦး။ သားလာ အမေတို့နဲ့ အောက်ထပ်ကို လိုက်ခဲ့"...ဟု၊ ပြောပြီး၊ အတွဲခေါ်ဆောင်သွားသည်။ "သား...ဆရာတော်ကို သွားပင့်ချေ"... ဟု ကျွန်တော့်ကို မှာသည်။ ပြန်တင်ပေးခဲ့သည့် ကော်ဖီခွက်တွင်၊ အပူငွေ့မကင်းစင်သေး။ ထိုအပူငွေ့တန်းသည်၊ ရင်ခွင်ရှိရာသို့၊ လေအဟုန့်တွင် စေ့ခနဲရောက်၏။

ရင်ခုန်နေသေးသော ကျောက်ရုပ်တစ်ရုပ်ပမာ၊ ကျွန်တော် ကျန်နေရစ်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



အချစ်ရင်ပြင်ပေါ်သို့ သောက အခ်နဖား ပြင်းထန်စွာ ထိပါးပေရော့မည်။

●

ဆရာတော် ဦးဝိလာသကို ပင့်ပြီးနောက်၊ ယဉ်မင်းပိုက် (ခေါ်) ယမင်း (ခေါ်) ရှင်းရှင်း၏ မိတ်အုပ်ထိန်းသူများအား ကျွန်တော့် အိမ်သို့ ခေါ်ဆောင်လာခဲ့ရန်၊ ယုယနှင့် ကြည်နူးတို့ကို ကျွန်တော် ဖုန်းဆက် မှာကြားလိုက်သည်။

●

ကမ္ဘာတစ်ခြမ်းတွင်၊ အလင်းရောင် ထွန်းပသောအခါ၊ အခြားသော ကမ္ဘာတစ်ခြမ်းတွင်၊ အမှောင်သန်းလျက်ရှိပေသည်။

ချစ်ခြင်းသည် ကမ္ဘာတစ်ခွင်လုံးသို့၊ အလင်းရောင်အပြည့်ဖြင့် ဖုံးလွှမ်းပေးနိုင်လျှင် ကောင်းမြတ်လှန်းပေမည်။

ကျွန်တော့် ကမ္ဘာဘက်ခြမ်း၊ အမှောင်သန်းနေ၏။ အခြားတစ်ဖက်ခြမ်းတွင်၊ လင်းအားပြည့်လှပြီ။

●●●



(၂၀)

"စိတ်က,အလိုလို သိလာတာလား။ ဒါမှမဟုတ်၊ အာရုံမှာ မြင်လာတာလား"...ဟု၊ ဆရာတော်က၊ ရှင်းရှင်း (ယဉ်မင်းပိုက်)ကို မေးသည်။

ယဉ်မင်းပိုက်က,

"ရုပ်ရှင်ကြည့်ရသလို မြင်,လိုက်ရတာပါ ဘုန်းဘုန်း။ တပည့်တော် လူတစ်ယောက်ကို မြီးပြီး ကားလမ်းအကူး၊ ကားတိုက်ခံလိုက်ရတယ်ဆိုတာ၊ ကွင်းခနဲ ကွက်ခနဲ မြင်လိုက်ရတာပါ။

အဲဒီလို သိသိချင်း၊ တပည့်တော် ဘယ်သူ

www.burmeseclassic.com



ဘယ်ဝါဆိုတာတွေပါ။ ဆက်သိလာတယ်။

အချိန်ကြာလို့ မျက်လုံးကို ဖွင့်လိုက်တော့ ဘုရားခန်းတစ်ခန်းထဲ ရောက်နေတာကို သိရတယ်။ ကိုယ် မရောက်ဘူးတဲ့ ဘုရားခန်း။

ဘယ်ကို ရောက်နေတာပါလိမ့်လို့ တွေးပြီး၊ အခန်းအပြင်ကိုအထွက်၊ ဒီက ကိုမင်းထင်ကို တွေ့တာပါ။ တွေ့တွေ့ချင်း၊ တပည့်တော် ကိုမင်းဝင်ကို မသိဘူး။

နောက်မှ..., တပည့်တော် ကားတိုက်မခံရခင်၊ သူ့ကို မြို့ပြလိုက်တာ မှတ်မိတယ်။ ဒါပေမဲ့... အခု ဒီကို ဘယ်လိုက,ဘယ်လို ရောက်နေရတယ် ဆိုတာတော့၊ ဘုန်းဘုန်းတို့ ရှင်းပြ၊ ပြောပြမှ သိရတာ။ သူ..., ရန်ဖြစ်လို့ တပည့်တော် ငိုမူးတာကိုတော့၊ ဘုန်းဘုန်းကို မြင်မြင်ချင်း တပည့်တော် မှတ်မိတယ်"

မှတ်မိ...ဟူသော စကားတစ်ခွန်းမျှ ကြားလိုက်ရသည်ပင် လျှင်၊ ကျွန်တော့်အတွက်၊ မဟာဆုလာဘ်။

"သူ့ကို၊ ကိုမင်း...လို့ ခေါ်တာကိုရော မှတ်မိလား"





မြို့လျက် ခေါင်းခါ၏။ သွားတက်ကလေး ဖွေးနေသည်။

"တရင်းတနှီး ခင်ခင်မင်မင်နေတာကိုရော"

"အသေးစိတ်၊ အစဉ်လိုက်၊ အဲဒါမျိုးတော့ မမှတ်မိဘူး ဘုန်းဘုန်း။ ဒါပေမဲ့.. အခုပြောရင်း ဆိုရင်းနဲ့၊ မှတ်မိလာတာတွေတော့ များပါတယ်။

ဘယ်လို ခေါ်မလဲ၊ ဟို...အိပ်မက်က, လန့်နိုးသလိုမျိုး၊ အိပ်ချင်မူးမူးဖြစ်နေသလိုမျိုး..."

တစ်အိမ်သားလုံး၊ စိတ်လက်ပေါ့ပါးစွာ ရယ်မောကြ၏။ ကျွန်တော်, ရယ်မောဖို့ ခက်နေသည်။

●

စိတ်,အာရုံအပါအဝင်၊ လောက၌ ရှိရှိသမျှ အရာအားလုံးတို့သည်၊ ဖြစ်–တည်–ပျက် ဝဲဂယက်ထဲတွင်သာ ရှိနေကြောင်း...

ထိုသဘောသဘာဝကို ဉာဏ်သတိဖြင့် အမြဲမပြတ် ဆင်ခြင်နေမှသာ၊ စိတ်,နှလုံး ငြိမ်းအေးမှာဖြစ်ကြောင်း...

ဘယ်အာဏာ..,ဘယ်ဥစ္စာ...ဘယ်ရတနာ...ဘယ်အရှိန်အဝါ... ဘယ်ခန္ဓာမျှ အစဉ်တည်မြဲသည် မရှိကြောင်း...

အစဉ်တည်မြဲခြင်းမရှိ...ဟူသော၊ တရားသညီသာလျှင်၊



www.burmeseclassic.com

www.burmeseclassic.com



လောက၏ တကယ့်ပရမတ္ထသစ္စာဖြစ်ကြောင်း...

ယဉ်မင်းပိုက်ကို အကြောင်းပြု၍ ဆရာတော်က ကျွန်တော်တို့ မိသားတစ်စုလုံးအား ဟောဖော်ညွှန်ပြ ဆုံးမသွားလေသည်။

❀

"ကျွန်မကို အိမ်ထောင်ချပေးမယ်ပြောလို့ စိတ်ဆိုးပြီ။ အိမ်ပေါ်က ဆင်းလာတာ၊ တစ်ယောက်တည်း အိမ်ငှားနေတာ လပိုင်းပဲ ရှိသေးတယ်။ သူငယ်ချင်းတစ်ယောက်နဲ့ နာရီဆိုင်တစ်ဆိုင် ဖွင့်ထားတာ"

"သမီးက၊ အိမ်ထောင်မပြုချင်လို့ အိမ်က ဆင်းတာလား"

"ဟုတ်တယ် အန်တီ။ အဖေ့ မိတ်ဆွေ တစ်ယောက်ရဲ့ သားနဲ့ စီစဉ်ကြတာ။ မြင့်မိုး ဆိုတဲ့ လူနဲ့။

ကျွန်မ၊ မိဘစကားလည်း နားထောင်ချင်ပါတယ်။ ဒါပေမဲ့..., အဲဒီ မြင့်မိုးကို၊ လုံး





မနှစ်သက်ဘူး။ အဲဒါကြောင့် ခြေရာဖျောက်ပြီး နေမယ်စိတ်ကူးတာ။

အခု..., တကယ့်ကို ခြေရာဖျောက်သင့်လို့ အဖြစ်မျိုးနဲ့ ကြုံရတာ..."

"ကျွန်တော်၊ တစ်ခုလောက် ပြောချင်တယ် မယဉ်မင်းပိုက်"

...ဟု၊ ကျွန်တော် ခွင့်တောင်းသည်။ အနီးအပါးတွင် ထိုင်နေရပါလျက်၊ အဝေါ်အဝေါ်ကို သတိပြုဝေါ်ဝေါ်နေရခြင်းကိုသာ၊ အနေဝေးသည့်အော့ စိတ်မှာ ထင်မှတ်သည်။

ယဉ်မင်းပိုက်က...,

"ဘာပြောမှာလဲ ကိုမင်းထင်"

သူ့မျက်နှာကို၊ တစ်ချက်မျှသာ ကြည့်ပြီး...

"မနက်ဖြန် မယဉ်မင်းပိုက်ရဲ့ အဖေနဲ့ အမေ ဒီကို လာလိမ့်မယ်။ ပြီးတော့..., ကိုမြင့်မိုး ဆိုတဲ့ လူလည်း လိုက်လာလိမ့်မယ်"

"ကျွန်မ..., သူတို့နဲ့ ပြန်မလိုက်ချင်ဘူး"...ဟု၊ မျက်ရုံးလေး ကွန့်လျက် ပြော၏။ "ယုယနှင့် ကြည်နူးကို၊ မှတ်မိလား"...ဟု၊ ကျွန်တော် မေးသည်။ သူ ခေါင်းညိတ်၏။

"သူတို့နှစ်ယောက်၊ လိုက်ဖို့မှာ"

"မဟုတ်သေးဘူး။ ကျွန်မ၊ အိမ်က၊



www.burmeseclassic.com

www.burmeseclassic.com



လူတွေနဲ့ ရင်မဆိုင်ချင်ဘူး။ ကျွန်မ အခုကတည်းက ကိုယ့်ဘာသာပြန်ရင် ကောင်းမယ်ထင်တယ်"

"သမီးလည်း အရွယ်ရောက်နေပြီပဲ သိ[illegible]ရယ်။ ဆယ်ကျော်သက်လေးလို ရှောင်နေ ပုန်း[illegible]စရာမလိုပါဘူး။ မိဘကို အကျိုးသင့်အကြောင်းသင့် ရှင်းပြရင်၊ အဆင်ပြေမယ်ထင်ပါရဲ့။ အမေတို့လည်း ကူပြောပေးမယ်လေ"

"မဟုတ်ဘူး အန်တီ"

အခေါ်အဝေါ်ကို၊ သဘောမကျဟန်ပြုကာ...

"အန်တီလို့ မခေါ်တော့ဘူး။ အမေ[illegible] လို့ပဲ ခေါ်တော့မယ်။ ခေါ်ရတာ တစ်မျိုးကြီးဖြစ်[illegible]တယ်"

"ဒို့ကိုရော ဘယ်လိုခေါ်မှာတုန်း"...ဟု၊ အဖေ ဝင်နှော[illegible]သည်။

"အန်ကယ်လို့ ခေါ်မယ်လေ"

"နဂိုက၊ ဦးလေးလို့ ခေါ်တာဗျ"

"အဲဒါဆိုလည်း၊ ဦးလေးလို့ပဲ ခေါ်မယ်"

အမေ့ကို မေးငေါ့ပြပြီး...,

"သူ့ကျတော့ အမေ ခေါ်ပြီး ဒို့ကျတော[illegible]





ဦးလေးခေါ်တာ။ မနိပ်သေးပါဘူး"

ရုက်မြူး မြူးသည်။ သွားတက်ကလေး မပေါ်တပေါ်။

အမေက...,

"ကဲပါ...စကားလမ်းလွဲကုန်ပြီ။ ပြော... သမီး။ သမီး ပြောချင်တာသာ ဆက်ပြော"

"ဒီလို..., အမေရဲ့။ ဟို..., အခြေအနေက...။ စကားလွန်ရုံ အခြေအနေမဟုတ်ဘူး။ စေ့စပ်ထားပြီးသား။ အဲဒီ မြင့်မိုး...နဲ့"

"အလို။ သမီးရယ်။ ဒါဆို ဘယ်လို လုပ်ကြမတုန်း"

အမေက...,

"မကြိုက်တာ မယူနဲ့ပေါ့ဟာ။ ပြေလက်စနဲ့ ဆက်ပြေးပေါ့။

ဟော့ကောင်၊ မင်းထင်။ မင်း ကူညီလိုက်ပါလား"

အမေက...,

"ကြော်...ဒီလူကြီးကလည်း။ အရှည် မတွေးဘူး။ ပြေးရုံလွှာနဲ့ အဆင်ပြေမယ်ကိစ္စမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မယဉ်မင်းပိုက်။ တိမ်းရှောင်တယ်ဆိုတာ၊ တကယ့်အဖြေမဟုတ်ဘူး။ ရင်ဆိုင်ဖြေရှင်းလိုက်မှ၊ တကယ့်အဖြေထွက်လာတာပါ"...ဟု၊ ကျွန်တော် ပြောပြသည်။ သူ့အကြည့်တွေ ခြောက်ကပ်နေ၏။

●●●



(၂၁)

မျက်နှာထားတွေကို၊ အဖေ ဘဝင်ကျပုံမရ။

"ဘာတစ်ခွန်းမှ ဝင်မပြောနဲ့။ ဒါ...သူတို့ မိသားစုကိစ္စ ဖြစ်သွားပြီ"...ဟု၊ အဖေက၊ အမေ့ကိုလည်းကောင်း၊ အစ်မကိုလည်းကောင်း၊ ကျွန်တော့်ကိုလည်းကောင်း၊ မှာကြားသည်။ ပြီးနောက်, အဖေ အိမ်အပြင်ထွက်သွား၏။

အမေနှင့်အစ်မက အိမ်အပေါ်ထပ်သို့ တက်သွားသည်။ ကျွန်တော်က ကျွန်တော့် အခန်းထဲသို့သာ၊ ဝင်ခဲ့ရ၏။ အိမ်ရှေ့ ဧည့်ခန်းကြမ်းပြင်တွင်၊ ယဉ်မင်းပိုက်၏ အမေ...အမေ...ငြိုငြင်နေသော သူနှင့် ယဉ်မင်းပိုက်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြန်မလိုက်ချင်ဘူး...မာမီ"

"ဟဲ့။ ဒါ...နင့်အမျိုးအိမ်လား။ ဒါ...သူစိမ်းအိမ်။

လ,ပေါင်းများစွာ။ နင်မို့လို့ ပြန်မလိုက်ချင်ဘူး ပြောရဲတယ်။

ခေါ်တာ ပြောတာကအစ၊ အမေတွေ ဘာတွေနဲ့။ တော်တော်ရင်းနှီးနေကြပြီလား"

"မာမီ။ ဒါ...နယ်ဒေသနော်။ ရန်ကုန် မဟုတ်ဘူး"

"ဟဲ့။ နင် အချိုးမပြေလို့၊ ငါ့အသံ ထွက်ရတာလေ။ မိဘက လာခေါ်တာတောင် ပြန်မလိုက်ချင်ဘူးလေ။ ဘာလေးနဲ့"

"ပြန်လိုက်ခဲ့ပါ...ယဉ်မင်း။ ဒီမှာ... သူစိမ်းယောကျ်ားလေးလည်း ရှိနေတယ်။ မကောင်းဘူး"

မြင့်မိုး၏ အသံ။

ဓိစီးလွန်းသော လေပြေ မုန်တိုင်း။

(တိုက်ခတ်သော သဘာဝ လေပြည်ကို ဆိုလိုခြင်းမဟုတ်။ သဘင်သည်တို့ သုံးနှုန်းလေ့ရှိသည့် လေပြေထိုးသော စကားသံ)။ ကျွန်တော့် ရင်ထဲတွင်၊ ပင်လယ်လှိုင်းရိုက်သံပမာ ခံစားရ၏။





"သမီး ငှားထားတဲ့ အိမ်မှာပဲ၊ သမီး တစ်ယောက်တည်း ပြန်နေချင်တယ်"

"အဓိပ္ပာယ်မရှိတာ။ ညည်း..., အခု မိဘကို စိုက်နှန်လို့၊ ပေါက်ကရတွေဖြစ်တာ။ မမှတ်သေးဘူးလား"

ယဉ်မင်းပိုက်၏ ကျန်းမာရေးအခြေအနေ (စိတ်အခြေအနေ) ပုံမှန်ဖြစ်သည့်မှာ၊ ရက်ပိုင်းမျှသာ ရှိသေးကြောင်း၊ ထို့ကြောင့် အပြော အဆို ညင်သာပေးကြပါရန်၊ ကျွန်တော် ဝင်ပြောလိုသည်။ သို့သော် ကျွန်တော် ဝင်မပြောဖြစ်။

"ကဲပါ...သမီးရယ်။ လောလောဆယ် ရန်ကုန်ကို ပြန်လိုက်ခဲ့ပါ။

ဟိုရောက်တော့မှ၊ ကျန်တာတွေ ဆက် ဆွေးနွေးကြတာပေါ့။ သူတစ်ပါးအိမ်မှာ ပြောနေဆိုနေရတာ၊ မကောင်းဘူး။

ဒယ်ဒီတို့ သမီး ပျောက်လို့ လိုက်ရှာနေကြရတာ၊ တပင်တပန်း။

လူပျောက်လည်း မတိုင်ချင်လို့၊ သိုသို သိပ်သိပ်၊ လိုက်စုံစမ်းခဲ့ကြရတာ။ မြို့နယ်ပေါင်းစုံ။ ရပ်ကွက်ပေါင်းစုံ။ ဆေးရုံပေါင်းစုံ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး...အတိတ်မေ့နေတာ ဒယ်ဒီ။ အဲဒီ
အတိုင်း။ ဆက်မေ့နေရင်၊ ပိုကောင်းမယ်"

"မင်းထင်ရေ၊ မင်းထင်"... ကြည်နူး၏ အော်ခေါ်သံ။ ကျွန်တော် အခန်းအတွင်းမှ ထွက်လိုက်သည်။

ယုယနှင့် ကြည်နူးတို့နှစ်ယောက် အိမ်ပေါ်သို့ တက်လာကြ၏။

"ဟာ...။ ဦးလေးတို့၊ အဆင်ပြေကြလား"

"ပြေပါတယ်ကွာ"

"ဒီမှာ နေကြပါဦးလား။ ကိုယ့်ကားနဲ့ကိုယ်
ဆိုတော့၊ အချိန်မရွေး ပြန်လို့ရတာပဲ"

ကြည်နူး၏ ကရားရေလွှတ်၊ လောက,ဝတ်စကား။

"အခုပဲ...ပြန်မှာကွ။ အလုပ်တွေ ရှိသေး
တယ်"

"ဟာ၊ ချက်ချင်းကြီး"

"ဟုတ်တယ်။ ညတွင်းချင်းပဲ ပြန်မှာ"

ကျွန်တော် မည်သူ့ကိုမျှ မနှုတ်ဆက်ဘဲ၊ ယုယ၏ ပခုံးကို ဖက်ကာ၊ အိမ်ဝင်းထဲသို့ ဆင်းခဲ့၏။ ကြည်နူးပါ လိုက်လာရတော့သည်။





"မင်းအဖေ၊ ငါတို့ဆီ ဝင်လာတယ်ကွ။
အဲဒီ့လူတွေ၊ ရှိုင်းတယ်တဲ့။

မျက်နှာထားတွေကို သိပ်မကြိုက်ဘူး...
တဲ့။ မင်းတို့ သွားလိုက်ကြဦးဆိုလို့ ငါတို့ လာတာ"

ယုယ၏ စကား။

ကျွန်တော်က...,

"ရိုင်းတာ မရိုင်းတာတော့၊ ငါ... မပြောချင်
ဘူးကွ။ ဒါပေမဲ့..., အပြောအဆိုတွေကို၊ ငါ
မကြိုက်ဘူး။ အနှောင့်အသွားမလွှတ်တဲ့ စကားတွေ။

အဆက်အသွယ်ရခါစ,မှာ၊ အတိတ်မေ့
နေတယ်။ အခု...ဒီလာခါနီးမှာ၊ ပြန်ကောင်းသွားပြီ။
အဲဒါကို..., သူတို့..., ဘဝင်ကျပုံမရဘူး"

ကြည်နူးက...

"မင်းနဲ့ ရှင်းရှင်းနဲ့ကို သူတို့ သမုတ်ချင်
ပုံရတယ်"

"ဟုတ်လား"...ဟု၊ ကျွန်တော် တအံ့တသြ မေးသည်။

"ဟုတ်တယ်၊ လမ်းမှာ တစ်လျှောက်လုံး။
အဲဒါတွေပဲ မေးနေတာ။

ဟို...မြင့်မိုးဆိုတဲ့ကောင် ပိုဆိုးတယ်။ လ,



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီး အတူတူရှိနေတာ မသင့်တော်တာတွေ ဘာတွေ ပြောတယ်။ ငါတို့လည်း စကားမရှုပ်ချင်တာနဲ့ အိမ်ထဲ မဝင်တော့ဘဲ၊ လစ်သွားကြတာ"

"ငါ မင်းတို့ကို ဖုန်းထဲက၊ ပြောပြသလိုပေါ့ကွာ။

ရှင်းရှင်းက၊ ယဥ်မင်းပိုက် တကယ်ဖြစ်သွားပြီ။ ပြောတာ...ဆိုတာ၊ နေတာထိုင်တာ၊ တော်တော်စိမ်းသွားတယ်"

"မင်း..., အရမ်းခံစားနေရလား"...ဟု ယုယ မေးသည်။

"ကမ္ဘာတစ်ခုလုံး ညနေစောင်းသွားသလိုပဲကွာ"

မျက်ရည်ကျမည်ရိုးသဖြင့် မျက်လုံးကို စုံမှိတ်လိုက်မိသည်။ အာရုံသည် မှောင်အတိ။



**ဆေးပုလ္လာ**

**နှင်းစေတဲ့**
**အပိုင်းအစတွေ...**
**ကြွေ..., ကျဲ...။**
**နေ့ထဲမှာ**
**မျက်ရည်ဝဲတယ်။**

**ဥယျာဉ်တော်ကို ဖွဲ့ဆိုဖို့**
**ပန်းတစ်ပွင့်...အကြွေ၊**
**မျက်ရည်**
**တစ်စက်...အလျှံ**
**စကားအတွင်း**
**ရင်ကွဲသံစွင်းသံ**
**ထွက်ပါသွား...။**

**အချစ်က,**
**မေ့ပါ...။**





www.burmeseclassic.com

www.burmeseclassic.com



ကဲ...,

ကြစ္စာ..., (စား)

သဲသဲကျတစ်ချောက်

အသည်းပေါက်အောင်

ခါးတယ်...။ ။

●●●

(ယ)

ဘုန်းကြီးကျောင်းကို လိုက်ပို့ဖို့ ကျွန်တော်တို့ကို ယဉ်မင်းပိုက် သည်။ ကားဖြင့် မလိုက်ချင်ကြောင်းပြောပြီး၊ ကျွန်တော်တို့..., မှ စက်ဘီးဖြင့် သွားနိုင်မည့်အကြောင်း ပြောလိုက်၏။

ကျွန်တော်တို့ စက်ဘီးသုံးစီး၏ နောက်တွင်၊ ယဉ်မင်းပိုက် ကား မလှမ်းမကမ်းမှ လိုက်ပါလာသည်။ ဟိုယခင်က၊ အတူတွဲ လျက်၊ လျှောက်ခဲ့လှမ်းခဲ့ ပျော်ရွှင်ခဲ့သည့်...လမ်း။

ဘုန်းကြီးကျောင်းပေါ်သို့၊ သူမိဘတွေ မလိုက်ကြ။ မနှစ်မြို့ လှည့်မကြည့်မိအောင်၊ လွန်စွာ ထိန်းသိမ်းနေရသည်။

●





www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းဘုန်း ပြောပြီးပြီပဲ။ ကျေးဇူးတင်စရာရှိရင်၊ တို့ မြတ်စွာဘုရား။ ဂေါတမမြတ်စွာဘုရားကိုပဲ ကျေးဇူးတင်ပါ...လို့။ နော်...ဒကာမလေး"

"မှန်ပါ။ ဂေါတမမြတ်စွာဘုရားကိုလည်း အထွတ်အမြတ် ကျေးဇူးတင်ပါတယ်။ ဘုန်းဘုန်းကိုလည်း အနန္တဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ် ကျေးဇူးတင်တာပါ ဘုရား"

လျှောက်တင်ပြီး၊ ယဉ်မင်းပိုက် ရှိခိုးဦးချသည်။ ကျွန်တော်တို့လည်း သူနှင့်အတူ ရှိခိုးကြသည်။

"နေကောင်းသွားရုံကိစ္စလောက်နဲ့တော့ ဘုရားကိုရော၊ ဘုန်းဘုန်းကိုရော၊ ကျေးဇူးမတင်စေချင်ဘူး။

သစ္စာလေးပါးကို၊ တူးဖော်ညွှန်ပြခဲ့တဲ့အတွက် သိရှိသဘောပေါက်ပြီး၊ ကျေးဇူးတင်တာမျိုးဆို၊ မဆိုးဘူးပေါ့"

"မှန်လှပါ။ တပည့်တော် သဘောပေါက်ပါတယ်...ဘုရား။ အခု လောလောလတ်လတ် တပည့်တော် နေကောင်းသွားတာ၊ ဘုန်းဘုန်းနိုင်းသလိုလုပ်ခဲ့လို့ နေကောင်းသွားရတာမို့၊ အဲဒါကိုလည်း ကျေးဇူးတင်ချင်တာပါ"

"နိုင်းတဲ့သူက...နိုင်းပေမဲ့ လုပ်တဲ့သူက လုပ်ဦးမှကိုး ဒကာမလေးရဲ့။ ခံယူတဲ့သူက အဓိက ပါ"

"မှန်ပါဘုရား။ တပည့်တော်ရဲ့ မိဘတွေဆို၊ ယုံတောင်မယုံကြည်ကြပါဘူး...ဘုန်းဘုန်း"

"ဒါ...ယုံခြင်း မယုံခြင်း အဓိကမဟုတ်ဘူး။ ကံ-ကံ၏အကျိုးက အဓိက"

"ဟုတ်ပါတယ် ဘုရား။ အတိတ်မေ့နေတဲ့သူက၊ တရားထိုင်ရုံနဲ့ ပြန်သတိရသွားတယ်ဆိုတာ၊ မကြားဖူးဘူးတဲ့။ တပည့်တော်လည်း ရှင်းမပြချင်တော့လို့၊ ငြိမ်နေလိုက်တော့တယ် ဘုန်းဘုန်း"

"မိဘကို အတိုက်အခံလုပ်ပြီး ငြင်းမနေနဲ့။ အကျဉ်းချုပ် ပြောရရင်တော့၊ ဒါ...ဒကာမလေးရဲ့ ကံကြောင့်ဖြစ်တာ။

ဘုန်းဘုန်းက၊ ဒကာမလေးကို ဆေးကုခဲ့တာ မဟုတ်ဘူး။ စိတ်ကို ကုခဲ့တာ။ သတိလေးနဲ့ စိတ်ကို ကြည့်ဖို့ပဲ ပြောခဲ့တာ။ ဒါတောင်







www.burmeseclassic.com

www.burmeseclassic.com



ဒကာမလေးက, ကိုယ်လုပ်နိုင်စွမ်းရှိလို့၊ ခံယူနိုင်စွမ်းရှိလို့ ပြောတဲ့အတိုင်း လုပ်ဖြစ်တာနော်။

အရင်က...တရားအားထုတ်ဖူးသလား"

"တင်ပါ၊ ရိပ်သာဝင်ဖူးပါတယ် ဘုန်းဘုန်း"

"အေး၊ မင်းတို့..မင်းတို့က၊ ခေတ်လူငယ်တွေဆိုတော့ လွယ်လွယ်ပြောရရင်၊ သတိဖြစ်စေမှု အကြောင်းတွေ အများကြီးပဲ ရှိတယ်ကွ။

ကိုယ်တိုင်မေ့လျော့နေပေမဲ့ ဘေးလူကနှိုးဆော်တိုက်တွန်းနေရင်လည်း၊ သတိဆိုတာ ဖြစ်စေတတ်တယ်...။

တရားအားထုတ်ရင်လည်း...လေးလေး-စားစား ယုံယုံကြည်ကြည်နဲ့၊ အားထုတ်ရင်၊ စွဲမြဲ ပွားများမှုတွေကြောင့်၊ သတိဆိုတာ ဖြစ်စေတတ်တယ်။

သတိဖြစ်စေမှု ဆယ့်ခုနစ်ပါးရှိတယ်။ ဗဟုသုတရချင်ရင်တော့၊ ကျမ်းဂန်တွေ လေ့လာပေါ့"

"မှန်ပါဘုရား"

"ကိုင်း...။ ပြန်ရဦးမှာဆိုတော့၊ မိုးချုပ်မယ်





ပြန်တော့...ပြန်တော့"

၈

ကျောင်းလှေခါးအဆင်းတွင်၊ ပလပ်စတစ်ထမင်းဘူးလေးကို ယဉ်မင်းပိုက်၏ လက်ထဲသို့ ထည့်လိုက်၏။ ယဉ်မင်းပိုက်က ပြုံး၍ ယူသည်။

"အဲဒီမှာ ရေးထားတဲ့ ယမင်းဆိုတာ ဘယ်သူ့နာမည်လဲ"

"ကျွန်မ နာမည်။ နာမည်အသစ်ပေါ့။ အိမ်ငှားတာ၊ အလုပ်လုပ်တာ၊ အဲဒီ နာမည်နဲ့ပဲ လုပ်တာလေ။ အိမ်က, ခြေရာမခံမိအောင်၊ နာမည် ပါ ပြောင်းခဲ့တာလေ"

"သြော်"

လှေခါးရင်းသို့ ရောက်သော်၊ ကျွန်တော်က...

"ကျွန်တော်တို့ ကျောင်းမှာပဲ နေခဲ့ကြဦး မယ်။ တစ်ခုလောက် တောင်းပန်ချင်ပါတယ်။

မယဉ်မင်းပိုက်ရဲ့ မိဘ,တွေကို ကျွန်တော် တရင်းတနှီး စကားမပြောဖြစ်တာ၊ ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ...ကျွန်မက၊ တောင်းပန်ရမှာ။ မာမီတို့က၊ တစ်မျိုးတစ်မည်ထင်နေကြတယ်။ ရန်ကုန်ရောက်မှပဲ၊ ကျွန်မ, သေသေချာချာ ရှင်းပြတော့မယ်။

အားလုံးကို နှုတ်ဆက်ပါတယ်နော်"

ကျွန်တော်တို့ ခေါင်းညိတ်ကြသည်။

"ရန်ကုန်ရောက်ရင်၊ ကျွန်မ, ကိုမင်းထင်ဆီကို၊ ဖုန်းဆက်ချင်တယ်"

မျှော်လင့်ခြင်းကမ်းပါးသို့၊ သမုဒ္ဒယရေလှိုင်းတစ်ချက်ရိုက်ခတ်သကဲ့သို့ ထင်မြင်အေးမြသွားစေသည်။

ကြည်နူးက၊ ဓာတ်ပုံဆိုင်၏ လိပ်စာကတ်ပြားလေးကို ယဉ့်မင်းဖိုက်အား ပေးလိုက်၏။ ယဉ့်မင်းဖိုက်က၊ သူ့ ဖုန်းနံပါတ်ကို နှုတ်ဖြင့် ပြောသည်။

ကြည်နူးက, ရေးမှတ်၏။ ခွဲရမည့်အခါ မည်သူ့ကိုမျှ မကြည့်မိအောင် ကျွန်တော် နေသည်။

●●●



(၂၃)

ဒေဝဒူယျာဉ်အတွင်းမှ ချစ်ခြင်းကို ဝေဝင်ခဲ့သည်ဟု ကြားဖူးခဲ့သည်။ လောကကို ဒေဝဒူယျာဉ်တော်အဖြစ် တွေးမြင်ကြည့်သည်။ ထိုအခါ ကျွန်တော်သည်၊ လောက၏ သားကောင်၊ ချစ်ခြင်း၏ အကြွင်းအကျန်တစ်ယောက်ဟု၊ ထင်မြင်မိ၏။

ချစ်ခြင်းနှင့် ဆက်နွယ်မိခဲ့သူ မှန်သမျှ ကျိန်စာသင့်ခဲ့ကြသူများပေမှာ၊ ခံစားထိခိုက်တတ်လေသလား...။ မေးမြန်းလိုသည်။ တွေးမောစိုးထိတ်လာချေ၏။

ချစ်ခြင်း၏ ဒဏ်ရာအနာတရ ညည်းညူသံတို့အပေါ်၊ စာနာတတ်လာသည်။ ချစ်ခြင်း၏ အလောင်းအကျွမ်းကို ပွေ့ပိုက်ထားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း၏ အရိပ်အမြွက်, အငိုးအငွေ့မျှ ရိုက်ခတ်ခံရသူပင်လျှင် ထုံအအ, နာတာတာ,ဖြင့်၊ ကမ္ဘာလောက,တွင်ပင်၊ နေမပျော်သလို ဖြစ်လာသည်။

အရာရာကို၊ ကံက စေစားသည်ဆိုလျှင်လည်း။ ကံကိုပင် ယိုးမယ်ဖွဲ့ချင်လာသည်။

ဘယ်လောက်တောင် "ဖြစ်"နေရသလဲဆိုလျှင်၊ "ဖြစ်"နေပါသည်...ဟုပင်၊ စကားအရာဖြင့် ပြောမပြချင်တော့။ စားသောထမင်း အချည်းနှီး။ အအိပ်အနေ ထုံမှိုင်းမှိုင်း။ ညည်းရှယ်မျှော်လင့်ရာက တခြား။ ဖြစ်ပျက်ကြုံတွေ့ ပွေ့ပိုက်ရသည်တို့က တခြား။ ထိုအခါ...

စိတ်သည် အလိုလို ခါးသက်လာ၏။

●

"တွေ့ဆုံကြုံကြွဲ ဓာတ်ဇာမ်းထဲမှာ... ကိုယ်တိုင်ပါဝင်ကပြနေရသလိုပဲ...လို့ နှလုံးသွင်းပါကွာ။

စကားလည်း ဟက်ဟက်ပက်ပက် မပြောတော့ဘူး။ ဘာဖြစ်ချင်သလဲ၊ ဘာလုပ်ချင်သလဲ၊ ငါတို့ကို ပြောပါလား"





ကျွန်တော် ခေါင်းခါလိုက်သည်။ ယုယက, စကားဆက်၏။

"ယဉ်မင်းပိုက်က၊ အတိတ်မေ့ရုံတွင်၊ မေ့တာနော်။ ဒါတောင်, သူက၊ ပြန်ကောင်းသွားပြီ။

မင်းက..., ရှုးပြီး ကျန်ခဲ့သလို ဖြစ်နေတယ်"

ကြည်နူးက...,

"မင်း အရက်တွေ ဘာတွေ သောက်ချင်လား။ မူးပြီးလဲသွားရင် ပြီးရောကွာ။

အဲဒီလို မူးရူးနေတာကမှ၊ ငါတို့ မြင်ရတာ၊ သက်သာဦးမယ်"

"ဟော့ကောင်။ ရောဂါက ကြီးတယ်ကွ။ မင်း ဆေးမြီးတို နဲ့ ကုဖို့ မစဉ်းစားနဲ့"...ဟု၊ ယုယ ဝင်ပြောသည်။ ကြည်နူးက...

"အရက်မူးပြီး၊ အော်လိုက်ဟစ်လိုက် ရမ်းကားလိုက်ရင်၊ ဒီကောင် နည်းနည်းသက်သာသွားမယ် ထင်လို့ပါ"

ယုယက...,

"မင်းပေးတဲ့ အကြံဉာဏ်က၊ ချစ်ခြင်း မေတ္တာကိုလည်း ထိခိုက်တယ်။ အရက်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သိကြာကျတယ်။ ဆက်မပြောနဲ့တော့"

ကျွန်တော်က...,

"ငါ ရန်ကုန်သွားချင်တယ်"

ယုယက,

"သွားမှာပေါ့။ ဟိုမှာ အလုပ်တွေ ထားခဲ့ရတာ။

ရန်ကုန်သွားရင်၊ ဘာဖြစ်မယ်...လို့ မင်း မျှော်လင့်လို့လဲ"

"ဘာကိုမှ မမျှော်လင့်ဘူး။ ယဉ်မင်းဆိုက်နဲ့ တစ်မြို့တည်းမှာ အတူတူရှိနေချင်လို့"

"အလုပ်တော့ လုပ်မယ် မဟုတ်လား"

"လုပ်ရမှာပေါ့"

ကြည်နူးက...,

"မင်းကွာ။ ထမင်းဘူး ပြန်ပေးမယ့်အစား မင်း ရေးရေးထားတဲ့ ဗိုင်ယာရီစာအုပ် ပေးလိုက်တာက,မှ ကောင်းဦးမယ်။ အဲဒီ ဗိုင်ယာရီထဲမှာ ယဉ်မင်းပိုက်နဲ့ ပတ်သက်သမျှတွေ တစ်လုံးမကျန် မင်း, ရေးထားတာ မဟုတ်လား"

"ငါ ဆက်ရေးချင်သေးလို့ မပေးလိုက်တာ"...ဟု ကျွန်တော်





ပြန်ပြောသည်။ ယုယက...

"မင်းအဖေ၊ ဘာပြောသေးလဲ"

"သမီးနဲ့ပတ်သက်ပြီး၊ စိုးစိုးရိမ်ရိမ်တွေနဲ့ လာကြလို့၊ လူမှုရေးတွေ ပျက်ကွက်ကြတယ် ထင်တယ်...တဲ့။

အစ်မနဲ့ အမေက,တော့၊ ငိုတယ်။ ကောင်းကောင်းမွန်မွန်၊ နွေးနွေးထွေးထွေး ပြောဆိုပြီး နှုတ်မဆက်လိုက်ရဘူးတဲ့။ ပြောပြီး..., အမေ ခဏခဏငိုတယ်။

နင်, လက်ထပ်ပြီး ယူထားလိုက်ရင်ပြီးရောတဲ့။ အစ်မ ငါ့ကို အပြစ်တင်သံနဲ့ ပြောတယ်"

"မင်း...ဘာပြန်ပြောလိုက်လဲ"

ကျွန်တော် ခေါင်းခါပြလိုက်သည်။ မျက်ရည်တွေ စီးကျလာ၏။

"ဟော့ကောင်။ မင်း...ဘာဖြစ်လို့ ငိုတာလဲ"

ယုယ၏..., အမေးစကားသံ တုန်ယင်နေ၏။

ကျွန်တော် ခေါင်းခါသည်။ မျက်ရည်တွေ ပိုမိုစီးကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေါခနဲစီးကျလာသည့် မျက်ရည်တွေကို၊ မနိုင်မနင်း ဖယ်သုတ်ပစ်ရသည်။

ကြည်နူးက၊

"မနက်ဖြန် ရန်ကုန်သွားမယ်ကွာ။ ရောက်ရောက်ချင်း။ ယဉ်မင်းပိုက်ဆီကို ဖုန်းဆက်မယ်။ အဖြစ်အပျက်တွေ အကုန်လုံးကို၊ သူ...အသေးစိတ် သိဖို့လိုတယ်။ ငါ...သွားပြောမယ်"

"မပြောသင့်တော့ဘူးလေကွာ။ သူ...လက်ထပ်ရတော့မှာ။ ငါ...ငြိမ်ကုတ်နေတာ၊ အားလုံးအတွက် အကောင်းဆုံးပဲ"

"မင်း...ငြိမ်နေရင်၊ မင်း ရင်ထဲမှာ ဘာမှ မဖြစ်ဘူးလို့ ထင်မှာပေါ့။ ယဉ်မင်းပိုက်က"

"ငါ...အခု၊ ရင်ဖွင့်ချင်နေတာ မဟုတ်ဘူး ကြည်နူး။

ပွင့်သွားတဲ့ ရင်ဘတ်ကို၊ ဘယ်လို ပြန်ပိတ်ရမှန်း မသိတာ။

ယဉ်မင်းပိုက်ဆီမှာ၊ ငါ့အသည်းနှလုံး ပါသွားပြီ"

မတောင်းခံဘဲ၊ ပေးအပ်လိုက်သောအရာအတွက်၊ ရင်နာ





စရာ ဖြစ်တတ်လေသလော။

အမှန်က ပေးအပ်လိုက်ခြင်း မဟုတ်တန်ရာ။

ထိခတ်၊ ပွန်းပဲ့၊ မျောလွင့်လိုက်ပါသွားခြင်းသာ၊ ဖြစ်ပေမည်။

ဓားချက်ထိလျှင်ထိချင်း၊ မသိ။ ဝက်ပျောပင်သည်၊ အရာမယွင်း။ ခုတ်ပိုင်းဖြတ်သန်းသွားသည့် ဓားကိုင်သူ အဝေးရောက်ကာမှ၊ ဝက်ပျောပင်ကို၊ လက်ဖျားမျှဖြင့် တွန်းထိုးလိုက်သောအခါ၊ တစ်ပိုင်းက၊ အပိုင်းပိုင်းပြတ်လျက် ပြိုလဲသွားခြင်းကဲ့သို့၊ နှလုံးသားပင်စည်သည်၊ ဒဏ်ရာဗရပွ။

ဓားကိုင်ခုတ်ပိုင်းဖြတ်သန်းသွားသော ဓားသမားသည်၊ သူ...ခုတ်ပိုင်းခဲ့သည့် ဝက်ပျောပင်၏ အခြေအနေကို လှည့်မကြည့် ငဲ့မကြည့်ဘဲ၊ သူ့လက်စ၊လက်နကို၊ သူ...ဘာသာ သိသာနိုင်ပေ၏။

ယဉ်မင်းပိုက်သည် ဓားသမားမဟုတ်။

သို့သော်...ဓားသမားကဲ့သို့ ခုတ်ပိုင်းဖြတ်ပြေးသွားသည့်ပမာ။

ကျွန်တော့်နှလုံးသားမှာ၊ အပိုင်းပိုင်းအပြတ်ပြတ်။ အစိတ်စိတ် အမွှာမွှာ။

သို့သော်..., သူ သိလိမ့်မည်မထင်။



www.burmeseclassic.com

www.burmeseclassic.com

(၂၄)

ဘုရားပွဲတုန်းက၊ ရိုက်ခဲ့ကြသည့် ဓာတ်ပုံတွေကို၊ ကြည်နူးက တစ်ပုံချင်းထုတ်ကြည့်သည်။ အစ်မနှင့် ယဉ်မင်းပိုက် တွဲရိုက်ထားသည့် ပုံနှင့်၊ ကျွန်တော်နှင့် အစ်မတို့ နှစ်ယောက်ကြားတွင်၊ ရယ်မောနေသည့် ယဉ်မင်းပိုက်၏ ပုံတို့ကို ကျွန်တော် ကြည့်နေဖြစ်သည်။ ယဉ်မင်းပိုက်နှင့် ကျွန်တော် နှစ်ယောက်အတူ တွဲရိုက်ထားသည့် ပုံကို၊ ကြည့်ကာ၊ ကြည်နူးက...,

"မင်းတို့နှစ်ယောက်ရဲ့ မျက်လုံးတွေက၊
တကယ့်ချစ်သူနှစ်ယောက်ရဲ့ မျက်လုံးတွေပဲ"

ထိုစကားကို၊ ရှင်းလင်းစွာကြားသော်လည်း။ "အင်း...,



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်"...ဟု၊ ထောက်ခံစကား မပြောမိ။

"ယဉ်မင်းပိုက်ကို၊ ဒီ...ပုံတွေ၊ မင်း မပေးချင်ဘူးလား။ ဒါမှမဟုတ်, မပြချင်ဘူးလား"

ကျွန်တော် ခေါင်းခါလိုက်သည်။ ပြီးမှ

"ငါ့ရင်ထဲကို၊ သူ...လိုက်လိုက်လှဲလှဲ သိတယ်ဆိုရင်၊ ငါ..., အားလုံးကို ပေးချင်တယ်။ တစ်ခုချင်း, တစ်ရက်စာချင်း အသေးစိတ် ပြောပြ ချင်တယ်။

အခု..., ငါ့ရင်ထဲကို. သူ...သိမသိ။ ငါ... မခန့်မှန်းတတ်ဘူး"

"မသိရင်၊ သိအောင် ပြောရမှာပေါ့"

"မပြောအပ်တော့ဘူး...လို့၊ ငါ...ယူဆ လိုက်ပြီ သူငယ်ချင်း"

"ပြောအပ်တယ်"...ဟူသော အသံကို တတ်ပုံဆိုင်၏ အပြင် ဘက် အခန်းဝမှ ကြားရသည်။ ယုယ, ဝင်လာ၏။ လက်ထဲတွင် သတင်းစာတစ်စောင်။ ထိုသတင်းစာကို ကိုင်ဖြန့်ပြလျက်,

"စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်း... တဲ့။ ဒီမှာ"

ယုယ ဖြန့်ပြသည့် စာမျက်နှာတွင်၊ ယဉ်မင်းပိုက်၏ အမည်





နာမ၊ မြင့်မိုးဆိုသူ၏ အမည်နာမတို့ကို၊ ချောက်ချားစဖွယ်တွေ့မြင် ရသည်။ "နှစ်ဦးသဘောတူ ဖျက်သိမ်းတာပဲ"...ဟု၊ ကြည်နူး ပြောသည်။ ကျွန်တော်..., ထိုင်ရာမှ၊ ထ,ရပ်လိုက်ရင်း...

"ကြည်နူး။ မင်း...အဲဒီ့လူနေတဲ့ နေရာကို သိလား။ မြင့်မိုး နေတဲ့နေရာ"

"သိတယ်။ ဘာလုပ်မလို့လဲ"

"ငါ...သူနဲ့ တွေ့ချင်တယ်"

ယုယက,

"မလိုဘူးလေကွာ။ မင်းက... ဘာကို ဖြေရှင်းချင်လို့လဲ"

"ဒီကိစ္စဟာ။ ငါ့ ပယောဂမကင်းဘူးလို့ ငါ ထင်တယ်"

"မင်းအထင်၊ ဟုတ်တယ်ပဲထား။ ကိစ္စက, ပြီးသွားပြီလေ။ မင်း ဖြေရှင်းချက်က၊ ဘာအရာ ရောက်တော့မှာမို့လဲ"

"ဖြေရှင်းချက်က၊ အခြေအနေကို ပြောင်းလဲမပေးနိုင်ပေမဲ့ အထင်လွဲ အမြင်လွဲတာ တွေ ကင်းစင်ရင်၊ နှစ်ဦးနှစ်ဖက် စိတ်သက်သာလာ ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဓားရတ်ရာ၊ လက်မလျှို့ပါနဲ့တော့ မင်းထင်ရာ"

"ငါ့လက်က၊ ဓား,မရတ်ခင်ကတည်းက၊ ထိုးပြီးရှုပြီးသားပါကွာ"

ကြည်နူးထံမှ၊ မြင့်မိုး၏ လိပ်စာကို တောင်းယူသည်။ နှစ်ယောက်စလုံးက၊ အဖော်လိုက်ခဲ့မည်ဟု၊ ပြော၏။ "အုပ်ရုဖွဲ့လာတယ် ထင်မယ်"...ဟု ပြောပြီး၊ ကျွန်တော် နေရစ်ခဲ့စေသည်။

လုပ်သင့်မလုပ်သင့်၊ ကျွန်တော် မသိ။

လုပ်မှဖြစ်မည်ဟုသာ၊ ကျွန်တော် သိတော့သည်။

●

ခန့်တဲ့တဲ့ မှဲ့တဲ့တဲ့ အပြုံးကို၊ တင်းမာသော မျက်နှာထားဖြင့်၊ မကြည့်မိအောင်၊ ကျွန်တော့် စိတ်ထိန်းသည်။ "ကိစ္စရှိလို့လား" ...ဟု၊ မြင့်မိုး မေးသည်။ "ဟုတ်ကဲ့"...ဟု၊ ကျွန်တော် ပြောသည်။

"ကိစ္စရှိတယ်ဆိုရင်လည်း၊ လိုရင်းတိုရှင်း ပြောပေါ့ဗျာ။ ကျွန်တော် အချိန်သိပ်မပေးနိုင်လို့"

"ကျွန်တော်လည်း၊ အချိန်လုပြီး လာရတာပါ"...ဟု၊ ကျွန်တော် ပြောလိုက်သည်။ စီးကရက်တစ်လိပ်ကို မီးညှိ၏။





စီးကရက်ဘူးကို ကျွန်တော့်ရှေ့တွင် ချကာ...

"သောက်"

"ကျွန်တော် ဆေးလိပ်မသောက်တတ်ဘူး"

ပြောပြီး၊ စကားမပျိုးတော့ဘဲ

"ဒီလိုဗျာ။ သတင်းစာထဲက ကိစ္စကို၊ ဖြေရှင်းဖို့ ကျွန်တော်လာတာ"

မြင့်မိုး ရယ်မော၏။

ပါးစပ်အတွင်းမှ၊ စီးကရက်မီးခိုးများ၊ ပျံ့နှံ့သွားသည်။

"ဖြေရှင်းတယ်ဆိုတာ၊ ပြဿနာမဖြစ်ခင် ဖြေရှင်းရတယ်ဗျ။ ဒါမှမဟုတ် ပြဿနာဖြစ်နေတုန်း ဖြေရှင်းရတယ်။ အခု..., ပြဿနာက၊ ပြီးပြီ၊ ခင်ဗျားက, ဘာကို ဖြေရှင်းချင်လို့လဲ"

"ဘယ်အချိန်မှာ ပြဿနာဖြစ်တော့မယ်။ ဘယ်အချိန်မှာ ပြဿနာဖြစ်နေတယ်ဆိုတာ ကျွန်တော် မသိဘူး။

ဒါပေမဲ့..., ဒီပြဿနာဟာ၊ ကျွန်တော်နဲ့ များ သက်ဆိုင်နေမလား...လို့ တွေးပြီး ကျွန်တော် လာဖြေရှင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ရှင်းချင်တာက၊ ဘာလဲ"

"ယဉ်မင်းပိုက်နဲ့ ကျွန်တော်၊ ဘာမှ မဖြစ်ခဲ့ဘူး။

တခြားကိစ္စကြောင့်၊ စေ့စပ်ကြောင်းလမ်း ဖျက်ကြတာဆိုရင်၊ ကျွန်တော်နဲ့ မဆိုင်ဘူး။

ကျွန်တော်နဲ့ တစ်ခုခုဖြစ်ခဲ့မယ်ထင်လို့ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းတာဆိုရင်၊ အဲဒါ... ကျွန်တော်နဲ့ ဆိုင်တယ်။ အဲဒါကို၊ ကျွန်တော် လာပြေရှင်းတာ"

စီးကရက်ကို၊ ဟန်ပန်ဖြင့် ဖွာရှိုက်ပြီး...

"ခုနစ်လ၊ ရှစ်လလောက်၊ သူစိမ်းယောက်ျားတစ်ယောက်နဲ့ တစ်အိမ်တည်းမှာ အတူတူနေခဲ့ရတာနော်။

ပြီးတော့...၊ အတိတ်မေ့နေတာ...လို့လည်း ပြောသေးတယ်။ တကယ်တမ်းတွေ့တော့ ပြန်ကောင်းနေပြီ။

အဲဒါတွေဟာ၊ သံသယဖြစ်စရာ၊ အသည်းနာစရာတွေလို့ ခင်ဗျား ကျွန်တော့်ဘက်က၊ မတွေးမိဘူးလား"





"ခင်ဗျား တွေးလိမ့်မယ်...လို့ ကျွန်တော် မထင်ဘူး။

ကျွန်တော်သာဆိုရင်၊ ကိုယ် လက်ထပ်မယ့် မိန်းကလေးတစ်ယောက်ရဲ့၊ ကြုံခြေသိက္ခာကို အမြင့်ဆုံးမှာ ထားကြည့်မယ်။ လျှော့တွက်မိမှာ မဟုတ်ဘူး"

အဖြစ်အပျက် အစ၊အဆုံးကို ကျွန်တော်၊ စိတ်ရှည်လက်ရှည် ပြောပြလိုက်သည်။ စကားများအဆုံးတွင်၊ မြင့်မိုးက...၊

"ခင်ဗျား ပြောပြတာတွေကို နားထောင်ရတာ၊ ဖျက်ပြီးသားကိစ္စကို ပြန်ပြီး တည်ဆောက်ရမလိုဖြစ်နေပြီ၊ ဟဲဟဲ"

စကားအတည်မဟုတ်။ ရိသဲ့သဲ့လေသံ။

"ပြန်တည်ဆောက်ဖို့ မတည်ဆောက်ဖို့ ကျွန်တော် လာပြောတာ မဟုတ်ဘူး။

ဖျက်ဆီးလိုက်တဲ့ကိစ္စ၊ မှန်မှန် ခွဲခွဲခြားခြား သိဖို့ လာရှင်းပြတာ"

"ခင်ဗျားရဲ့၊ ထိန်းသိမ်းနိုင်စွမ်းကို လာပြောတာလား"

"အဲဒါ အဓိက မဟုတ်ဘူး။ ယဉ်မင်းပိုက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဆူဇြွေ့သိက္ခာ၊ ဆံတစ်မျှင်စာလောက်တောင် မလျော့ပါးဘူး...လို့ လာပြီး သက်သေခံတား လိုအပ်မယ်ထင်ရင်၊ ခင်ဗျား..., ယဉ်မင်းပိုက်ကို တောင်းပန်လိုက်ပါ"

"ဟား ဟား ဟား။ ခင်ဗျားက၊ တော်တော် စိတ်ကူးယဉ်တဲ့လူပဲ။ ပြီးသွားပြီဗျ။ တောင်းပန်ဖို့ အစီအစဉ်မရှိဘူး။

ဒါတောင် တစ်ဖက်သတ် ဖျက်သိမ်းတယ်...လို့ မထည့်ချင်လို့ နှစ်ဦးသဘောတူ ဖျက်သိမ်းကြောင်းကို၊ သဘောထားကြီးကြီးနဲ့ ထည့်လိုက်တာနော်"

"သဘောထားကြီးတဲ့လူက၊ အခြေအနေတိုင်းကို ခွင့်လွှတ်တတ်ရတယ်ဗျ"...ဟု၊ ကျွန်တော် ပြောလိုက်သည်။ မြင့်မိုးက...

"ဘာပဲဖြစ်ဖြစ်။ ခင်ဗျား သူ့ကို ချစ်တော့ ချစ်မိခဲ့တယ် မဟုတ်လား"

မခန့်လေးစားမျက်နှာထားကို၊ ကျွန်တော် တင်းမာစွာ ကြည့်ရင်း...

"ချစ်ခွင့်ရှိတာတောင်မှ၊ ချစ်ခွင့်ပေးတဲ့ အခြေအနေကို မကြိုက်လို့ ချစ်တယ်...လို့ မပြောခဲ့





ဘူး"

"အခြေအနေကို: ကြိုက်ရင်တော့, ချစ်တယ်လို့ ပြောမယ် မဟုတ်လား။

အခု, အခြေအနေပေးနေပြီလေဗျာ။ စိတ်ချ။ ကျွန်တော်..,ယဉ်မင်းပိုက်နဲ့ ပြန်မပတ်သက်ဘူး"

စကားနိုင်အလုခံလိုက်ရပြီ...ဟု၊ သိလိုက်ရစဉ်၊ ဒေါသသည် လိမ့်ခနဲ တက်လာ၏။

"ပြန်ပတ်သက်ဖို့ မပတ်သက်ဖို့ ကျွန်တော် လာပြောတာ မဟုတ်ဘူး။ အဖြစ်အပျက်အမှန်ကို ခင်ဗျားသိဖို့ လာပြောတာ"

စီးကရက်ကို ပြာခွက်ထဲသို့၊ ထိုးချေပြီး။ မြင့်မိုးက...

"ခင်ဗျား ပြောချင်တာ၊ ဒါပဲလား"

"ကျွန်တော် ပြောချင်တာ၊ ဒါပဲ မဟုတ်ဘူး။ ခင်ဗျား သိစေချင်တာ...ဒါပဲ။ အဲဒါတွေပဲ"

"သိတယ်ဗျာ။ ဒါပေမဲ့..., မယုံဘူး"

ကျွန်တော် ထိုင်ရာမှ၊ ထပြီး...

"သိရင် ပြီးပြီပေါ့။ ယုံတာ မယုံတာ၊ ခင်ဗျားကိစ္စပဲ။ ကဲ..., ကျွန်တော် သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

ဒေါ်သာ့စိတ်သည်၊ နေရာတကာတွင် ဖောက်ခွဲ၍မရ။
တချို့သော လူတို့သည်၊ ဒေါ်သာနှင့်ပင် မထိုက်တန်။

●●●



(၂၉)

ကွန်ပျူတာထဲမှ ထွက်လာသည့် ဓာတ်ပုံများကို အစွယ်အစား ညီညာစွာ ဖြတ်တောက်နေရင်း၊ ယုယက…,

"မြင့်မိုးကို သဘောထားသေးတဲ့သူ…လို့ မင်း မစွပ်စွဲသင့်ဘူးနော် မင်းထင်"

"ငါ မစွပ်စွဲပါဘူး။ ဒါပေမဲ့…, ထင်မြင်ချက် တစ်ခုတည်းနဲ့၊ ထင်ရာလုပ်ပစ်လိုက်တာက,တော့၊ လွန်တယ်လို့ ထင်တယ်"

ယုယ ခေါင်းခါ၏။

"ယဉ်မင်းပိုက်က သူ…လာ…ထပ်မယ့်


www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနော်။ မိဘအားကိုးနဲ့ လက်ထပ်တာပဲ ဖြစ်ဖြစ်၊ ကိုယ်တိုင်နှစ်သက်လို့ လက်ထပ်တာပဲ ဖြစ်ဖြစ်၊ လက်ထပ်ပြီးရင်၊ တစ်သက်လုံး ပတ်သက်ရမှာ။

ဒီ…, ပျောက်သွားတဲ့ ခုနစ်လ, ရှစ်လ, အတွင်းမှာ၊ မင်းနဲ့ ယဉ်မင်းပိုက်နဲ့၊ ဘာမှ မဖြစ်ခဲ့ပါဘူး…လို့ ဘယ်လိုပြောပြော၊ သူ…, တွေးပိုင်ခွင့် ရှိတယ်။ မယုံကြည်ပိုင်ခွင့်ရှိတယ်။

နောက်ဆုံး။ မငြိစွန်းခဲ့ကြပါဘူး…ဆိုတာ ယုံကြည်တယ်ထား။ ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ကာလ,တွေမှာ၊ ပခုံးလေးကို ထိမိမလား။ လက်ဖျားလေးကို တွဲမိမလား။ …လို့၊ တွေးပြီး သဝန်တိုစိတ် ဝင်မှာပဲ။

ဘယ်ယောကျ်ားပဲဖြစ်ဖြစ်။ ကိုယ်နဲ့ ပတ်သက်မယ့် မိန်းမ,ကို၊ သွေးမတော် သားမစပ်တဲ့ ဘယ်လူစိမ်းယောကျ်ားမှ ထိတာတို့တာ၊ လက်ခံမှာ၊ မဟုတ်ဘူး။

ဒါကို၊ သဝန်ကြောင်တယ်။ သဘောထားသေးတယ်…လို့ စွပ်စွဲရင် မင်း မှားသွားလိမ့်မယ်"





"မင်း…ဘာဖြစ်လို့ အဲဒီလို ပြောနေတာလဲ ယုယ"

"ယောကျ်ားချင်း။ ကိုယ်ချင်းစာစေချင်လို့ပေါ့။ လက်ထပ်ပြီး၊ မမြင်ကွယ်ရာအချိန်ကာလ,တွေက၊ အဖြစ်အပျက်တွေကို၊ တစ်မြုံမြုံ စကားနာထိုးနေမယ့်အစား။ လုံးဝ မပတ်သက်ဖို့ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းလိုက်တာ၊ အမှန်ကန်ဆုံး ကိစ္စပဲ…လို့၊ ငါ…ယူဆတယ်"

"ယဉ်မင်းပိုက်အပေါ်၊ မယုံကြည်ဘူးဆိုတဲ့ ထင်မြင်ချက်အတွက်ကော။ ငါ…, ဘာမှ မကာကွယ် ရတော့ဘူးလား"

"တချို့ကိစ္စတွေက၊ စကားလုံးနဲ့ ကာကွယ်လို့ မရဘူး မင်းထင်။

လူ့လောကမှာ၊ စကားလုံးနဲ့ ကာကွယ်လို့ မရတဲ့ ကိစ္စမျိုးတွေကို၊ အပြုအမူ အနေအထိုင်နဲ့ ကာကွယ်ရတယ်ကွ"

"မင်း ဆိုလိုချင်တာ၊ ဘာလဲ…ယုယ"

"ယဉ်မင်းပိုက်ရဲ့၊ မိဘတွေကလည်း။ မင်းနဲ့ ယဉ်မင်းပိုက်ကို၊ မယုံဘူး။ ချစ်ခဲ့ကြိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်...လို့ ထင်မယ်။

မြင့်မိုးကလည်း၊ အဲဒီ့ ထင်မြင်ချက်မျိုး ထက်တော့၊ လျော့မှာ မဟုတ်ဘူး။

အဲဒီ့ အထင်အမြင်တွေ၊ မဟုတ်ပါဘူး။ မမှန်ပါဘူး...လို့ မင်း ကာကွယ်ပြောဆိုချင်တယ် ဆိုရင်၊ တကယ်မဟုတ်ဖို့လိုတယ်"

ကျွန်တော့် အတွေးတွေ၊ ရှုပ်ယှက်ခတ်သွားသည်။ ထို့ကြောင့်၊ စကားကို၊ ကမန်းကတန်း ဝင်ပြောလိုက်၏။

"တကယ်မှ မဟုတ်တာ။ မဟုတ်ဘူးလေ။ ငါကသာ၊ ယဉ်မင်းပိုက်ကို ချစ်ခဲ့တာ။ ယဉ်မင်းပိုက် က, သိတောင်မသိဘူး။

ဒါ... ရှင်းရှင်းလေးပဲ။ ငါ့မိဘတွေ သက်သေရှိတယ်လေ။ ပြီးတော့..., မင်းတို့ ရှိတယ်"

ယုယက, လုပ်လက်စ အလုပ်တွေကို၊ အစ,သတ်လိုက်၏။ ကျွန်တော့်အနီးတွင် ဝင်ထိုင်ပြီး...,

"အခု..., မင်း ပြောတဲ့အချိန်အထိ၊ ဒီ အချိန်အထိ။ မှန်တယ်။

ဒါပေမဲ့..., နောက်တစ်ချိန်ချိန်မှာ၊ မင်း ရေးရေးနေတဲ့ ဒိုင်ယာရီလေးကို၊ ယဉ်မင်းပိုက်က





ဖတ်မိပြီး၊ သူ့ ဖဝေဖဝါဖြစ်နေသေးတဲ့၊ အကြောင်း လေးတွေကို ဂဃနဏသိပြီး၊ မင်းကို ချစ်မိပြီဆိုပါ တော့။

မင်းတို့ ချစ်သူတွေ ဖြစ်သွားကြပြီဆိုပါ တော့။ ငါတို့ အပါအဝင်, မင်းဘက်က လိုက်ပါ ကာကွယ်မယ့် သက်သေတွေရဲ့ ထွက်ချက်မှန်သမျှ အလကားဖြစ်သွားပြီ"

"ဘာဆိုင်လို့လဲ။ အချိန်ကာလ မတူဘူး လေကွာ။ အခြေအနေချင်း မတူဘူးလေ။ ဟိုတုန်း က, မဟုတ်ဘူး။ အခုမှ ဆိုတာမျိုးလောက်တော့ ကွဲကွဲပြားပြား..."

ယုယက, ကျွန်တော့် ပါးစပ်ကို၊ လက်ဝါးဖြင့် ဖွဖွလေး ပိတ်လေ၏။ ပြီးနောက်

"အရပ်ထဲမှာ၊ လွန်ခဲ့တဲ့ လ,တွေ ရက် တွေတုန်းက၊ သူနိုး အနိုးခံနေကြရတယ်။ အဲဒီ့ သူနိုးက၊ မင်း, မဟုတ်ဘူး။ မင်း... မနိုးဘူး။

ဒါပေမဲ့..., ဒီနေ့၊ ဒါမှမဟုတ်၊ မနက်ဖြန် တစ်ရက်ရက်မှာ၊ အကြောင်းကြောင်းကြောင့်, မင်းက, အိမ်တစ်အိမ်ကို၊ ဝင်ပြီး ပစ္စည်းနိုးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိုးထုပ်နိုးထည်နဲ့ မင်းကို မိတယ်ပဲ ဆိုပါတော့။

ကျွန်တော်ံ... အခုမှ နိုးတာပါ။ အရင်ရက်တွေတုန်းက၊ ကျွန်တော် နိုးတာ မဟုတ်ပါဘူးလို့ မင်းပြောရင်၊ မင်းစကားကို၊ ယုံကြည်ပါ့မလား။

ဟယ်...ဟုတ်ပါရဲ့။ အခါတိုင်းရက်တွေတုန်းက၊ သူ..., နိုးမယ်မထင်ပါဘူး။ သူ့ခမျာ အခုမှ နိုးရှာတာပါလို့၊ မင်းဘက်က ရပ်ပြီး၊ ဘယ်သူ ပြောပေးမှာတဲ့လဲ"

ကျွန်တော် ငြိမ်သက်နေမိသည်။ ယုယ စကားဆက်ပြန်၏။

"ယဉ်မင်းပိုက်နဲ့ ကျွန်တော်က၊ ဟိုတုန်းက ဘာမှ မဖြစ်ခဲ့ကြပါဘူး။ အခု... စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းပြီးမှ၊ ချစ်ကြ ကြိုက်ကြတာပါလို့၊ မင်း ကြိုက်သလောက် ကျိန်ပြော။

ကြိမ်ပေါ..လို့၊ ကျိန်ပြောတယ်...လို့ပဲ၊ မင်းကို သခေါ်ကြလိမ့်မယ်။ အထူးသဖြင့် မြင့်မိုးက၊ မင်းကို ပြုံးပြီး ကြည့်နေလိမ့်မယ်။

အခြေအနေ ပေးပြီလေဗျာ...ဆိုတဲ့ မြင့်မိုးရဲ့ စကားကို၊ မင်း မာမာထန်ထန် ပြန်မလှန်နိုင်ခဲ့ဘူး မဟုတ်လား"





"ငါ...သူ့ကို ပြန်လှန်ဖို့ သွားတာမှ မဟုတ်တာ။ ယဉ်မင်းပိုက်ရဲ့ သိက္ခာကို၊ ကာကွယ်ဖို့ ငါ သွားပြီး ရှင်းပြတာပဲ"

ယုယ ပြုံးလေ၏။ ပြုံးလျက်...,

"ငါ ခုနက၊ ပြောပြီးပြီလေ။ တချို့ကိစ္စတွေက၊ စကားလုံးနဲ့ ကာကွယ်...လို့ မရဘူး...လို့" သက်ပြင်းချရှုံသာ၊ ကျွန်တော် ချဖြစ်သည်။

"ဒါတောင်၊ တစ်ချိန်ချိန်မှာ၊ ယဉ်မင်းပိုက်က၊ မင်းကို ချစ်ဦးမှနော်။

ယဉ်မင်းပိုက် ကိုယ်တိုင်က၊ မင်းကို မချစ်မနှစ်သက်ဘူးဆိုရင်။

လှုမှုရေးမြင်ကွင်းမှာရော... အချစ်ရေးရပ်ပြင်မှာရော...။ မင်းတော့ ဗုန်းဗုန်းလဲပြီသာမှတ်"

"ငါ...ဘာလုပ်ရမှန်း မသိတော့ဘူး။ တော်တော် မွန်းကျပ်နေတာတော့ အမှန်ပဲ"

"စိတ်ထဲ ရှိတာလုပ်ပေါ့။ အခု..., အလုပ်လုပ်ချင်စိတ် မရှိသေးဘူး မဟုတ်လား။ မလုပ်နဲ့ဦး။ ရတယ်။

အစား၊ စားချင်စိတ် မရှိဘူးဆိုပြီး၊ အစား



www.burmeseclassic.com

www.burmeseclassic.com



မစားဘဲတော့ မနေနဲ့။ သေသွားလိမ့်မယ်''

ပြောပြီး ရယ်လေ၏။ ကျွန်တော်ပါ ပြုံးဖြစ်သည်။

ယုယက...,

''လောကမှာ၊ အဓိက နှစ်ခုမရှိဘူး

အဓိက,ဆိုတာ၊ တစ်ခုတည်းပဲရှိတယ်။ မင်းအတွက်

အဓိက,က၊ ဘာလဲ။ မင်းဘာသာရွေးပေါ့။

ဘကြီးတွေ ကြီးတော်တွေက၊ ယဉ်မင်း

ပိုက်နဲ့ မင်းနဲ့ကိစ္စကို စပ်စုကြတုန်းက၊ မင်း

ဘာမှ မဖြေရှင်းခဲ့ဖူးဘူး။

အခု..., တခြားသူတွေကိုကျတော့ မင်း

ဖြေရှင်းနေချင်ပြန်ရော။

အဲဒါတွေ၊ ဖြေရှင်းဖို့က, အဓိက,လား

ယဉ်မင်းပိုက်ကို ချစ်ဖို့က အဓိက,လား။ မင်းကိုယ်

မင်းမေး။-

ချစ်ပြီဆိုရင်တော့၊ ကျန်တာတွေကို မော

ကွယ် မဖြေရှင်းနဲ့တော့။ ကျန်တာတွေကို ကာကွယ်

ဖြေရှင်းမယ်ဆိုရင်တော့...မချစ်နဲ့တော့။ နော်

မင်းထင်''

ယုယ၏ နောက်လိုက် ရဲဘော်တစ်ဦးကဲ့သို့၊ ကျွန်တော်





ခေါင်းညိတ်မိသည်။ ရင်ထဲတွင်၊ မပျို့အံဘဲ၊ သိမ်းထားခဲ့ရသမျှ အလွမ်းဝန်ထုပ်ဝန်ပိုးတို့သည်၊ စိတ်ကို၊ တိုး၍တိုး၍ လေးလံစေ၏။ မောက်ထုတ်ခွင့်ခဏ၊ ရချင်သည်။

●

## ဧဒင်လမ်းကြား

အမှတ်တမဲ့
ဝင်ရောက်ခိုခြင်း မဟုတ်ပါ။
ရနံ့တစ်ခိုင် တွေ့လို့
ခရေမွှေးမွှေး။

စွယ်တော်ရွက်တစ်ခြမ်းတည်းနဲ့သာ
မင်းလုံး ညွတ်တော့တယ်။

အလွမ်းက
ဝန်းပန်းတတ်သလား။



www.burmeseclassic.com

www.burmeseclassic.com



ချစ်, ထမ်း, ပြတ်တောက် ပြေသ,တဲ့
မျက်လှည့်ပွဲတစ်ခုလို
ဘေးအတူတော
တောက်ထွက်ခွင့်မရ။

အဖို့
အစဉ်တစေထိုင်ကျန်ခွင့်တယ်...,

မှိုင်သိမ့်ရှုံ့ထက်ထက်...။ ။

၀၀၀



## (၂၆)

"...............။ ......................"

"ရှိတယ်။ ရှိတယ်။ ခဏကိုင်ထားပါ"...ဟု၊ ပြောပြီး ကြည်နူးက၊ ကျွန်တော့်ကို လက်ယပ်ခေါ်သည်။ "ဘယ်သူလဲ"...ဟု ကျွန်တော် မေးသည်။ "ယဉ်မင်းဖိုက်"...ဟု ကြည်နူး ပြော၏

မျှော်မှောနေမိသူ...ဟု စိတ်အတွေးတွင် ပြောမိသည်။ ဖုန်းဆက်လိမ့်မည် မထင်သော်လည်း။ ဖုန်းဆက်လိမ့်နိုး မျှော်ကိုး မိသည်။

"ဟလို"

"ကိုမင်းထင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မေးမြန်းသံကို လွှမ်းရသည်။

တုံ့ပြန်အဖြေစကား။ အလွမ်းမပြေ။

"စကားပြောချင်လို့၊ အချိန်ပေးနိုင်မလား"

"ပေးနိုင်ပါတယ်။ ကျွန်တော် အလုပ်၊ သိမ်မလုပ်ဖြစ်သေးပါဘူး။ ကျွန်တော်လည်း စကား ပြောချင်နေတယ်"

"ကျွန်မ တစ်ခုမေးမယ်နော်"

"ဟုတ်ကဲ့"

"ကိုမင်းထင်။ မြင့်မိုးဆီကို သွားဖြစ်ခဲ့ သလား"

"ဟုတ်ကဲ့။ ကျွန်တော် သွားတယ်"

"ကျွန်မ မိဘတွေဆီကို၊ သူ့မိဘတွေ ဖုန်းဆက်တယ်။

တစ်ယောက်ယောက်ကိုလွှတ်ပြီး တစ်ခုခု ဖြေရှင်းတာမျိုး မလုပ်ပါနဲ့...တဲ့။ ကိုမင်းထင် လာပြီး ဖြေရှင်းတဲ့အကြောင်း။ ပြောသွားတယ်...တဲ့။ အဲဒါ..."

စကား ခဏရပ်သည်။ ပြီးမှ...





"ကျွန်မ စိတ်မဝင်စားခဲ့တဲ့ကိစ္စကို ဖြေရှင်း နေဖို့ မလိုဘူး ကိုမင်းထင်"

"အထင်အမြင်၊တစ်ဖက်သတ်ဖြစ်နေတာ မို့လို့ ကျွန်တော် အမှန်အတိုင်း သွားပြောတာပါ"

"နောက်ကို၊ မဖြေရှင်းပါနဲ့တော့။ ကျွန်မ မှ၊ မလိုလားခဲ့တာ။ အထင်လွဲလေ၊ ကောင်းလေ ပဲ"

"အထင်သေးပြီ။ အထင်လွဲတာမျိုး မဖြစ် စေချင်လို့ပါ"

"ဟင့်အင်း။ အထင်သေးသေး မသေး သေး။ ကျွန်မ ဘာမှမဖြစ်ဘူး။

ကျွန်မ ဖြေရှင်းချင်တာ၊ တစ်ခုတော့ ရှိတယ်။ ဒယ်ဒီနဲ့ မာမီ့ကိုတော့၊ ကျွန်မ ဖြေရှင်း ပြချင်တယ်။ ကိုမင်းထင်၊ ကူညီနိုင်မလား"

"ဘယ်လို ကူညီရမှာလဲ"

"ကိုမင်းထင်၊ ဒိုင်ယာရီ ရေးရေးနေတာ ကို၊ ကျွန်မ မှတ်မိတယ်။ အားလုံးကို၊ အသေးစိတ် တော့ မမှတ်မိဘူး။

အဲဒီ... ဒိုင်ယာရီကို၊ ဖတ်လိုက်ရင်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းထင်နဲ့ ကျွန်မ ဘာမှ မဖြစ်ခဲ့ဘူးဆိုတာ ပေါ်လွင်နိုင်မလား"

"ပေါ်လွင်နိုင်မယ် ထင်ပါတယ်။ ဒါပေမဲ့"

"ဒါပေမဲ့။ ဘာဖြစ်လဲ ကိုမင်းထင်။ ဘာ အခက်အခဲရှိလို့လဲ"

"ဒိုင်ယာရီထဲမှာ၊ ကျွန်တော့် ကိုယ်ရေး ကိုယ်တာတွေ ပါနေတယ်"

"ပေးလို့ရရင် ပေးပါလား ကိုမင်းထင် ကျွန်မ တကယ်လိုအပ်နေလို့ပါ။

ကျွန်မ ငှားထားတဲ့အိမ်မှာ၊ ကျွန်မ တစ်ယောက်တည်းနေပြီ။ လုပ်လက်စ အလုပ်တွေ ဆက်လုပ်ဖို့ ခွင့်တောင်းတာ၊ ဒယ်ဒီတို့ ခွင့်မပြုကြ ဘူး။ သူတို့ကိုယ်တိုင်က၊ ကိုမင်းထင်နဲ့ ကျွန်မကို ညှိုင်းခဲ့တယ်...လို့၊ ထင်နေကြတယ်။

အဲဒီဒိုင်ယာရီကို ပေးဖတ်လိုက်ရင်၊ သူတို့ ထင်မြင်ချက်တွေ၊ ပျောက်သွားနိုင်တယ် မဟုတ် လားဟင်"

"လူကိုယ်တိုင်၊ လာဖြေရှင်းပြလို့ မရဘူး လား မယဉ်မင်းပိုက်။





လိုအပ်ရင်၊ ကျွန်တော့် မိဘတွေကိုပါ၊ ကျွန်တော် ခေါ်လာပေးပါ့မယ်"

"အဲဒီလောက် မလိုပါဘူး။ ဒိုင်ယာရီထဲ မှာ၊ မငြိစွန်းခဲ့ပါဘူး...လို့ တစ်ကြောင်းတစ်ပါဒ လောက်ပါရင်ကို လုံလောက်ပါပြီ။ ကျွန်မ လွတ်လွတ်လပ်လပ် နေခွင့်ရဖို့အတွက်၊ မိဘကို ဖြေရှင်းပြချင်တာတော့၊ အမှန်ပဲ ကိုမင်းထင်။ ဖြစ်နိုင်ရင်၊ ကူညီပါ"

"မခိုင်လုံမှာ၊ စိုးတယ်။ မယဉ်မင်းပိုက်"

"ဘာကို ဆိုလိုတာလဲ"

"နေ့စွဲ ရက်စွဲတွေကို၊ ယုတ္တိရှိရှိ ရေးထိုး ပြီး၊ သံသယကင်းအောင်၊ တမင် အချိန်ယူရေးထား တယ်...လို့၊ ယူဆ,ကြရင် ဘယ်လိုလုပ်မလဲ"

"လ,ပေါင်းများစွာ၊ ရေးထားတဲ့ ဒိုင်ယာရီ စာမျက်နှာတွေက၊ သံသယတစ်လွှာလောက်ကို တောင်၊ မဖယ်ရှားနိုင်ဘူးဆိုရင်လည်း၊ ကျွန်မ ကံတရားပေါ့"

"တစ်ခုတော့၊ ကျွန်တော် တောင်းခံပါရ စေ။ ဒိုင်ယာရီကို မယဉ်မင်းပိုက် [illegible]ဖတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပြီးတဲ့အခါ…, မိတ်ကို ပေးဖတ်ဖို့ တကယ်လိုအပ် မယ်ထင်မှ ပေးဖတ်ပါ။ အသုံးဝင်,မဝင် သေသေ ချာချာ စဉ်းစားပြီးမှ အသုံးချစေချင်တယ်။

နောက်ပြီး…,

ဒိုင်ယာရီထဲမှာ၊ စိတ်အံနှောင့်အယှက် ဖြစ်စရာပါခဲ့ရင်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"စိတ်,အံနှောင့်အယှက်ဆိုတာ၊ ဘာကို ပြောတာလဲ"

"မယဉ်မှုင်းပိုက် လက်မခံချင်စရာ၊ စာ, ဝါကျတွေ ပါဝင်နေတာမျိုးပေါ့"

"သူတစ်ပါးရဲ့ ဒိုင်ယာရီကို၊ အ,မှေ့နီးပါး တောင်းဖတ်နေရတာကိုက၊ အားနာစရာကောင်းနေ ပြီ ကိုမင်းထင်ရဲ့။

အဲဒါကိုပဲ၊ ကျွန်မ,က တောင်းပန်ရမှာပါ။ ဘာအတွက်မှ ကိုမင်းထင် မတောင်းပန်ပါနဲ့"

ဒိုင်ယာရီစာအုပ်နှင့်အတူ၊ ဘုရားပွဲတွင် ရိုက်ခဲ့ကြသည့် ဓာတ်ပုံတွေပါ ယူလာမည့်အကြောင်း၊ ကျွန်တော် ပြောသည်။ သူလည်း ကြည့်ချင်တယ်…ဟု၊ ပြောဏ်။

ကျွန်တော်တို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်တွင်၊ ချိန်းဆို





ဖြစ်ကြသည်။ အသံကြားပြီးနောက်, မျက်နှာလေးကိုပါ မြင်တွေ့ခွင့် ရတော့မည်…ဟု၊ တွေးခဲ့ရသည့် နေ့ရက်များကိုယ်စား၊ လွမ်းမောစွာ၊ ကျွန်တော် တွေးရင်း၊ နွေးထွေးစွာ ကြည်နူးဖြစ်ပြန်၏။

●●●



www.burmeseclassic.com

www.burmeseclassic.com

(၂၇)

လက်ချာအက် သွားတော်ကာလေးသည်၊ ယခင်ကနှုတ်ပိုင်း၌ တောက်ပလာသည့် ထင်ရှား။ သစ္စာပုလဲတို့ကို၊ လှပချိုမြိန်စွာ ပုံဖော်ထားသလောင်း။

"တော်တော် ရင်နိုးနဲ့ကြမယ်ထင်တယ်"...ဟု၊ နှစ်ယောက်တွဲ၊ ဓာတ်ပုံကို ကြည့်ပြီး၊ မှတ်ချက်ချ၏၊ ကျွန်တော် စကားဝင် မထောက်။

"တော်တော်များများတော့၊ မှတ်မိတယ်။
ဒါပေမဲ့...အစဉ်လိုက် မသိဘူး။ အနိုတို့ကို အမေ
...လို့ ခေါ်ခဲ့ဖူးတာလည်း၊ မှတ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး…နေရာကိုရော မှတ်မိလား"

လက်ဖက်ရည်ဆိုင်မှ မြင်နေရသည့် ကားမှတ်တိုင်ဘက်ခြမ်းသို့ လက်ညှိုးထိုးကာ၊ ကျွန်တော် မေးသည်။ ယဉ်မင်းပိုက်က…

"မှတ်မိတယ်။ ကျွန်မ ကားတိုက်ခံရတဲ့ နေရာ။ ကျွန်မ်, ငှားနေတဲ့ အိမ်က, ဒီ…အနောက်ဘက်ထဲမှာ"

"ဪ။ ကျွန်တော်တို့က, အဆောင်နေတယ်ထင်ပြီး အဆောင်တွေကို လိုက်မေးခဲ့ကြသေးတယ်"

"ကိုမင်းထင်တို့နဲ့ အိမ်တစ်အိမ်တည်းမှာ၊ အတူနေခဲ့မှုတာလည်း။ အခု…ပြန်သတိရတယ်"…ဟု၊ ယဉ်မင်းပိုက် ပြော၏။

"ကျွန်တော်တို့ အခုထိ အဲဒီအိမ်မှာပဲ နေကြတယ်"

ဒိုင်ယာရီ စာအုပ်ကြားထဲသို့ ဓာတ်ပုံတွေကို ပြန်ညှပ်ရင်း…

"ဓာတ်ပုံတွေကို၊ ယူသွားဦးမယ်နော်။ လိုအပ်ရင်၊ ဒယ်ဒီနဲ့ မာမ့်ကို ပြဖို့"

ကျွန်တော် ခေါင်းညိတ်သည်။

"သကြံန်လည်ခဲ့ကြတာလည်း၊ ကျွန်မ မှတ်မိတယ်သိလား"





ပြုံးလျက် ပြောသည်။

သွားတက်ကလေးကို ဖျတ်ခနဲ ပေါ်အောင်ပြုံးလိုက်သည့်မှာ အပြည့်ပါလာလေသည်။ ဤအပြုံးမှာ ကြည်လင်သော မျက်လုံးများနှင့်မျှ ကျွန်တော်၏ ရင်ကို လာထိလေသည်။ ထိန်းသိမ်း ကွယ်ဝှက်ခြင်း များစွာတို့အနက်၊ အကြည့်မျက်လုံးကို ထိန်းသိမ်း ရသည်မှာလည်း၊ ပင်ပန်းလွန်းလှသည်။

●

ကားမှတ်တိုင်ရှိရာသို့၊ ယှဉ်တွဲလျှောက်ဖြစ်သည်။

"အိမ်က,ကားနဲ့၊ မလာဘူးလား"

"ကားမရှိတော့တာ၊ ကြာပြီ။ ကိုမင်းထင်တို့ဆီကို လာတာ၊ မြင့်မိုး ကား။ ဒယ်ဒီတို့စီးဖို့ ကားတစ်စီးလောက်တော့ ကျွန်မ, ရှာကြံပေးရဦးမယ်။ ဒယ်ဒီက, စီးပွားကျ နေတာလေ။ စိတ်ဓာတ်ပါ ကျနေတယ်။

ကျွန်မ, တစ်ရယောက်တည်း။ စီးပွားရေး လုပ်ပြချင်တယ်။ ဒယ်ဒီ့ကို။ စိတ်ချလက်ချ အငြိမ်း ကြည်ခံရင်း…လို့ ကိုမင်းထင်ကို အကူအညီ တောင်း ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်"...ဟု ကျွန်တော် ပြောသည်။ ကားမှတ်တိုင်သို့ ရောက်လာကြသည်။ ဘတ်(စ)ကား မလာသေး။

"ကားအဆင်းအတက် သတိထားနော်။ ကားလမ်းကူးရင်လည်း ဘယ်...ညာ နှစ်ဖက်ကြည့်ပြီးမှ ကူး"

စိုးရိမ်တကြီးမှာမိသည်ကို၊ ပြုံးလျက် ကြည့်ကာ၊ ခေါင်း အခါခါ ညိတ်ပြ၏။

"အိမ်အလည်မခေါ်တာ၊ နားလည်ပေးနော်"

"ကိစ္စမရှိပါဘူး"

ဘတ်(စ)ကားတစ်စီး ဝင်လာ၏။ ကားပေါ်တက်ရန် သူ့ လက်မောင်းလေးကို ကိုင်တွယ်ပေးမိသည်။ ရင်ထဲတွင် နွေးသွား၏။

●

"မင်း ပျော်နေတယ် မဟုတ်လား"...ဟု၊ ကျွန်တော့်ကို ကြည့်နေ မေးသည်။ ကျွန်တော်က...,

"ဘာကို ပျော်ရမှာလဲ"





"ဒိုင်ယာရီစာအုပ်၊ ယဉ်မင်းဆိုက်ဆီရောက်သွားပြီလေ။ မင်း ဝေဒနာတွေကို၊ တကူးတက ကြေညာစရာမလိုတော့ဘူးပေါ့။

ချစ်နေရတဲ့သူကို ချစ်တဲ့အကြောင်း သိအောင်၊ ပြောခွင့်၊ ပြခွင့်၊ ရတာ၊ ဒါ...တော်ရုံ အခွင့်အရေးမဟုတ်ဘူး။ မင်းကိုယ်စား၊ ငါတောင် စိတ်ထဲမှာ ပျော်နေတယ်"

ယုယက၊ ဘာမျှဝင်မပြောဘဲ၊ ကျွန်တော့်ကို၊ ပြုံးလျက် ကြည့်နေသည်။ ကျွန်တော်က...,

"ငါ ဒိုင်ယာရီကို၊ သူ ဖတ်ချင်လို့ တောင်းတာမှ မဟုတ်ဘဲ။ သူ့မိဘကို ပြဖို့ သက်သေခံ ပစ္စည်းအဖြစ် တောင်းတာ။

ငါ့ရင်ထဲက ကိစ္စတွေကို၊ ဒိုင်ယာရီကို ဖတ်လို့ သူ သိတယ်ဖြင့်တယ်ဆိုရင်တောင်၊ အဲဒါ ကျွဲကူးရေပါကိစ္စ။ ပျော်စရာ ကိစ္စမှ မဟုတ်တာ"

"စိတ်ထဲမှာ၊ နည်းနည်းတော့၊ ကျေနပ်သွားတယ် မဟုတ်လား"...ဟု၊ ယုယက၊ အနားတွင် ဝင်ထိုင်ရင်း၊ မေး၏။ ကျွန်တော် ငြိမ်။

●



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြည်သံကြားတိုင်း ကျွန်တော် အပြေးအလွှားကိုင်ခြင်း သည်။ အလုပ်ကိစ္စများအတွက်သာ၊ အော်မြည်သော ဖုန်း၊ ကြာသော် ဖုန်းအနားမှ ကျွန်တော် မခွာတော့။

ယုယနှင့် ကြည်နူးတို့ အခြားအလုပ်သမားများဖြင့် လုပ်ကိုင် ဆောင်ရွက်နေကြသည့် ကိစ္စများကို၊ ကျွန်တော် ဝင်မကူ။ ဖုန်းမြည် လျှင် ကိုင်၊ မေးလျှင် ဖြေဖြင့်၊ အလုပ်ဆိုင်အတွင်း ဖုန်းခေါ်ပေးသည့် အလုပ်ကိုသာ၊ လုပ်နေဖြစ်တော့၏။

ဘာမျှော်လင့်စရာမျှ မရှိသော၊ တုံ့ပြန်မှုတစ်ခုကို စောင့်ဆိုင်း နေရသကဲ့သို့ ရှိ၏။ ရင်ဖွင့်လိုက်ခြင်းမဟုတ်ဘဲ၊ ရင်ဖွင့်ပြီးသကဲ့သို့ လိုရာတွေးဆ၊ ယူဆင်မိသည်မှာ တစ်ဖက်သတ်။

အဖြစ်အပျက်များစွာ၊ အချစ်နေ့ရက်များစွာတို့၏ အတိမ်း အနက်၊ အဖိအစီးတို့အကြောင်း၊ ယဉ်မင်းပိုက် ဖတ်သိခဲ့ပြီဆိုဦး သိရုံအပြင် ထူးထူးထွေထွေ ပြောစမှတ်ပြုစရာ စကားတစ်ခွန်းမျ ပေါ်ထွက်မလာခဲ့ပါက၊ ဘာလုပ်ရမလဲ၊ ဘာလုပ်လို့ ရမှာလဲ။

မိဘနှစ်ပါးက၊ သိသည်ဆိုဦး။ သက်ရှင်းသွားသည်မှအပ စိတ်နှလုံးအတွင်းမှ စာဝါကျအချို့အတွက်၊ အငြိုငြင်ကိုသာ၊ ခံရစရာ အကြောင်းရှိသည်။ ငါ့သမီးက သန့်ရှင်းသားပဲ၊ သူ့ စိတ်နှလုံးကသာ တစ်ဖက်သတ် ကျိတ်မှိတ်ပြစ်မှားနေတာကို၊ မကောင်းတတ်လို့သာ စောင့်ရှောက်တယ် အမည်ခံတာ၊ ...စသည်ဖြင့်သော၊ အထင်အမြင်





ဆိုးတို့မှအပ၊ သာသာထိုးထိုး ပြေပြေပြစ်ပြစ် စာနာနားလည်ပေးကြ လိမ့်မည် မဟုတ်ချေ။

စိတ်ကသာ မြတ်နိုးခင်တွယ်တယ်ဆိုပေမဲ့ သူ့စည်းသူ့ကမ်း လေးနဲ့ ထိန်းထိန်းသိမ်းသိမ်း နေထိုင်ခဲ့ရှာသားပဲ...ဟု၊ ချီးမွမ်းကြလိမ့် မည်လည်း၊ မဟုတ်။

တကယ်ဆိုလျှင်၊ ဒိုင်ယာရီဆိုသော နေ့စဉ်မှတ်တမ်းမှာ၊ ကာယကံရှင်တစ်ဦးတစ်ယောက်အား၊ ရည်ရွယ်တမ်းတ၍ ရေးသား ထားသော ရင်ဖွင့်လွှာမဟုတ်။

သက်ဆိုင်ရာ တစ်ဦးတစ်ယောက်နှင့်ပတ်သက်၍ ဖြစ်ပေါ် ပေါက်ပွားခံစားရသည့်၊ အကြောင်းအရာ၊ ရင်ဝေဒနာကို၊ ပေါ့ပါး စေရုံမျှ ရေးချခဲ့သော စာဝါကျများလည်း၊ ပါဝင်နိုင်၏။

အခြားသောသူ...အခြားသော နေ့ရက်တို့၏ အဖြစ်အပျက် လည်း ပါရှိနိုင်၏။ ဆိုလိုသည်မှာ... ယဉ်မင်းပိုက် သိစေလို၍ ကျွန်တော် ဒိုင်ယာရီရေးခဲ့ခြင်း မဟုတ်ပေ။

သို့သော်...

ရေးခဲ့မိသမျှ ဒိုင်ယာရီစာမျက်နှာတိုင်းတွင်မူ၊ သူ့အကြောင်း တွေသာ၊ များပြားနေပြန်သည်။ သူနှင့်တွေ့လျှင်တော့၊ ဒီစာမျက်နှာ တွေကို ပေးဖတ်ဦးမှပဲ...ဟု၊ မရည်ရွယ်၊ သူသိသိ၊ မသိသိ၊ ငုံထဲ ရှိသမျှ ရေးမှတ်ခဲ့ခြင်းတွင်၊ ဘာမျှော်လင့်ခြင်းမျှမရှိ။ စာမျက်နှာများ



www.burmeseclassic.com

www.burmeseclassic.com



အထက်သို့၊ ရင်ဖွင့်ချရုံသက်သက်မျှသာ။

ယခုကဲ့သို့၊ အကြောင်းတိုက်ဆိုင်သဖြင့်၊ ပေးဖတ်ရသည့်အခါ၊ ပျော်ချင်သလိုလိုတော့ ဖြစ်မိသည်။ သို့သော်...ပျော်စရာရာမတွေ့။ သူ့ကိစ္စနှင့်...သူ၊ သူ့အကြောင်းနှင့်...သူ ဖတ်ရှုလေမည့်အပေါ်၊ ကျွန်တော် ဘယ်နေရာကို၊ ဘယ်လိုတွေး၍ ပျော်ရမည်ဟုမသိ။

ရည်းစားစာပေးပြီး ပြန်စာမျှော်ရသူလောက်မှုပင်၊ ကျွန်တော့်မှာ ရင်ခုန်မျှော်လင့်စရာမရှိချေ။

ဒိုင်ယာရီကို၊ ယဉ်မင်းပိုက် ဖတ်ပြီးသည့်အခါ၊ ဖတ်မိသည့်အခါ၊ သူ...သိသွားပြီဆိုသည်နှင့်၊ ထိုသိရှိသွားသည့်အပေါ်၊ ချော်လဲရောထိုင်လုပ်ကာ၊ တုံ့ပြန်ချစ်စကားကြားလိုကြောင်း၊ မေးမြန်းရမလိုလိုသို့မဟုတ်၊ သူကိုယ်တိုင်က အပြစ်ဖို့အထင်သေးရှုံ့ချလေပြီဆိုလျှင်လည်း၊ တောင်းပန်တိုးလျှိုးစကား၊ ပြောကြားရမလိုလို။

ဒိုင်ယာရီစာအုပ်ထူထူတစ်အုပ်၏ ဟိုလိုလို ဒီလိုလိုအခြေအနေသည် ဆယ်ကျော်သက်ငယ်တစ်ယောက်၏ လက်တစ်ဆုံစာ မေတ္တာစာတစ်စောင်လောက်မျှ မျှော်လင့်စရာမကောင်းလှချေ။

ဒါတောင်၊ ယဉ်မင်းပိုက်ကိုယ်တိုင်နှင့် သူ့မိဘတို့ ရင်ဆိုင်နေကြရမည့် အခြားလူမှုရေးကိစ္စတွေသည်၊ ဤဒိုင်ယာရီ၏ ဖန်တီးမှု၊ ကျွန်တော့်ကြောင့် ကမောက်ကမ,တွေ ဖြစ်ခဲ့တာပဲ...ဟု၊ တွေးများ





တွေးလိုက်ကြလျှင်၊ ချစ်ခြင်းမေတ္တာ၏ စေတမန် ဒိုင်ယာရီသည်၊ အမုန်းငလျင်လှိုင်းတို့ကို ဖန်တီးသည့် စိတ်ဖြစ်ပွားရာ အခြေခံအကြောင်းအရင်းများပမာ၊ ပြင်းထန်စွာ လောင်မြိုက်နိုင်ပေသေးသည်။

ပျော်ချင်လျှင်၊ ပျော်ခွင့်ရှိသည်မှာ တစ်ခုတည်း။ ရင်ထဲကိုချစ်သောသူ မြင်သွားနိုင်ပြီပဲ...ဟူသည့် စိတ်ဖြေစရာ၊ အကြောင်းအရာလေးကို တွေးရင်း၊ တချို့များ ထိုကဲ့သို့ ရင်ဖွင့်ခွင့်မျှ မရကြပါတကားဟု၊ နှလုံးသွင်းကာ၊ ပျော်ချင်ပါက ပျော်နိုင်ပေမည်။ ပျော်နိုင်ခွင့်မှာ၊ ထို...တစ်ခုတည်း။

အပျော်ဟူသည်များကို၊ မနက်ဖြန်များစွာက ဖုံးလွှမ်းဖိပိတ်ထားသည်မှာ၊ ကာလ,တောင်တာ ကြာလွန်းပြီ။

●●●



www.burmeseclassic.com

www.burmeseclassic.com

(၂၈)

"ဟလို"…ဟူသော အသံပေးပြီးလျှင်ပြီးချင်း "ကိုမင်းထင်လား"…ဟူသည့် ယဉ်မင်းဝိုက်၏ မေးမြန်းသံကို ကြားရ၏။

နှစ်ဦးနှစ်ဖက်အကြား၊ မည်သည့်အခြေအနေ ထူးခြားမှုမျှမရှိဘဲ၊ ဖုန်းဆက်သည်ဆိုလျှင်ပင်၊ သူ့အသံ၊ သူ့စကား ကြားရသည့်ကာလငယ်အတွင်း၊ တဒင်္ဂမျှ ကျွန်တော် ငြိမ်းချမ်းရသည်။

"ဟုတ်ကဲ့၊ မင်းထင်ပါ"

"ဒိုင်ယာရီစာအုပ်ရော၊ ဓာတ်ပုံတွေရော ကျွန်မ၊ လာပေးချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘယ်မှာ လာယူရမလဲ"

စဉ်းစားနေချိန်ဖြစ်သည်။ ခေတ္တမျှ အသံမကြားရ။ ပြီးနောက်...,

"ထမင်းဘူးချင်း လဲကြသလိုမျိုး။ ဟိုတက်ပလက်ဖောင်းပေါ်မှာ၊ ရပ်စောင့်ပေးလို့ ရနိုင်မလား"

လွမ်းမောတမ်းတ,သွားစေသည့် အစီအစဉ်။

"ရပါတယ်၊ ကျွန်တော် စောင့်နေပါ့မယ်"

"ကြော်။ ဓာတ်ပုံတွေထဲက၊ သုံးယောက်ရိုက်ထားတဲ့ ပုံတစ်ပုံ၊ ကျွန်မ,ကို လက်ဆောင်ပေးနော်"

"ပေးမယ်။ ယူထားလိုက်လေ"

"ယူမထားဘူး။ လူချင်းတွေ့မှ ကိုမင်းထင်လက်မှတ်ထိုးပေးဦးပေါ့"

စိတ်ကူးဖြင့် ချက်ချင်း လက်မှတ်ထိုးကြည့်မိသည်။ သာယာချမ်းမြေ့ပါစေ...ဟူသော စာတစ်ကြောင်းလောက် ရေးပေးဦးမည်...ဟု တွေးမိ။

"အဆင်ပြေရဲ့လား။ မယဉ်မင်းပိုက်"

"မပြောဘူး"

"မပြောဘူး။ ဟုတ်လား"





"ဟုတ်တယ်။ အဲဒီ ဒိုင်ယာရီစာအုပ်ကို၊ ကျွန်မ, သေသေချာချာဖတ်ပြီး၊ စဉ်းစားကြည့်တယ်။ ဒယ်ဒီတို့ကို၊ ပေးဖတ်လို့ မဖြစ်ဘူး"

ထောက်ကူဝင်ပြောစရာ စကားမရှိ။

နှုတ်ဆွံ့ရင်ခုန်နေရသည်။

"စာအုပ်ကို ဖတ်ပြီး။ ကျွန်မ, အကုန်လုံးကို၊ သတိရတယ် ကိုမင်းထင်။

ဖတ်ပြီး စိတ်လည်း၊ မကောင်းဘူး။ ကျွန်မ,အပေါ် မေတ္တာသက်ဝင်နေပါလျက်နဲ့၊ ထိန်းထိန်းသိမ်းသိမ်း၊ စောင့်ရှောက်ခဲ့တာ။ မျိုသိပ်ခဲ့တာတွေကို ဖတ်ရတော့၊ ကျေးဇူးလည်း အရမ်းတင်တယ်။

အမေတို့ အစ်မတို့ ဦးလေးတို့ဆီကို၊ ကျွန်မ, အရောက်သွားဦးမယ်။ ကိုမင်းထင် လိုက်ပို့ပေးနော်"

"မိဘတွေ၊ ကြည်ဖြူကြပါ့မလား"

"နားလည်အောင်ပြောပြီး၊ ခွင့်တောင်းကြည့်မယ်လေ။ မရတော့လည်း၊ လိမ်ရညာရမှာ ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်နဲ့ ရှင်းပြဖို့ပဲ၊ စိတ်ကူးတော့တယ် ကိုမင်းထင်ရေ။ ဒိုင်ယာရီစာအုပ်ကို ပေးဖတ်လိုက်လို့ က,တော့၊ ထင်တဲ့အတိုင်းပဲ...လို့၊ သုံးသပ်ကြမှာ ကျိန်းသေတယ်''

''ဒိုင်ယာရီစာအုပ်ထဲမှာ၊ စိတ်အနှောင့် အယှက်ဖြစ်စရာတွေ ပါနေရင်၊ ကျွန်တော့်ကို၊ ခွင့်လွှတ်ပါနော်။ မယဉ်မင်းပိုက်''

''ဘာကို တောင်းပန်နေတာလဲ ကိုမင်းထင်ရဲ့။ ဒါ...တောင်းပန်ရမယ့် အချိန်မဟုတ်ဘူး။

ကျွန်မနဲ့ ကိုမင်းထင်နဲ့တွေ့ပြီးစတော်ကြောင်း ပြန်ရမယ့်အချိန်။

တောင်းပန်ရင်းတောင်းပန်၊ ကျွန်မ,က တောင်းပန်ရမှာ။ ဒုက္ခပေးခဲ့တာတွေ တော်တော် များတယ်။

ကိုကြည်နုနဲ့ ကိုယုယတို့ကိုလည်း ပြော ပေးနော်။ ကျွန်မ, အားလုံးကို ကျေးဇူးတင်ပါတယ် လို့''

''ဟုတ်ကဲ့။ ကျွန်တော် ပြောပြပါ့မယ်''





''ဒိုင်ယာရီစာအုပ်ကို ဖတ်ပြီး။ ကျွန်မ, ငိုရသေးတယ်။

ကိုမင်းထင် တော်တော်ရင်ဆိုင်ခဲ့ရတာပဲ။ ကျွန်မကို ကူညီဖို့, ခက်ခက်ခဲခဲ စဉ်းစားခဲ့ကြရတာ။

ဖတ်ရင်းနဲ့၊ အားလည်းနာတယ်။ ရှက် သလိုလိုလည်း ဖြစ်တယ်။ ပြီးမှ ကိုမင်းထင်နေရာ မှာ ဝင်ပြီး တွေးကြည့်ရင်း၊ ဝမ်းနည်းတယ်။ စိတ်ထဲ မကောင်းဘူး ကိုမင်းထင်ရယ်။ အချိန်ကာလ, အားလုံးအတွက်၊ ကျွန်မ,ကို ခွင့်လွှတ်ပါ''

''ရပါတယ်''...ဟုပင်၊ ကျွန်တော် မပြောဖြစ်။ ခွန်းဟစကား များပြောင်စွာ၊ ကြားခွင့်ရသည်၊ ဤအချိန်ကာလ,ကိုသာ၊ လူ့ကမ္ဘာ၏ အစ,အဦးအချိန်ဟု၊ သတ်မှတ်လိုက်ချင်သည်။

''ညနေ၊ ခြောက်နာရီ၊ ကျွန်မ, ရောက် မယ်နော်။ ဘတ်(စ)ကားနဲ့ပဲလာမှာ။

ဒိုင်ယာရီစာအုပ်ရယ်၊ ဓာတ်ပုံတွေရယ်၊ ယူလာခဲ့မယ်။ ပြီးတော့..., ကိုမင်းထင်ကို ပေးဖို့ လက်ဆောင်ပစ္စည်းတစ်ခုလည်း၊ ယူလာခဲ့မယ်''

''ကျွန်တော် ဘာလက်ဆောင်မှ မယူချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"မယူချင်ဘူးဆိုပေမဲ့ ပေးမယ့် ပစ္စည်းကို သိရင်၊ လိုချင်မှာပါ။ ပလတ်စတစ်ထမင်းဘူးလေးကို မှတ်မိလား။ ယမင်းလို့..ရေးထားတဲ့ ထမင်းဘူးလေး လေ"

"ဟုတ်ကဲ့။ မှတ်မိတယ်"

"အဲဒီထမင်းဘူးလေးကို၊ နှစ်ယောက်ရဲ့ အမှတ်တရအဖြစ်၊ ကျွန်မ,က လက်ဆောင်ပေးမှာ။ ဘယ့်နှယ်လဲ။ ယူမှာလား"

"အင်း။ ယူမယ်"

မဆိုင်းမတွ အဖြေစကားအဆုံးတွင်၊ ရယ်မောသံကြားရသည်။ သွားတက်ကလေး ပေါ်လွင်နေမည် ထင်၏။

"ဖာတ်ပေါင်းခန်းရောက်တော့မယ်နော်။ မင်း..., အပြောအဆိုတွေ ထုံပေပေ လုပ်မနေနဲ့ တော့"



ကြည်နူးက ဝမ်းသာအားရပြောသည်။ အင်္ကျီကြယ်စေ့တွေကို တပ်ရင်း...,

"မင်းတို့နှစ်ယောက်ပါ လိုက်ခဲ့ကြပါလား"

ယုယက...,

"လက်ဖက်ရည်ဆိုင်အထိတော့ လိုက်ပေးမယ်။ ခြောက်နာရီထိုးဖို့ ငါးမိနစ်လောက်ရောက်ရင်၊ မင်းဘာသာ စောင့်ရမယ့်နေရာကို တစ်ယောက်တည်း သွားစောင့်လေ။

ပြီးတော့..., မင်းသွားချင်ရာသွား။ မင်း ပြန်မလာမချင်း၊ ငါတို့ လက်ဖက်ရည်ဆိုင်က,ပဲ စောင့်မယ်"

"ငါ ဘယ်သွားရင်၊ ကောင်းမလဲ"

"နှစ်ယောက်၊ အေးအေးဆေးဆေးစကား ပြောလို့ သင့်လျော်မယ့် နေရာကို သွားပေါ့။

အအေးဆိုင်တို့ ကော်ဖီဆိုင်တို့ သွားပေါ့။ နေဦး။ မေးရဦးမယ်။

မင်း..., ယဉ်မင်းပိုက်ကို ဘာပြောမှာလဲ"

"ငါ့စိတ်ထဲရှိတာ၊ အကုန်ပြောမှာပေါ့"

ယုယက၊ ပြုံးလျက်...

www.burmeseclassic.com



"မြင့်မိုးရဲ့ ထင်မြင်ချက်။ သူ့မိဘရဲ့ ထင်မြင်ချက်တွေကို၊ ထည့်မတွက်တော့ဘူးပေါ့။ ဟုတ်လား"

"အဖိက,က၊ တစ်ခုပဲ ရှိရမယ်ဆို။ မင်းကို ပြောထားပြီးတော့"

ယုယ၊ တဟားဟား ရယ်လေ၏။

ကျွန်တော်ပါ၊ ရယ်မောတတ်လာသည်။ ကြည်နူးက...,

"မင်းကို၊ ယဉ်မင်းပိုက် ပြန်ချစ်လိမ့်မယ်လို့ ထင်လား"

"မျှော်လင့်ရတာပဲ"

"ချစ်သလားလို့ မင်းပါးစပ်က၊ မေးဖို့တော့ လိုမယ်နော်"

"လိုတာပေါ့။ မေးမှာပေါ့"

"ဟာ။ နှုတ်တွေ လျှာတွေ သွက်နေပါလားဟေ့"...ဟု၊ ကြည်နူး ပြောသည်။ ကျွန်တော်က...,

"နှုတ်,လျှာ သွက်လာရုံတွင် မဟုတ်ဘူး။ စိတ်ပါ,လန်းဆန်းသွက်လက်လာတာ"

"မင်းကို ပြန်မချစ်နိုင်ပါဘူး ဆိုရင်ကော"

ယုယ၏ ပြုံးစစဖြင့် မေးသော အမေးစကား။





"ဘာကြောင့် မချစ်နိုင်တာလဲ။ ချစ်လာအောင်၊ ဘာလုပ်ရမလဲ မေးမှာပေါ့။

နေ့ရှိသရွေ့ ခံစားလာရတဲ့ စိတ်သောက,တွေကို၊ တစ်နေ့စာချင်း...တစ်နာရီစာချင်း ရှင်းပြ၊ ပြောပြမှာပေါ့။ အနည်းဆုံး ကရုဏာဆုတော့၊ ရလောက်ပါတယ်"

"ထမင်းဘူးလေး လက်ဆောင်ပေးမယ့် အစီအစဉ်ကို၊ မင်း...ဘယ်လိုထင်လဲ။ ပြီးတော့..., ကားလမ်းကူးတဲ့ နေရာဟောင်းလေးမှာ၊ စောင့်နိုင်းတာကို၊ ဘယ်လိုထင်လဲ"

"ထင်မြင်ချက်တွေအားလုံး။ အကောင်းမြင်တွေ ဖြစ်နေတယ် ယုယ။

အဲဒါကြောင့်၊ အခု၊ မင်းတို့ ဘာမေးမေး။ ငါ့အဖြေကတော့၊ အားလုံးကောင်းမိသည်ပဲ ဖြစ်နေမှာကွ"

"တော်တော်ပျော်နေပုံပဲ"

ကြည်နူးက၊ အဝတ်အစားလဲရင်း။ လှမ်းပြောသည်။

"မပျော်ခဲ့တာတွေ ကြာပြီလေကွာ"

ရွှင်ပျလွှမ်းမောစွာ ကျွန်တော် ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လောက,မြင်ကွင်းများ အားလုံးကို၊ တိမ်ရောင် နေရောင်မှအစ၊ စိန်ရောင်ရွှေရောင်များ တောက်ပ,လင်းလက်နေသကဲ့သို့၊ ခံစားထင်မြင်ပစ်လိုက်သည်။ ချစ်ခြင်းဖြင့်၊ အရောင်ဆိုးသည့်အခါ၊ အရာရာသည်၊ ဝင်းပ,စိုပြေလျက်၊ စိမ်းလန်းသာယာစမြဲ...ဟု၊ မှတ်ပိုက်တွေးတောချင်ပြန်သည်။

❁❁❁

BURMESE CLASSIC



(၂၉)

ဒီနေရာလေးမှာ၊ သူ..., ကားထိုးခိုက်ခဲ့တာပါလား...ဟု၊ တွေးလျက် သတိရကာ၊ စိတ်မကောင်းဖြစ်ရပြန်သည်။

ဘတ်(စ)ကားရပ်မည့် မှတ်တိုင်တွင်သာ၊ သွားစောင့်နေချင်၏။ သို့သော်..., သူ စေလိုရာကို တသွေမတိမ်း လိုက်နာလိုစိတ်ကြောင့်၊ ရပ်စောင့်နေရာ ပလက်ဖောင်းပေါ်မှ၊ ခြေတစ်ရွေ့စာမျှမရွှေ့ဟု၊ ဆုံးဖြတ်ပစ်လိုက်၏။

ယုယနှင့် ကြည်နူးတို့ လက်ဖက်ရည်ဆိုင်တွင် စောင့်ဆိုင်းကျန်ရစ်ခဲ့ကြ၏။ နောက်ပြောင်ရွှင်မြူးပြီးနောက်၊ မျှော်စောင့်ရန် နေရာသို့၊ ပေါ့ပါးသွက်လက်သည့် ခြေလှမ်းတို့ဖြင့်၊ လှမ်းထွက်ခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

လေးလံထွေပြားခဲ့သော စိတ်အဖိအစီးတို့အကြောင်းကို ပြန်တွေးကြည့်လျှင်ပင်၊ လွင့်ပြယ်ကွယ်ပျောက်နေပေပြီ။ ဒေါ်သ, ဖြစ်စရာ သောက,ဖြစ်စရာတွေ့...ဟု၊ ပြန်တွေးကြည့်သည့်တိုင်၊ ထို ဒေါ်သ, ထိုကာလ,တို့သည်၊ စိတ်ရင်ပြင် ရေသွားလျှောက်မှ၊ စီးကျ ကွယ်ပျောက်ကုန်ပေပြီ။

ပစ္စုပ္ပန်ကို တည့်တည့်ရှု...ဟု၊ ဆိုလျှင်ပင်၊ ယခုပစ္စုပ္ပန်ကိုသာ တည့်တည့်ရှုချင်၏။ အဘယ်ကြောင့်ဆိုသော်..., ယခုပစ္စုပ္ပန်သည်၊ အင်မတန် လှပ,နေသည့် ညနေခင်းလေးကို နောက်ခံပြုတည်ဖွဲ့ထား သော၊ သာယာသော အေးချမ်းစွယ်, လောကသက်ဝင် ပန်းချီကား။

BURMESE CLASSIC

◉

သူ့ကို မြင်လျှင်မြင်ချင်း ပလက်ဖောင်းထက်မှ၊ ကျွန်တော် ခြေတစ်လှမ်းဆင်းလိုက်သည်။ ကားအသွားအလာ မရှင်းသဖြင့် ပလက်ဖောင်းပေါ်သို့၊ ပြန်တက်လိုက်၏။

အရှိန်ပြင်းစွာ မောင်းနှင်သွားကြသည့် ကားတချို့ကြောင့် လမ်းဖြတ်မကူးတော့ဘဲ၊ ရှိုးရှူလှုပ်ခတ်နေသော စိတ်တို့ဖြင့်၊ ဒီဘက် ပလက်ဖောင်းမှာသာ၊ ကိုယ်ခန္ဓာကို တင်းတောင့်ရပ်စောင့်နေဖြစ်၏။





သူ...ကားလမ်းကူးလာပေတော့မည်။ ဟိုဘက်ကားလမ်းမှ ဒီဘက်ပလက်ဖောင်းသို့၊ သူ...လှမ်းအကြည့်တွင်မှ၊ ကျွန်တော့်ကို မြင်တွေ့သွားသည်။

ကျွန်တော့်ကို မြင်လျှင်မြင်ချင်း၊ သူ...ပြုံးနေ၏။ လက်ထဲမှ ထမင်းဘူးလေးကိုလည်းကောင်း၊ ဒိုင်ယာရီစာအုပ်လေးကိုလည်း ကောင်း၊ ကျွန်တော် မြင်နေရသည်။ ပြုံးနေစဉ်၌ ပေါ်လွင်သော သွားတက်ကလေးက၊ ရင်အမြင်တစ်ခွင်လုံး၊ အေးမြထွန်းပ,သွားစေ သည်။

ယာဉ်ကြောသည် နှစ်လမ်းသွား။ ဟိုဘက်ယာဉ်ကြောကို သူ ဖြတ်ကူးခဲ့ပေပြီ၊ သူ ရပ်နေရာသို့ ကျွန်တော် ကူးသွားမည်အပြု။

"ကိုမင်း...ကိုမင်း...ကား။ ကား"

စိုးရိမ်တကြီးဖြင့်၊ ကျွန်တော့်ထံသို့ အော်ဟစ်ရင်း သူ... ပြေးလာသည်။

"ဒုန်း။ အုန်း။ ဝုန်း။ ...ကျွီ"

ကမ္ဘာပျက်သံ။

ဒိုင်ယာရီစာအုပ်လေး လေထဲသို့ လွင့်ပျံသွား၏။ စာတ်ပုံ တွေ ပြန့်ကျဲသွားသည်။ ထမင်းဘူးလေးသည်၊ ကားလမ်းမ တစ်လျှောက် လျှောတိုက်လွင့်ကျသွား၏။ သူ့ကိုယ်ခန္ဓာသည် တိုက်မိ သော ကား၏ အောက်တည့်တည့် သွေးပွက်များထဲတွင်၊ ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။ ပြာဝေသော မျက်လုံးများဖြင့်၊ သူ့ဆီသို့ ကျွန်တော် အပြေးသွားသည်။

"ဟာ...။ သေပြီ..., သေပြီ"

"ပွဲချင်းပြီးပဲ"

"ကားက,လည်း မိုက်ရိုင်းတယ်ကွာ"

အသံပေါင်းစုံ၊ လူပေါင်းစုံတို့ အုန်းအုန်းကျွက်ကျွက် ဖြစ်သွားကြသည်။ သူသည် ကျွန်တော့်လက်မောင်းပေါ်တွင်၊ မျက်ဝန်းပိတ်, တိတ်ဆိတ်လျက်။ ကျွန်တော့်လက်မောင်းပေါ်တွင်၊ သူ့ခန္ဓာကိုယ်မှ သွေးစက်သွေးပွက်တွေ...။

"ယဥ်မင်းပိုက်။ မယဥ်မင်းပိုက်"

"မင်းထင်။ မခေါ်နဲ့တော့။ ဆုံးနေပြီ"

ယုယာ၏ အသံ။ သည်းခြေပျက်မှု။

ပြင်းထန်စွာ ခံစားရချေပြီ။ ကျွန်တော် မျက်ရည်တွေ စီးကျလာ၏။ အသားတွေ တဆတ်ဆတ်တုန်နေသည်။

"ညီလေးနဲ့ ဘာတော်လဲ"

"ကျွန်တော့် ညီမ"...ဟု၊ ကျွန်တော် မဖြေလိုတော့။

"ကျွန်တော့်..., ကျွန်တော့် ချစ်သူပါ"

မော့မကြည့်ဘဲ၊ ငိုရှိုက်ရင်း။ ကျွန်တော် ဖြေလိုက်၏။

"ဆုံးသွားပြီကွ။ တော်တော်ကံဆိုးတာပဲ။





မင်း...ကားလမ်းကူးလာမှာစိုးလို့ ပြေးလာတာ။ ကိုယ်တို့ မြင်လိုက်တယ်"

သူ့၏ ရင်ခွင်ထက်၌၊ နစ်ယောက်တွဲ ဓာတ်ပုံလေးတစ်ပုံ တင်ရှိနေလေသည်။ ထမင်းဘူးလေးသည် ခပ်လှမ်းလှမ်း။ ဒိုင်ယာရီစာအုပ်သည် သွေးပွက်တို့ အထက်၌၊ ကြေကွဲစွာ နစ်ဝင်နေလေ၏။

"ယဥ်မင်းပိုက်။ ယဥ်မင်းပိုက်"

ရှုပ်ယှက်ခါလှုပ်သည့်တိုင်၊ သူ...မလှုပ်ယှက်တော့ချေ။

"ကျွန်တော့်ကို၊ တစ်ခုခုပြောသွားပါဦးဗျာ။ တစ်ခုခုပြောသွားပါ"

ကြည်နူးက, ကျွန်တော့် ပခုံးပေါ်သို့၊ လက်တင်၏။

ယခု ပစ္စုပ္ပန်သည်၊ မကြာမီက သာယာခဲ့သော ပစ္စုပ္ပန်၏ ချမ်းမြေ့မှုတို့ကို၊ ရက်စက်စွာ ပြက်ရယ်ပြုပြီး။ သာယာခြင်းတို့ကို နှင်ထုတ်လိုက်လေပြီ။

●

ချစ်သော ယဥ်မင်းပိုက်၏ ဈာပနသို့၊ ကျွန်တော် လိုက်ပါပို့ဆောင်ခွင့်မရ။ အလွမ်းပန်းခြင်းလေးတစ်ခြင်းမျှကိုပင်၊ ပေးဆောင်ခွင့်မရ။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းကြောင့်။ မင်းကြောင့်။ သူ့ကြောင့်"...ဟူသည့်၊ လက်ညှိုးများ...၊ မျက်လုံးများ...၊ ပြစ်တင်ရှုတ်ချသံများအကြား ကြေကွဲနာကျင်စွာ၊ ကျွန်တော် ရှိနေရပြန်သည်။

ပြစ်တင်ရန်ညှိုး လောင်စာမီးဆိုးများအကြားမှ ချစ်သူ့အပါးသို့ တစ်ဖဝါးမျှပင်၊ လှမ်းလာခွင့်မရှိတော့...။

သည်းခြေကြွေပျက်သည်နှင့်အမျှ ကိုယ့်ကိုကိုယ်ပင်၊ မထူထနိုင်တော့ချေ။ လောကဥယျာဉ်အတွင်း၊ ကြေကွဲခြင်းသာ ပွင့်ခဲ့၏။





**ဒေဝင်းလောင်းဆာ**

မီးဟုန်းဟုန်းတောက်သည့်အကြား
စိတ်တံခါးများ...မညီညို။

ကောင်းကင်ဟာ
မြေပြင်ရဲ့ ချက်ဆာကြက်မှ
ဟုတ်ပါ့မလား။

အငွေ့ပျံသွားတဲ့ တိမ်တိုက်တွေ
သူ...မျှော်မှုံလိုက်မှ
ငိုရှာတယ်။

ဒေသတစ်ခွင်လုံး
ငြိမ်းချမ်းပါရဲ့လား။
အသံညှို့နှလုံးတွေ
ကြေကွဲနေရပြီ...သခင်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စီးမိုးကြား၊တာစောင့်မှ
တိမ်းထိမ်းတွေ တစ်စုတစ်ဝေး၊
မနက်ခြင်းရှိုက်ကို
ငေးကြည့်လေလေ...
ပို...ပို...ပြီး၊ ယောင်ကျွမ်းလေးရော။

ဆွေးမြည်းကို မဆုံတားနဲ့
ထာဝရဲ့ တွေ့ဆုံခြင်းမျှ
အေးမြရော မဆုံး။

ဟွာ့ဘုတ္တိနေထိုင်လာလိုက်တာ...
အချစ်ရဲ့တွေ့မှ
ကမ္ဘာကို မြင်ရတယ်...။

❀❀❀



(၁၀)

လွှမ်းခဲ့သော ရက်သတ္တပတ်တစ်ပတ်ခန့်က၊ ဖက်စွတ်သကြိုန် မိုး ရွာသွန်းသည်။ ပိတောက်တွေ ပွင့်၏။ ဝင်းဝင်းဝါဝါ။

ချစ်သူအား ပိတောက်တစ်ခက်မျှပင် ပေးဆက်ခွင့်မရတော့ပါလား...ဟု၊ တွေးမိရင်နင့်သည်။

"ဒိုင်ယာရီ မရေးပါနဲ့တော့လားကွာ"

ယုယ၏ ဟန့်တားကာရအော။

သွေးစွန်းရောပီမြင့် ပေကျုံခန့်တည်လျက်ရှိသော၊ ဒိုင်ယာရီရဲ့ စာအုပ်ငယ်ကို၊ ဖွဖွပိတ်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ငါ သေတဲ့အထိ ရေးသွားဦးမယ်။ နောက်ဆုံးထွက်သက်အထိ၊ ရင်ထဲမှာ ရှိနေတာတွေ၊ ရေးချနေမိဦးမယ်။ သကြဲန်ကျနေပြီ၊ ယုယ။

ဒီနေ့ အတက်နေ့။

ငါ..ဘာကို သတိရနေမလဲ။ မင်း စဉ်းစားကြည့်။ ...၊ မင်း စာနာကြည့်"

စကားသံ တုန်ယင်သွားမှန်း၊ ကိုယ့်ကိုကိုယ် သိ၏။

"ငါတို့ ယဉ်မင်းပိုက်တို့ သကြဲန်လည်ခဲ့ကြတာ၊ ငါတို့လည်း အမှတ်ရနေပါတယ်ကွာ။ တွေးတိုင်း စဉ်းစားတိုင်း၊ သတိရစရာတွေချည်းပဲလေ။

ဒါပေမဲ့...၊ မင်း စိတ်သက်သာစေချင်တယ်။ မတွေးပါနဲ့တော့။ တတ်နိုင်ရင်၊ ဘာမှ မရေးပါနဲ့တော့"

ယုယ၊ ဟန့်တားနေစဉ်၊ ကျွန်တော် မျက်ရည်ကျလာသည်။

"မငိုနဲ့လေကွာ"

"မငိုချင်ပါဘူးကွာ။ ဒါပေမဲ့...၊ ငါ၊ တစ်သက်လုံး ငိုနေရတော့မယ်။ လူက၊ မငိုချင်ဘူး။ စိတ်က...။ စိတ်က...၊ ငိုချင်စရာတွေချည်းပဲ"





မျက်ရည်တွေကို ဖယ်သုတ်ပြီး၊ နံရံဘက်သို့ မျက်နှာမူလိုက်မိသည်။

အိမ်၏ အခန်းနံရံတွင်၊ ယဉ်မင်းပိုက်၏ ဓာတ်ပုံတွေကို၊ အရွယ်အစားကြီးမားစွာဖြင့်၊ မြင်သာထင်ရှားစွာ တွယ်ချိတ်ထားဖြစ်သည်။ နံရံ၏ ခန်းလုံးပြည့်။ နလုံးသား၏ ထာဝရရုပ်မြင်ကားချပ်။ ကျွန်တော်နှင့်သူ၊ နှစ်ယောက်အတူတွဲရိုက်ထားသည့် ဓာတ်ပုံကို၊ တမြေ့မြေ့ ငေးကြည့်တသနေမိစဉ်၊ မျက်ရည်ပူတွေ ဖွေးနဲ့တက်လာပြန်၏။ ဓာတ်ပုံထဲတွင်၊ သူ ပြုံးနေသည်။

ပြုံးနေသူ၏ သွားတက်ကလေးသည်၊ လှဲ့ဝင်းလျက် ရှိနေသေးသည်။ အလှရတနာတစ်ပါးကို၊ နှုတ်ခမ်းဖြင့် ငုံကာ၊ ပေးဆက်နှင်းအပ်နေသည်...ဟု၊ ထင်ရ၏။ သို့သော်...၊ ထိုနှင်းအပ်ရာသည်၊ သက်မဲ့လက်ဆောင်။

ချစ်ခြင်းတရားသည်၊ သက်မဲ့နံရံပုံကားချပ်အတွင်း၌ပင်၊ သက်ရှိပမာ လှုပ်နေဆဲ ရှိတတ်၏။

ပြန်မလာတော့သူကို၊ သံသရာအတူလှမ်းချင်ပါလျက်၊ ကံကြမ္မာသည်၊ တွယ်ဆက်ခွင့်မပေး။ ဆုံစည်းခွင့်မမှု။

ဝေးခဲ့ပြီးသည့်တိုင်၊ မနေ့ကမှ လမ်းခွဲကျန်ရစ်ခဲ့ရခြင်းဟုပင်၊ ထင်မြင်နေရသည်။ ခံစားနေရသည်။ ကြေမှုက်ကွဲအက်နေရသည်။

အသည်းနှလုံး၏ ဥယျာဉ်တော်အတွင်း၊ အရောက်သည်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကပ်ကောသုံ့နေသကဲ့သို့

နွေသည်...,

ဝိတောက်တို့ကို ပြင်းရှုခြွေချနေလေ၏။ ချစ်သောသူအား ရင်တွင်းစကား တစ်ခွန်းမျှကိုပင်၊ ပြောပြနိုင်ခွင့်မရခဲ့။

ကန္တာရပမာ၊ ပူလောင်စွာ ခံစားနာကျင်ရချေသည်။ အသက် ခံရှာတည်နေသေးသရွေ့၊ နှလုံးသားသည် အစဉ်စီးဆင်းနေသော မျက်ရည်မြစ်အတွင်း ခြောက်သွေ့စွာ မျောလွင့်နေပေမည်။ မျှော်လင့်ချက် ကင်းမဲ့ရာအရပ်သည် တစပြင်ပမာ... ...။ မီးသင့်လောင်ကျွမ်းခဲ့ ရသော၊ သစ်ငုတ်တိုပမာ...။



**နေဝင်ပြီးနှိုး**

ကျွန်ုပ်တို့သင်္ကြံသချင်း

အတူတူ...

ခြွေကာမှ

လွတ်လွတ်လပ်လပ် ယူလှုပ်ခွင်

ရှိသေးတာပါ။

လူသား(တို့)ဓမ္မာ

အသည်းနှလုံး

တစ်စစ,စိ၊ ယှင်ပျက်

အချစ်ကြောင့်၊ လောင်ကျွမ်း။

ကျွမ်းသေရှာတဲ့

မိန့်တုန်တွေ...... ......။





www.burmeseclassic.com

www.burmeseclassic.com



အနမ်းတစ်ပွင့်တောင်
မပွင့်ခဲ့ပါလား
အို…
အချင်းဆာတံ…။ ။

❁❁❁

လေးစားခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းခြံ)
2005 April 16, 11:35 (P.M)
[၁၃၆၇–ခု၊ တန်ခူးလဆန်း (၈)ရက်
သင်္ကြန်အတက်နေ့]



www.burmeseclassic.com